# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကိုဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၃၁၇)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံသားအလုပ်သမားများ အခွင့်အလမ်းများ ကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၉)ကြိမ်မြောက် မြန်မာ- ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့်နှစ် (၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဘက်စုံကဏ္ဍစုံပူးပေါင်း**

တွေ့ဆုံစဉ် မြန်မာ- ထိုင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှု- ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်းများ ကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တစ်လျှောက်ရှိ ပြည်နယ်များအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကို အထောက်အကူပြုရေးအတွက် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးစသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## အီဒုလ်အဿွဟာ (ကုရ်ဘာနီအီး'ဒ်)နေ့ကို အလုပ်ပိတ်ရက်အဖြစ် ကြေညာ

**နေပြည်တော် ဩဂုတ် ၁၄**

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်) ဗုဒ္ဓဟူးနေ့သည် အီဒုလ်အဿွဟာ (ကုရ်ဘာနီအီး'ဒ်) နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာထားသည်။ **သတင်းစဉ်**

## ရေဝတီမြစ်ရေ ဇလွန်မြို့တွင် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ညနေ ၆ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ **မြန်မာ့အလင်း**


KBZ BANK

STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ငါးနှစ်သက်တမ်းရှိသည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဤတရားစီရင်ရေး မဟာဗျူဟာ၏ ရည်မှန်းချက်သည် ပြည်သူတို့ လက်ခံယုံကြည်အားကိုးနိုင်သည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်စေရန် ဖြစ်ပါသည်။

ဤတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) သည် နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာ ဒုတိယမဟာဗျူဟာဖြစ်ပြီး သုံးနှစ်သက်တမ်းရှိသည့် တရားစီရင်ရေးဆိုင်ရာ ပထမမဟာဗျူဟာ၏ အောင်မြင်မှုများအပေါ် အခြေခံလျက် အဆိုပါဒုတိယမဟာဗျူဟာကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ဤတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းကို ရေးဆွဲရာ၌ တရားစီရင်ရေးနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများနှင့် ကျွမ်းကျင်ပညာရှင်တို့၏ အကြံဉာဏ်အဆိုပြုချက်များအပေါ် အခြေခံသကဲ့သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ချုပ်တို့၏ အဆိုပြုတင်ပြချက်များ အပေါ်၌လည်း အခြေခံခဲ့ပါသည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၁၈-၂၀၂၂) ၏ ရည်မှန်းချက်သည် အထက်၌တင်ပြထားသကဲ့သို့ ပြည်သူတို့ လက်ခံယုံကြည်အားကိုးနိုင်သည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးဖြစ်သည်နှင့်အညီ တရားရုံးများနှင့် တရားစီရင်ရေးစနစ်အပေါ် ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကို မြှင့်တင်ရန် ဖြစ်ပါသည်။ ဤမဟာဗျူဟာ၏ လုပ်ငန်းနယ်ပယ်များသတ်မှတ်ရာ၌ ပြည်သူလူထု၏တရားရုံးများအပေါ် အားကိုးအားထားပြုနိုင်မှု၊ ပြည်သူလူထု၏ အသိပညာမြှင့်တင်ရေး၊ တရားရုံးတို့၏ သီးခြားလွတ်လပ်ပိုင်ခွင့်နှင့် အုပ်ချုပ်ရေးစွမ်းဆောင်ရည်၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ တရားစီရင်ရေးကဏ္ဍ၏ ယုံကြည်အားကိုးနိုင်မှုအပါအဝင် တရားစီရင်မှု ထိရောက်ထက်မြက်ရေးတို့အား နယ်ပယ်များအဖြစ် သတ်မှတ်ထားပါသည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို စတင်ကျင့်သုံးသည့် ၂၀၁၈ ခုနှစ်၌ ဖြည့်ဆည်းပေးရမည့် ရည်မှန်းချက်ပန်းတိုင်တို့ကို အချိန်ဇယားသတ်မှတ်ချက်နှင့်အတူ တိတိကျကျ သတ်မှတ်ထားပါသည်။ အဆိုပါရည်မှန်းချက် ပန်းတိုင်တို့အနက် တရားရင်ဆိုင်ကြရသည့် ပြည်သူလူထု၏ တရားရုံးစွမ်းဆောင်ရည်အပေါ် ကျေနပ်အားရမှုအနိမ့်ဆုံး (၈၀) ရာခိုင်နှုန်းရရှိရေးနှင့် ပြက္ခဒိန်နှစ်အလိုက် အမှုများ ရာနှုန်းပြည့်စီရင်ဆုံးဖြတ်နိုင်ရေးတို့ ပါဝင်ပါသည်။ တရားရုံးတို့၏ စွမ်းဆောင်ရည်ကို ဆုံးဖြတ်ရာ၌လည်း တရားရင်ဆိုင်ကြရသည့် ပြည်သူတို့အား မေးမြန်းကောက်ခံထားသည့် လူထုစစ်တမ်းများနှင့် တရားစီရင်မှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တို့အပေါ် မူတည်ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှ စတင်အကောင်အထည်ဖော်ခဲ့သည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂)သည် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။




သန်လျင်မြို့ အထက (၁) မှ ထူးချွန်ကျောင်းသား ကျောင်းသူများ စင်ကာပူနိုင်ငံတွင် တစ်ပတ်ကြာ လေ့လာရေးခရီးစဉ်သွားရောက်ပြီး ဩဂုတ် ၁၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မိဘဆရာ ကျောင်းအကျိုးဆောင်အဖွဲ့နာယကဦးတင်ဝင်းနှင့် ဥက္ကဋ္ဌ ဦးမောင်မောင်တိုး၊ ကျောင်းအုပ်ကြီး ဒေါ်ရီရီသန်းတို့ ကြိုဆိုစဉ်။　သန်းဝင်း (သန်လျင်)

## တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး သင်တန်းကျောင်းအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် World Wide Fund for Nature -WWF International မှ Director General, Mr. Marco Lambertini နှင့်အဖွဲ့အား ယမန်နေ့ နံနက်က ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ဖွင့်လှစ်မည့် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး သင်တန်းကျောင်းအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ ညီလာခံမှ ချမှတ်မည့် ရည်မှန်းချက်များအရ သဘာဝထိန်းသိမ်းရေး နယ်မြေများ စီမံအုပ်ချုပ်ရာတွင် ဒေသခံများ၏ အခွင့်အရေးများ ထည့်သွင်းရေး၊ ဒေသခံအစုအဖွဲ့များပါဝင်ရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ မြန်မာနိုင်ငံ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေသစ်ပြဋ္ဌာန်းပြီးစီးမှု၊ တရားမဝင်အမဲလိုက်မှု၊ တောရိုင်းတိရစ္ဆာန်အရှင်များ၊ အစိတ်အပိုင်းများ ကူးသန်းရောင်းဝယ်မှု အခြေအနေနှင့်ဆက်နွှယ်သည့်ဌာနများနှင့် ပူးပေါင်းထိန်းချုပ်ကာကွယ်မှု အစီအမံများ၊ သဘာဝနယ်မြေထိန်းသိမ်းရေး၊ သစ်တောပြန်လည် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များ လျော့ချရေးတို့အတွက် ရန်ပုံငွေရယူ အကောင်အထည်ဖော်နိုင်သည့် နည်းလမ်းများ၊ လမ်း၊ တံတား စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ပတ်ဝန်းကျင်၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်သည့် အစီအမံများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သိရှိရသည်။



**သတင်းစဉ်**

## တကောင်းဒေသနှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်မည်

**ပြင်ဦးလွင် ဩဂုတ် ၁၄**

ပြင်ဦးလွင်ခရိုင်အတွင်း တကောင်းဒေသသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ခွဲရုံများ တည်ဆောက်လျက်ရှိပြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းဒေသနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများသို့ စက်တင်ဘာလဆန်းပိုင်းမှစ၍ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်း နှစ်စဉ် ဓာတ်အားသုံးစွဲမှု တိုးတက်လာခြင်း၊ ဓာတ်အားဖြန့်ဖြူးပေးနေသည့်ခွဲရုံများ ဗို့အားပြည့်ဝခြင်း၊ ကျေးရွာမီးလင်းရေးများ တိုးချဲ့ခြင်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်ခြင်းတို့ကြောင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ တကောင်းဒေသသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သပိတ်ကျင်းမြို့နယ် တကောင်းဒေသသည် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း Japan International Cooperation Agency ( JICA) Phase I အစီအစဉ်ဖြင့် ဇရပ်ကွင်း ဓာတ်အားခွဲရုံမှ ကြာညှပ်သို့ ၆၆ ကေဗွီ ဇရပ်ကွင်း- ကြာညှပ် ဓာတ်အားလိုင်း ၄၂ မိုင်၊ ကြာညှပ်-တွင်းငယ် ဓာတ်အားလိုင်း ၁၀ မိုင် တည်ဆောက်ခြင်း၊

၆၆/၃၃ ကေဗွီ၊ ၁၅ အမ်ဗွီအေ၊ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကြာညှပ်၊ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ၊ တကောင်း၊ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တွင်းငယ်စသည့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ဓာတ်အားလွှတ်ပေးနိုင်ရန်အတွက် ရှေ့ပြေးလုပ်ငန်းများဖြစ်သည့် ဓာတ်အားလိုင်းစစ်ဆေးခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စမ်းသပ်စစ်ဆေးခြင်းများ စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## လူကုန်ကူးမှုတားဆီး ကာကွယ်ရေးပညာပေး

**လဟယ် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ဒေသ/မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ် တိုက်ဖျက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ထင်သာမြင်သာပြုပြင်စရာ

## ပန်းတောင်းမြို့နယ် ကျားကိုက်ကျေးရွာရှိ ပြိုကျပျက်စီးနေသောကားလမ်း ပြုပြင်ပေးစေလို

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သူရဲတန်းကျေးရွာအုပ်စု ကျားကိုက်ကျေးရွာရှိ မော်တော်ကားလမ်းမှာ ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ချောင်းကမ်းပါးပြိုကျကာ ကျေးရွာချင်းဆက် မော်တော်ကားလမ်း ပါရှိသွားသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲနေသောကြောင့် အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးနိုင်ရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျားကိုက်ကျေးရွာသည် သူရဲတန်းချောင်းဘေး ကျေးရွာတစ်ရွာဖြစ်ပြီး သူရဲတန်းကျေးရွာမှ ပြည်၊ ပန်းတောင်း၊ ဥသျှစ်ပင်မြို့များသို့ နေ့စဉ်အချိန်မှန်ပြေးဆွဲနေသော ခရီးသည်တင်၊ကုန်တင်၊လူနာတင်ယာဉ်များ ဖြတ်သန်းရာလမ်းဖြစ်ပြီး နှစ်စဉ် ချောင်းကမ်းပါးပြိုကျလာသည်မှာ ဩဂုတ် ၁၃ ရက်အထိ လမ်းအကျယ် ငါးပေသာ ကျန်ရှိပြီး ခရီးသွားများအတွက် အန္တရာယ်ရှိနေသည်။

“ကျွန်တော်တို့ ဒီလမ်းအမြန်ဆုံးပြုပြင်နိုင်ဖို့အတွက် ကော်မတီဖွဲ့ပြီး ဆောင်ရွက်ခဲ့တာ သုံးနှစ်လောက်ရှိပါပြီ။ မနှစ်ကလည်း လမ်းအကျယ် ၁၀ ပေခန့်သာရှိတော့ ရေကာတာတွေရိုက်ပြီး ပြင်ထားခဲ့တာ။ ဒါပေမယ့် ပဲကြီးကျေးရွာအုပ်စုမှာ ရေအရင်းအမြစ်ဌာနက ချောင်းဖြောင့်လိုက်တော့ မိုးတွင်းမှာ ကျားကိုက်ကျေးရွာကို ရေဦးတိုက်တော့ ကမ်းပါးတအားပြိုကျတာလေ။ အခုတော့ လမ်းကလူသွားလမ်း ငါးပေလောက်ပဲကျန်ပြီး ထပ်ပြိုကျမယ့် အခြေအနေလည်း ရှိနေတယ်။ လတ်တလော သွားလာနိုင်ဖို့အတွက် အနီးက အိမ်သုံးအိမ်ခန့်က ဝင်းခြံနောက်ဆုတ်ပေးရင်တော့ ရတယ်။ ကော်မတီတွေက အိမ်ရှင်တွေနဲ့ ညှိနှိုင်းနေတာလည်း အဆင်မပြေသေးဘူး။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ မြို့နယ်တာဝန်ရှိသူတွေပါ ကွင်းဆင်းညှိနှိုင်းပေးစေချင်ပါတယ်” ဟု သူရဲတန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်ဦးက ပြောသည်။



**အောင်မြင့်(ပန်းတောင်း)**

## ဇာသပြင်ရေဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

**ဘားအံ ဩဂုတ် ၁၄** - ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်အနောက်ကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၂၀ တို့၏ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ အလှူရှင်များက လှူဒါန်းထားသော ဆန် ၂၄ ပြည်ပါ ၃၈ အိတ်၊ ဆီ တစ်လီတာဆံ့ဘူး ၃၀၀၊ ငါးသေတ္တာဘူး ၉၀၀၊ မာမား ငါးဖာ၊ အာလူး၊ ကြက်သွန်၊ ငါးသေတ္တာများပါ အိတ်ငယ်များကို ဩဂုတ် ၁၃ ရက်တွင် ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။　**နေမျိုးလွင် (ပြန်/ဆက်)**



❑ *ရှေ့ဖုံးမှ*

လုပ်ငန်းများ အခြေခံသည့် စံပြကျေးရွာများ တည်ဆောက်ရေး၊ ပြည်သူအချင်းချင်း အကြားထိတွေ့ ဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ရေလုပ်ငန်းကဏ္ဍပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာအလုပ်သမားများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် အသက်မွေးမှုပညာသင်တန်းကျောင်းများ ဖွင့်လှစ်ရေးတွင် ထိုင်းနိုင်ငံမှ အကူအညီပေးရေးကိစ္စများအပါအဝင် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြားတွင်သာမက ဒေသတွင်းနယ်ပယ်၌ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေး အတွက် နည်းလမ်းများရှာဖွေရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ်ဝီနိုင်းနှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

**လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီနှင့် အမျိုးသားလွှတ်တော်ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီတို့မှ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သဘာဝဘေးလုပ်ငန်းများတွင် အသုံးပြုရန်အထောက်အကူပြုပစ္စည်းများ ပေးအပ်

**မုံရွာ ဩဂုတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝဘေးကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝဘေးကျရောက်နိုင်မှု အများဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေကြောင်း၊ ဘေးကျရောက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ လက်ရှိရေဘေးသင့်ဒေသများအတွက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းမှု အဖွဲ့ကိုဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပတ်သက်၍ သဘာဝဘေးကြိုတင်ပြင်ဆင်ရေးအတွက် လိုအပ်ချက်များကိုလည်း အကြံပြုဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ကြိုတင်ကာကွယ်ရေးအတွက် ရေဘေးကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲဆောင်ရွက်ထားမှု၊ ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ထားမှု၊ အသက်ကယ်လှေ ၅၄ စင်းနှင့်အသက်ကယ်အင်္ကျီများကို ဖြည့်တင်းထောက်ပံ့ထားမှု၊ ခရိုင်အလိုက် သဘာဝဘေးကျရောက်ပါက အသုံးပြုနိုင်ရန် ကျပ်သိန်း ၁၀၀ စီ ခွဲဝေထောက်ပံ့ပေးထားမှုနှင့် ပြည်သူ၊ လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းတွင်းမြစ်ကမ်းဘေးရှိ မီးသတ်တပ်ဖွဲ့အဆောက်အအုံတွင်ကျင်းပသည့် သဘာဝဘေးလုပ်ငန်းများတွင် အသုံးပြုရန် မော်တော်ယာဉ်နှစ်စီး၊ မော်တော်ဆိုင်ကယ် ၁၅ စင်း၊ မော်တော်ဘုတ် နှစ်စင်း၊ စက်တပ်လှေ အစင်း ၂၀၊ အသက်ကယ်အင်္ကျီအထည် ၅၀၀၊ ရေစုပ်စက်အစုံ ၂၀၊ School Cum Shelter ခုနစ်လုံးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ပြီး ချင်းတွင်းမြစ်အတွင်း မော်တော်ဘုတ်နှင့် စက်တပ်လှေများကို စမ်းသပ်မောင်းနှင်ပြမှုကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့သို့ ရောက်ရှိကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံ၍ သဘာဝဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သော လေပြင်းတိုက်ခတ်မှုနှင့် ငလျင်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွှတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေး ဝန်ကြီးဟောင်း ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယို မယ်နာလိုသည် ယနေ့ နံနက်တွင်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမားသည် ညနေပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြသည်။

လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယို မယ်နာလို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**

သတင်းစဉ်




**အမှာစကား ပြောကြား**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၄** မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ M-Gallery Hotel ရောဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးအုန်းမောင်နှင့် ဦးကျော်တင်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Jukr Boon-Long၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာ၌ ထိုင်းနိုင်ငံသည် ချစ်ခင်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်သကဲ့သို့ ဒေသတွင်း အရေးအပါဆုံး မိတ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ကီလိုမီတာ ၂၄၁၆ မီတာ ထိစပ်နေပြီး သံတမန်ဆက်ဆံရေး စတင်တည်ထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်က စပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား အတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါကြောင်း။

**ပြဿနာများဖြေရှင်း**

နှစ် ၇၀ အကြာ သံတမန်ဆက်ဆံရေး ကာလအတွင်း မိမိတို့နှစ်နိုင်ငံသည် ပြဿနာများကို အပြန်အလှန် ချစ်ကြည်မှု၊ နားလည်မှုနှင့် လေးစားမှုများကို အခြေခံကာ ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းခဲ့ကြပါကြောင်း။

ထိုင်းနိုင်ငံသည် မိမိနေအိမ် အကျယ်ချုပ်မှလွတ်မြောက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပထမဦးဆုံး သွားရောက်ခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့အစိုးရသစ် တာဝန်ယူသည့်အချိန်တွင် ပြည်ပခရီးစဉ် တရားဝင်ခရီးအဖြစ် ရွေးချယ်ခဲ့သည့် ပထမဦးဆုံးနိုင်ငံ ဖြစ်ပါကြောင်း၊ အဆိုပါ ခရီးစဉ်နှစ်ခုစလုံးတွင် မိမိအနေဖြင့် ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများ၏ နွေးထွေးမှု၊ ကြင်နာမှုနှင့် ဧည့်ဝတ်ကျေပွန်မှုတို့ကို လက်တွေ့ခံစားခဲ့ရပါကြောင်း။

၂၀၁၆ခုနှစ် ဇွန်လအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် မိမိ၏ တရားဝင်ခရီးစဉ်အတွင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာရွတ်ချန်အိုချာနှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့သည်ဟု ခံစားရမိပါကြောင်း။

**နားလည်မှုနှင့် ယုံကြည်မှု ခိုင်မာလာ**

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည်ဟူသည့် အချက်သည် အမှန်တကယ်ပင် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရအကြား ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကြောင့် ရှိရင်းစွဲနားလည်မှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာလာစေပါကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုကျယ်ပြန့်**

ထိုင်းနိုင်ငံသည် သန်းချီသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အလုပ်အကိုင်အခွင့်အလမ်းနှင့် အတွေ့အကြုံများကို ပေးအပ်နေပါကြောင်း၊ အပြန်အလှန်အားဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် လုံခြုံရေး၊ စီးပွားရေးနှင့် နှစ်နိုင်ငံအကျိုးရှိသော လုပ်ငန်းဆောင်ရွက်မှုများကို အတူတကွ ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရ၏



ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်း မြန်မာ-ထိုင်း နှစ်နိုင်ငံ အကြား သံတမန် ဆက်သွယ်မှု ထူထောင်သည့် နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

နားလည်မှုနှင့် ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုခိုင်မာ ကျယ်ပြန့်လာမည်ဟု မိမိတို့ယုံကြည်ပါကြောင်း။

**စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီ**

မိမိတို့အနေဖြင့်လည်း လိုအပ်သည့်အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး ကူညီရန် အမြဲအဆင်သင့်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံရှိ ရေဘေးဒုက္ခသည်များ၏ အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ နည်းပညာရှင်များနှင့် လိုအပ်သည့် အကူအညီများကို ပံ့ပိုးကူညီခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရေဘေးအတွက် ထိုင်းနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ဘတ်သုံးသန်း လှူဒါန်းခဲ့သည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ပြီးခဲ့သည့် လအတွင်းက ထိုင်းနိုင်ငံတွင် ကျောင်းသား ၁၃ ယောက်အား ဂူအတွင်းမှ ကယ်ဆယ်သည့် လုပ်ငန်းများတွင် စိတ်ရင်းစေတနာအမှန်ဖြင့် ကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ကူညီပံ့ပိုးမှုအပေါ် ကျေးဇူးတင်**

ထိုကဲ့သို့ နားလည်မှုနှင့် စေတနာအရင်းခံများသည် မိမိတို့၏ အိမ်နီးနားချင်းပီသသည့် ဆက်ဆံရေးအတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ထိုင်းနိုင်ငံ၏ အမြဲတစေ ကူညီပံ့ပိုးမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

အာဆီယံဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းတွင်ပါ ခိုင်မာသည့် မိတ်ဖက်ဆက်ဆံရေးကို မိမိတို့ နှစ်နိုင်ငံ ထူထောင်ခဲ့ကြပါကြောင်း၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ အပြုသဘောဆောင်သည့် ဆက်ဆံရေးကြောင့် ဒေသတွင်း တိုးတက်မှုနှင့် တည်ငြိမ်မှုကို ဖြစ်စေခဲ့ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆက်ဆံရေး အလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်ရင်းဖြင့် ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် အကောင်းဆုံး နည်းလမ်းများကို ရှာဖွေနေပါကြောင်း ပြောကြားသည်။

**မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်**

ဆက်လက်၍ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုသည် နှစ် ၇၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများအဖြစ်သာမက အိမ်နီးချင်းနိုင်ငံအဖြစ်လည်း တည်ရှိနေပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေးကို ဆွေးနွေးခဲ့ပါကြောင်း၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုတို့ကို

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းတို့ မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင် (၉)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော်   ဩဂုတ်   ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ (၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းတို့မှ ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးအား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုကို ငါးနှစ်အတွင်း နှစ်ဆတိုးမြှင့်ရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာနိုင်ငံသား အလုပ်သမားများ အခွင့်အလမ်းကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား ပေါင်းစည်းဆက်သွယ်မှု မြှင့်တင်ရေးအတွက် ဒုတိယမြောက် ချစ်ကြည်ရေးတံတား ဆောလျင်စွာ ဖွင့်လှစ်ရေး၊ နယ်စပ်ဒေသတစ်လျှောက်ရှိ ပြည်နယ်များအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကို အထောက်အကူပြုစေရေးအတွက် စံပြကျေးရွာများ တည်ဆောက်ရေး၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးကိစ္စများအပါအဝင် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံအကြားတွင်သာမက ဒေသတွင်းနယ်ပယ်၌ပါ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးအတွက် နည်းလမ်းများရှာဖွေရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ (၉)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။

အစည်းအဝေးအပြီးတွင် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အကြား လေကြောင်းသဘောတူညီချက်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းတို့ကလည်းကောင်း၊ မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အကြား ရခိုင်ပြည်နယ် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှုစာချွန်လွှာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မော်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် မစ္စ ဆူဖတ်ထရာဆရီမိုင်း သရီဖိထက်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းတို့သည် (၉) ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပခဲ့ခြင်းကိစ္စနှင့် ပတ်သက်၍ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲအပြီးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီခွဲတွင် အမ်ဂယ်လာရီ (ဆိုဖီတယ်လ်)ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**

# မြန်မာ-ထိုင်း သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့်အထိမ်းအမှတ် ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာ-ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် ထိုင်းနိုင်ငံ ပြည်သူများက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ပျဉ်းမနားမြို့အခြေခံပညာမူလတန်းကျောင်း(သပြေလှ)ရှိ အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (သပြေလှ) ကျောင်းအုပ်ဆရာမကြီး ဒေါ်စံပယ်ခိုင်က မူလတန်းကျောင်း၏ သမိုင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းက နှစ်ထပ် ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ထိုင်းနိုင်ငံခြားရေးဝန်ကြီးအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မျက်နှာစာ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ယင်းနောက် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ကျောင်းအုပ်ဆရာမကြီးအား ကျောင်းဆောင်သစ်နှင့် အားကစားကွင်းဆိုင်ရာ အထောက်အထားများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်နှင့် အားကစားကွင်းများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၁၀ နှင့် အနံ ပေ ၃၀ ရှိ အုတ်ညှပ်နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အားကစားကွင်းများမှာ ကြက်တောင်အားကစားကွင်းနှင့် ဖူဆယ်ဘောလုံးအားကစားကွင်းတို့ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







*စာမျက်နှာ ၄ မှ*

အခြေခံကာ ဆွေးနွေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ နှစ်နိုင်ငံအကြား ပြည်သူဗဟိုပြု ပူးပေါင်းဆောင်ရွက်ရေးအတွက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ အနာဂတ် နှစ်နိုင်ငံ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာအဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာ မွတ်ဝီနိုင်းတို့က မြန်မာ-ထိုင်း နှစ်နိုင်ငံ ယဉ်ကျေးမှု အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

**သတင်းစဉ်**

ဂုဏ်ပြုညစာစားပွဲတွင် ထိုင်းနိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်စဉ်။
သတင်းစဉ်

# ကုန်သွယ်မှုဖြေလျှော့ရေးနဲ့ လွယ်ကူစေရေးဆောင်ရွက်တဲ့အခါ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျလုပ်ရပါတယ်

## စီးပွားရေးစကားဝိုင်းဆွေးနွေး

ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး

**ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏ စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေး စကားဝိုင်းတစ်ခုကို ဩဂုတ်လ ၉ ရက်နေ့က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။**

**“ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး” ခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းအတွင်း ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များ သိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်။**

*(ယမန်နေ့မှ အဆက်)*

**အစီအစဉ်မှူး။** ။ ဒီနှစ်က ဝါထပ်တဲ့နှစ်ဖြစ်သလို မြန်မာနိုင်ငံအနှံ့အပြားမှာလည်း ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့ပါတယ်။ ရေကြီးမှုကြောင့် ဧက ခုနစ်သိန်း ရေလွှမ်းခဲ့ပြီး ဧက သုံးသိန်း ပျက်စီးတယ်လို့ သိရပါတယ်။ ဒီလိုထိခိုက်ပျက်စီးမှုတွေဟာ လက်ရှိဆန်ထုတ်လုပ်မှုကို ထိခိုက်စေပါသလား။ မြန်မာနိုင်ငံရဲ့ ဒီနှစ်ဆန်တင်ပို့မှု အလားအလာနဲ့ ဈေးနှုန်းအခြေအနေကိုလည်း ကိုနေလင်းဇင်က ရှင်းပြပေးစေလိုပါတယ်။

**ဦးနေလင်းဇင်။** ။ ရေကြီးနစ်မြုပ်မှုနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ပုံမှန်ဆိုရင်တော့ ဝါထပ်တဲ့နှစ်တွေဖြစ်တဲ့ အခုလိုအချိန်မျိုးမှာ ရေကြီးရေလျှံလေ့ရှိတာကြာပါပြီ။ မိုးများတဲ့နှစ်တွေမှာ မိုးဦးကျကာလ ရေနစ်မြုပ်မှုက ဖြစ်တတ်ပါတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ်တုန်းက လောက်တော့ အခုအချိန်အထိ မဆိုးရွားသေးဘူးလို့ ထင်ပါတယ်။ အဲဒီတုန်းကတိုင်းဒေသကြီးနဲ့ပြည်နယ် ၁၅ ခုမှာ ၁၃ ခုအထိ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့ပါတယ်။ ဆန်တင်ပို့မှုကိုပြောရရင် တန်ချိန် တစ်သန်းနီးပါးအထိ ကျဆင်းသွားခဲ့တဲ့နှစ်လည်း ဖြစ်ပါတယ်။

လက်ရှိ ရေကြီးရေလျှံတဲ့ကာလမှာ စိုက်ပျိုးဧက တစ်သိန်းခွဲကနေ နှစ်သိန်းကြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ဆန်အထွက်နှုန်းဆုံးရှုံးမှုက တန်ချိန် ၁ ဒသမ ၂ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ထိခိုက်မှုမှာ တန်ချိန်ကို တွက်ကြည့်ရတဲ့အခါ မနှစ်က ဆန်ထုတ်လုပ်မှုက တန်ချိန် ၁၄ သန်းရှိပါတယ်။ ဒါကြောင့် အခု ထိခိုက်ဆုံးရှုံးမှုက မနှစ်က အထွက်နှုန်းနဲ့ တွက်မယ်ဆိုရင် တစ်ရာခိုင်နှုန်းမပြည့်ပါဘူး။ လက်ရှိမှာ ရေကြီးနစ်မြုပ်မှုကြောင့်တော့ အများကြီးဆုံးရှုံးတယ်လို့ ပြောလို့တော့ သိပ်မရပါဘူး။

ရေကြီးတယ်ဆိုရင် ဆန်ဈေးက တက်လေ့တက်ထရှိပါတယ်။ ဒီနှစ်မှာတော့ ဆန်ဈေးက ရေကြီးလို့တက်တယ်ဆိုတာ သိပ်တော့မတွေ့ရပါဘူး။ ဆန်ဈေးတက်တယ် ဆိုတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းစားဆန်တွေဖြစ်တဲ့ ရွှေဘိုပေါ်ဆန်း၊ ရောဝတီပေါ်ဆန်းတို့လို အမျိုးအစားတွေက ပြီးခဲ့တဲ့တစ်လကျော်လောက်ကတည်းက အနည်းငယ်တက်နေတာပါ။ ပေါ်ကျွဲအမျိုးအစားလည်း ဈေးတက်ပါတယ်။

ညှော်မထလို့ အများခေါ်ကြတဲ့ စားဆန်ရယ်၊ တရုတ်နယ်စပ်ကနေ ကုန်သွယ်ရေးသွားတဲ့ ဆန်ရယ်၊ ပြည်ပကိုရေကြောင်းကနေတင်ပို့တဲ့ ဆန်တွေကတော့ လက်ရှိမှာ ဈေးကွက်အတွင်းမှာလည်း အရောင်းသွက်လက်မှုမရှိတဲ့အတွက် လက်ကျန်တွေ ရှိနေပါသေးတယ်။ ဒါကြောင့် ဈေးငြိမ်နေပါတယ်။ ဈေးနှုန်းမတက်ပါဘူး။ လက်ရှိအခြေအနေအရတော့ ရေကြီးမှုကြောင့် ဆန်ဈေးနှုန်းတွေ တက်တာ၊ မလုံမလောက်ဖြစ်တာမျိုး မရှိနိုင်ပါဘူး။

ဆန်တင်ပို့မှုကို ကြည့်တဲ့အခါမှာတော့ မနှစ်က အားလုံးသိကြတဲ့အတိုင်း ပြည်ပကို ဆန်တင်ပို့မှုဟာ များပြားခဲ့ပြီး တန်ချိန် ၃ ဒသမ ၆ သန်းနီးပါးအထိ တင်ပို့ခဲ့လို့ နိုင်ငံတော်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံလောက် ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ဒီနှစ်ကတော့ အမေရိကန် ဒေါ်လာငွေကြေးက မြင့်မားလာခဲ့ပါတယ်။ ပတ်ဝန်းကျင်နိုင်ငံတွေဖြစ်တဲ့ ထိုင်းနဲ့ ဗီယက်နမ်တို့ကို ပြန်ကြည့်တဲ့အခါ သူတို့ဆန်ဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ လောက် ကျဆင်းသွားပါတယ်။ ပြည်တွင်းကလည်း အဲဒီဈေးနဲ့ နှိုင်းယှဉ်ရောင်းနိုင်ဖို့တော့ အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် လာမယ့်ကာလအတွင်း တင်ပို့မှုမှာ ပြီးခဲ့တဲ့နှစ် ကာလတူကို မီမယ်လို့မထင်ပါဘူး။ အများဆုံး ပြည်ပတင်ပို့မှု တန်ချိန် ၂ သန်း ကနေ ၂ သန်းခွဲကြားပဲ တင်ပို့နိုင်မယ့် အနေအထားကို မြင်တွေ့ရပါတယ်။ နောက်တစ်ချက်က ဒီကာလမှာ ပြည်ပဆန်တင်ပို့မှုက တစ်လကို တန်ချိန် နှစ်သိန်းအောက်ပဲ တင်ပို့နိုင်ခဲ့တာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး** ။ ။ မြန်မာနိုင်ငံမှာ အခြေခံစားကုန်တွေရော ဈေးနှုန်းတွေ မြင့်တက်နေပါသလား။ ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့လက်ရှိအခြေအနေအပေါ် အခြေခံပြီး ကုန်စည်စီးဆင်းမှု အခြေအနေတွေကိုလည်း ဆွေးနွေးပေးပါဦး။

**ဦးခင်ဟန်** ။ ။ စားသောက်ကုန်ပစ္စည်းအခြေခံစားကုန်တွေအားလုံးရဲ့ တကယ့်အသက်သွေးကြောက ဘုရင့်နောင်ကုန်စည်ဒိုင်ပဲ ဖြစ်ပါတယ်။ ကုန်စည်ဈေးနှုန်းတွေအကြောင်း မပြောပြခင် ဘုရင့်နောင်ရဲ့လက်ရှိအခြေအနေလေးကို ပြည်သူတွေသိထားဖို့ လိုအပ်ပါတယ်။ ဘုရင့်နောင်ပွဲရုံနယ်မြေက ဧက ၁၀၀ နီးပါး ကျယ်ဝန်းပြီး ပွဲရုံပေါင်း ၁၂၀၀ ကျော်ရှိပါတယ်။ အဲဒီအထဲမှာ ငါးပိငါးခြောက်ပွဲရုံပေါင်း ၁၅၀၊ ဆန်ပွဲရုံ ၂၀၀နဲ့ အခြားကုန်ခြောက်ပွဲရုံပေါင်း ၅၀၀ နီးပါးရှိပါတယ်။ ကုန်ပစ္စည်းသိုလှောင်ရုံ ၂၀၀ လောက်ရှိပါတယ်။ နေ့စဉ်ကုန်ကားပေါင်း ၈၀၀ ကနေ ၁၂၀၀ အကြား ဝင်ထွက်ကုန်စည် သယ်ယူနေကြပြီး ဈေးဝယ်တဲ့ကား၊ ခေါက်တိုကားတွေနဲ့ လုပ်ငန်းရှင်

### ဦးရန်နိုင်ထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန)

တွေရဲ့ကားတွေ စုစုပေါင်း အစီး ၄၀၀၀ လောက်ရှိပြီး နေ့စဉ်လှုပ်ရှားနေကြတဲ့ အလုပ်သမားအပါအဝင် လူပေါင်းက ငါးသောင်းကျော် ရှိပါတယ်။

ကုန်စည်ရောင်းဝယ်တတ်ကြတဲ့ အချိန်တွေကလည်း ကုန်စည်အမျိုးအစားအလိုက် မတူညီကြပါဘူး။ ဥပမာပြောရရင် ငါးခြောက်ပွဲရုံတွေဆီကို နံနက်အရုဏ်ကနေ ၁၁ နာရီလောက်အထိ လူစည်ကားနေတတ်ပြီး ကြက်သွန်၊ အာလူးစတာတွေက တစ်နေကုန် ရောင်းကြပါတယ်။ ကုန်ခြောက်အများစုကို စစ်ကိုင်း၊ မန္တလေးနဲ့ မကွေးတိုင်းဒေသကြီးဘက်ကနေ အများဆုံးလာဝယ်ကြပါတယ်။ ကြက်သွန်နီအစီး ၃၀ ကနေ ၃၅ စီး၊ အာလူးဆိုရင် ၁၀ စီးကနေ ၁၂ စီး၊ ကြက်သွန်ဖြူ တောင်ကြီး၊ ပခုက္ကူအဝင်ဝက အိတ်ရေ ၂၀၀၀ နဲ့ ၃၀၀၀ ကြား နေ့စဉ်ဝင်ရောက်ပါတယ်။ ဈေးနှုန်းတွေက လစာတွေတိုးပေးလိုက်တဲ့အတွက် အနိမ့်ဆုံးလုပ်ခ သတ်မှတ်လိုက်တဲ့အတွက် ကုန်ဈေးနှုန်းတွေ တက်တယ်လို့ အများစုက ပြောနေကြတယ်။ ကျွန်တော်ကတော့ ဒါကိုတိုက်ရိုက်အချိုးကျတယ်လို့ မထင်ဘူး။ အခုလက်ရှိ ဈေးနှုန်းတွေက လစာမတက်ခင်ဈေးနှုန်းထက် ငရုတ်သီးတစ်ခုကလွဲရင် အကုန်ဈေးကျနေပါတယ်။ အခြေခံစားကုန်တွေ အားလုံးနီးပါး ဈေးနှုန်းတွေ ကျဆင်းနေတာပါ။

ကျွန်တော်တို့ဆီမှာ နေ့စဉ်ဈေးနှုန်းတွေ ထုတ်ပြန်ပေးနေပါတယ်။ ကြက်သွန်နီဈေးဟာ ပြီးခဲ့တဲ့နှစ်က ဈေးအလွန်ကောင်းခဲ့တယ်။ နိုင်ငံခြားကိုလည်း တင်ပို့ရတယ်။ ရာသီဥတုကြောင့် အသစ်ပေါ်ရမယ့်အချိန်နဲ့ အဟောင်းကျန်ရမယ့်အချိန်မှာ ပစ္စည်းကပြတ်သွားတဲ့အတွက် ဈေးကတစ်ပိဿာကို ငွေကျပ် ၃၀၀၀ ကျော်သွားတယ်။ ဒီနှစ်ကျတော့ တောင်သူတွေကလည်း တိုးပြီးစိုက်တယ်။ အရောင်းအဝယ်က ထင်သလောက်မကောင်းဘူး။ အခု စကားဝိုင်းကျင်းပတဲ့ ဩဂုတ်လ ၉ ရက်နေ့မှာဆိုရင် ကျွန်တော့်ပွဲရုံကို အိတ် ၁၀၀ ကျော်ပဲ ရောက်တယ်။ ဘုရင့်နောင်တစ်ခုလုံးကို အစီးရေ ၃၀ ကျော်ပဲ ရောက်တယ်။ ရောင်းလို့မရဘူး။ တစ်ပိဿာကို ငွေကျပ် ၄၇၅ ကနေ ၆၀၀ပဲရှိတယ်။ ကြက်သွန်ဖြူဆိုရင်လည်း ပြီးခဲ့တဲ့နှစ် ဒီအချိန်က တစ်ပိဿာကို ငွေကျပ် ၁၅၀၀ ကနေ ၃၀၀၀ ရှိတယ်။ အခုတစ်ပိဿာကို ငွေကျပ် ၆၀၀ ကနေ ၁၂၀၀ ကြားပဲရှိတယ်။ စားအုန်းဆီဆိုရင်လည်း အမေရိကန်ဒေါ်လာ ဈေးမြင့်လာလို့ ဧပြီလ ယခုရက်မှာ တစ်ပိဿာကို ငွေကျပ် ၁၅၇၀ နှုန်းလောက်ကနေ ယနေ့ ငွေကျပ် ၁၈၅၀ အထိ မြင့်တက်လာခဲ့ပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်က ကုန်စည်စီးဆင်းမှုကိုကြည့်ပြီး တစ်နိုင်ငံလုံးရဲ့အခြေခံစားကုန်ဈေးနှုန်းကို တွက်ဆနိုင်ပါတယ်။ မြို့ကြီးအများစုမှာ ကုန်စည်ဒိုင်တွေ ၁၅ ခုလောက်ရှိပါတယ်။ အားလုံးက ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ဈေးနှုန်းအပြောင်းအလဲကို စောင့်ကြည့်ရပါတယ်။ ဥပမာအားဖြင့် ပဲဈေးကွက်မှာ နယ်စုံပဲထွက်ပေမယ့် နိုင်ငံခြားကိုတင်ပို့တဲ့ ပဲအားလုံးရဲ့သုံးပုံနှစ်ပုံက ဘုရင့်နောင်မှာပဲ အရောင်းအဝယ်လုပ်တာပါ။ ဈေးနှုန်းတွေကို ကျွန်တော်တို့ဆီမှာ မနက်ပိုင်း ဖြတ်ပေမယ့် မွန်းတည့် ၁၂ နာရီ မကျော်မီ အားလုံးဈေးတွေ လာရောက်ပေးထားရပါတယ်။ ကျွန်တော်တို့က နေ့စဉ် အသင်းရုံးရဲ့ Digital Board မှာ ဖော်ပြပေးသလို စာစောင်တွေ၊ ရေဒီယိုတွေနဲ့ ရုပ်သံတွေကိုလည်း ပေးပို့ပါတယ်။ အခြားနေရာတွေကတော့ ပွဲရုံဈေးမဟုတ်ဘဲ လက်ကားဈေးဆိုတော့ စားကုန်တွေ ဈေးအနည်းငယ် များချင်များပါလိမ့်မယ်။

ကျွန်တော့်သဘောကတော့ မိသားစုများတဲ့ အိမ်ထောင်စုတွေဟာ ကျွန်တော်တို့ ဘုရင့်နောင်ကုန်စည်ဒိုင်က ကုံကော်လမ်းမကြီးပေါ်က ဆိုင်တွေမှာလာရောက်ဝယ်ထားကြမယ်ဆိုရင် အပြင်နဲ့ဘာမှမဆိုင်တဲ့ ပွဲရုံဈေးထက် တစ်ပိဿာကို ငွေကျပ် ၅၀ ကနေ ၁၀၀ ကြားလောက်ပဲ ပိုပေးရတဲ့ဈေးနဲ့ ဝယ်ယူနိုင်ပါတယ်။ ယာဉ်အဝင်၊ အထွက်လွယ်ကူအောင်လည်း နေ့စဉ် ယာဉ်ရှင်းလုပ်သား ၄၀ နဲ့ ဆောင်ရွက်ပေးနေတဲ့အတွက် ပိတ်ရက်တွေမှတစ်ပါး အဆင်ပြေမယ်လို့ ထင်ပါတယ်။ ကြက်သွန်နီဆိုရင် တစ်ပိဿာကို အများဆုံးမှ ငွေကျပ် ၆၅၀၊ ကြက်သွန်ဖြူဆို အများဆုံးမှတစ်ပိဿာ ငွေကျပ် ၁၅၀၀ စသည်ဖြင့် အပြင်ဈေးနှုန်းထက် သက်သာတဲ့အတွက် လာရောက်လေ့လာပါလို့ အားလုံးကို ဖိတ်ခေါ်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ကုန်သွယ်မှုဖြေလျှော့ပေးမှုအဖြစ် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ငန်းတွေကို လက်လီလက်ကား ရောင်းဝယ်ခွင့်ပေးခဲ့ပါတယ်ခင်ဗျ။ ဒါနဲ့ ပတ်သက်ပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေရဲ့ တုံ့ပြန်မှုကရော ဘယ်လိုဖြစ်လဲဆိုတာနဲ့ ဒီလိုလုပ်ပိုင်ခွင့်ပေးလိုက်တာက မြန်မာနိုင်ငံကိုရော ဘယ်လိုအကျိုးကျေးဇူးရရှိနိုင်သလဲဆိုတာကို ဆွေးနွေးပေးပါဦး။

*စာမျက်နှာ ၇ သို့*


ဦးအောင်ထူး


ဦးရန်နိုင်ထွန်း


ဦးအောင်စိုး


ဦးနေလင်းဇင်


ဦးခင်ဟန်

> **“လက်ရှိရေကြီးရေလျှံတဲ့ကာလမှာ စိုက်ပျိုးဧက တစ်သိန်းခွဲကနေ နှစ်သိန်းကြား ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် ဆန်အထွက်နှုန်းဆုံးရှုံးမှုက တန်ချိန် ၁ ဒသမ ၂ သိန်းလောက်ရှိမယ်လို့ ခန့်မှန်းရပါတယ်၊ ထိခိုက်မှုမှာ တန်ချိန်ကို တွက်ကြည့်ရတဲ့အခါ မနှစ်က ဆန်ထုတ်လုပ်မှုက တန်ချိန် ၁၄ သန်းရှိပါတယ်၊ ဒါကြောင့် အခုထိခိုက်ဆုံးရှုံးမှုက မနှစ်က အထွက်နှုန်းနဲ့ တွက်မယ်ဆိုရင် တစ်ရာခိုင်နှုန်း မပြည့်ပါဘူး၊ လက်ရှိမှာ ရေကြီးနစ်မြုပ်မှုကြောင့်တော့ အများကြီး ဆုံးရှုံးတယ်လို့ ပြောလို့တော့သိပ်မရပါဘူး”**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားခြင်းနှင့် အဆို တစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI) သင်တန်းကျောင်းနှင့် သက်မွေးပညာသင်တန်းများ၊ နည်းပညာရပ်နှင့် သက်ဆိုင်သော ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှု သိပ္ပံသင်တန်းကျောင်း (AGTI) နှင့် ဆရာအတတ်သင် ပညာရေးကောလိပ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(AGTI) သင်တန်းကျောင်းနှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော သက်မွေးပညာသင်တန်းများ၊ နည်းပညာရပ်နှင့် သက်ဆိုင်သော ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရန်အတွက် မြေနေရာရရှိရန် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပဲခူးတက္ကသိုလ်၏ မြေရေိယာအတွင်း၌ အစိုးရစက်မှုလက်မှုသိပ္ပံ(ပဲခူး)အဖြစ် ဖွင့်လှစ်နိုင်ရန်အတွက် မြေနေရာရရှိပါက လိုအပ်သော အဆောက်အအုံများ၊ စာသင်ခုံ၊ ပရိဘောဂများနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုဘဏ္ဍာငွေရရှိပါက စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူမြို့နှင့် ပြည်မြို့တို့တွင် ပညာရေးကောလိပ်များကို အသီးသီးဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပညာရေးကောလိပ်များတွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာသင်တန်း (D.T.Ed) နှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT) သင်တန်းတို့ကို ဖွင့်လှစ်၍ နှစ်စဉ် D.T.Ed လက်မှတ်ရ ဆရာ ဆရာမ ဦးရေ ၃၀၀ ခန့်နှင့် PPTT လက်မှတ်ရ ဆရာ ဆရာမ ဦးရေ ၆၀၀ ခန့် မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မူလတန်းအဆင့်သင် ဆရာ ဆရာမများနှင့် ကျောင်းသား အချိုးမှာ ၁ အချိုး ၂၄ ဖြစ်ပါကြောင်း၊ ပဲခူးခရိုင်အတွင်းတွင် မူလတန်းအဆင့်သင် ဆရာ ဆရာမများနှင့် ကျောင်းသားအချိုးမှာ ၁ အချိုး ၁၉ ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ပဲခူးခရိုင်တို့၏ မူလတန်းအဆင့်ဆရာ၊ ကျောင်းသားအချိုးအရ မူလတန်းပြဆရာခန့်ထားမှုသည် လုံလောက်မှုရှိသောကြောင့် ပဲခူးမြို့တွင် ပညာရေးကောလိပ်တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲမေးခွန်းများ ပုံစံပြောင်းမေးမြန်းရန် စီစဉ်ထားခြင်းနှင့် ဆက်စပ်၍ မည်သည့်ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ချက်ချင်းပြောင်းလဲရန် စီစဉ်ထားသည်ကိုသိလိုခြင်းနှင့် အလေ့အကျင့်ရရှိစေရန် ယခုနှစ်တွင် နဝမတန်းမှသာ စတင်ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲမေးရန် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပညာရေးအာမခံမှုရှိစေရန်၊ ကျောင်းနှင့် ပညာရေးစနစ် တိုးတက်စေရန်၊ ကျောင်းသားများ၏ သင်ယူမှုရလဒ်များ တိုးတက်စေရန်၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အလွတ်ကျက်မှတ်ဖြေဆိုမှုလျှော့နည်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ရင့်သန်စေရန်တို့ ဖြစ်ပါကြောင်း။

## တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံသစ်တွင် စဉ်းစားတွေးခေါ်ရသည့် မေးခွန်းများ ပိုမိုပါဝင်လာမည်

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲခြင်း၏ အရေးကြီးသော အချက်များမှာ မေးခွန်းပုံစံသည် လုံးဝအသစ်ပြောင်းလဲခြင်းမဟုတ်ပါကြောင်း၊ မေးခွန်းပုံစံသစ်တွင် မေးခွန်းပုံစံဟောင်းကဲ့သို့ပင် အလွတ်ကျက်မှတ်ရသည့် မေးခွန်းများနှင့် စဉ်းစားတွေးခေါ်ရသော မေးခွန်းများ ပေါင်းစပ်ပါဝင်မည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်ရသည့် မေးခွန်းများ ပိုမိုပါဝင်လာမည်ဖြစ်ပါကြောင်း၊ သင်ယူသူများကို သင်ရိုးကုန်



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး

လေ့လာစေရန် ရည်ရွယ်ပြီး သင်ခန်းစာများကို လွှမ်းခြုံသည့်မေးခွန်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ မေးခွန်းပုံစံတွင် လွယ်၊ သင့်၊ ခက် မျှတစွာပါဝင်ပြီး သင်ရိုးအားလုံး လေ့လာထားသော ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိ ဖြေဆိုနိုင်မည့် မေးခွန်းပုံစံ ဖြစ်ပါကြောင်း။

တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲမေးမြန်းမည့် အခြေအနေနှင့် မေးခွန်းပုံစံနမူနာများကို တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ လေ့လာသိရှိနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ Internet Website များတွင် ကြိုတင်ဖော်ပြပေးထားပါကြောင်း၊ တက္ကသိုလ်ဝင်တန်းသင် ဆရာ ဆရာမများအား သင်တန်းပေးခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရွှေကျင် မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ရွှေကျင်မြို့နယ်၊ ရွှေကျင်ဝင်း ကံလမ်းပိုင်းရှိ ကွမ်းဆိပ်-ကျုံချောင် သုံးမိုင်ခွဲ မြေသားတာဖို့လမ်းမကြီးပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လမ်းအူကြောင်းအသစ်မှာ မူလလမ်းဟောင်းထက် ၀ ဒသမ ၈ ကီလိုမီတာခန့် တိုတောင်းမှုရှိပြီး လမ်းဦးစီးဌာန (ရုံးချုပ်) လမ်းလေယာဉ်ကွင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ အသေးစိတ်ကွင်းဆင်းတိုင်းတာ ပုံထုတ်ခဲ့ပါကြောင်း၊ ကျုံချောင်းရွာနှင့် ကွင်းဆိပ်ရွာအကြား မိုင် (၁၁၁/၂-၁၁၄/၂) အကြား သုံးမိုင်အား တစ်ကြောင်းထိုးလမ်းဖောက်လုပ်၍ ပေ ၄၀ အကျယ် မြေသားတာပေါင်ဖို့ခြင်း၊ ရေထုတ်ပြွန်များ ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ လမ်းဦးစီးဌာန၊ ပဲခူးခရိုင်မှ လုပ်ငန်းတင်ဒါခေါ်ယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် တင်ဒါရရှိသည့် ကန်ထရိုက်တာအား သတ်မှတ် Construciton Sequence အတိုင်း စနစ်တကျဆောင်ရွက်စေခဲ့ပြီး သတ်မှတ် CBR ပြည့်မီမှု ရှိ၊ မရှိကို Third Party Inspection အဖွဲ့မှ စစ်ဆေးကာ သတ်မှတ် CBR ရရှိမှသာ လုပ်ငန်းဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း။

လမ်းအူကြောင်းအသစ် ဖောက်လုပ်ရာတွင် ပါဝင်သွားသော ကျုံငပ- ကျောက်တန်းကျေးရွာအုပ်စုမှ တောင်သူ ၂၃ ဦး၏ လယ်ယာမြေ ၈ ဒသမ ၅ ဧကနှင့် ကွင်းဆိပ်ကျေးရွာမှ တောင်သူ ၂၅ ဦး၏ လယ်ယာမြေ ၁၇ ဒသမ ၆၁ ဧက စုစုပေါင်း ၂၅ ဒသမ ၆၆ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် လျော်ကြေးငွေများကို ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်တွင် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များရှေ့မှောက်တွင် သက်ဆိုင်ရာတောင်သူများထံသို့ စနစ်တကျပေးလျော်ခဲ့ပါကြောင်း၊ လမ်းပေါ်ရှိ သားပြတံတား ချဉ်းကပ်လမ်းဖောက်လုပ်ရာ၌ ပါဝင်သွားသော အဆောက်အအုံများအတွက် လျော်ကြေးငွေများကိုလည်း အဆောက်အအုံပိုင်ရှင်ငါးဦးမှ သဘောတူညီထားသည့်အတိုင်း တစ်ပါတည်းပေးလျော်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပလက်ဝ မဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ တုံးမဝ-ဘဲဒုံ မြေသားလမ်း(၁၁/-) မိုင်အနက် ကျန်ရှိသော (၂/၄) မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆိုပါလမ်းကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တုံးမဝ-ဘဲဒုံမြေသားလမ်း အကျယ် ၁၄ ပေဖြင့် ၁၀ မိုင် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျန်ရှိနေသော ၂ မိုင် ၄ ဖာလုံအား ဖောက်လုပ်ပြီးပါက ကျေးရွာပေါင်း ၃၇ ရွာနှင့် လူဦးရေ ၆၄၀၀ ခန့်တို့ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ၂၄ ပေအကျယ် လမ်းနယ်ချဲ့ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေမှလည်းကောင်း၊ ဖောက်လုပ်ရန်ကျန်ရှိနေသည့် ၂ မိုင် ၄ ဖာလုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ လည်းကောင်း ထည့်သွင်းတောင်းခံသွားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့်၊ မုံရွာမဲဆန္ဒနယ်မှ ဦးညွှန့်အောင်၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာနှင့် ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

## မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့်သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်း

ထို့နောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက **မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းသည်။

အဆိုရှင်က အဆိုနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် ခေတ်အဆက်ဆက်အဘက်ဘက်မှ နိမ့်ကျခဲ့သည့် မြန်မာ့ပညာရေးကို ဦးမော့လာစေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကအနေဖြင့် ပြုပြင်ပြောင်းလဲရမည့် နယ်ပယ်ကြီးများအနေဖြင့် အခြေခံပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကဏ္ဍနှင့် ဆရာအတတ်သင်ပညာကဏ္ဍတို့ ဖြစ်ပါကြောင်း။

အဆို တင်သွင်းရသည့်ရည်ရွယ်ချက် နှစ်ချက်ရှိပါကြောင်း၊ မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဆင့်မြင့်ပညာကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ အသက်သွေးကြောသည် သုတေသနဖြစ်ပါကြောင်း၊ သုတေသနမရှင်သန်ပါက တက္ကသိုလ်ပညာရေးသည် အချည်းနှီးသာဖြစ်သောကြောင့် သုတေသနကို အားပေးရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဦးတည်သော လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများအတွက် တက္ကသိုလ်များတွင် သုတေသနရပ်ဝန်းကောင်းတစ်ရပ်ဖော်ဆောင်မှုအားနည်းခဲ့ခြင်း၊ သုတေသနပညာရှင်များအား သုတေသနရန်ပုံငွေထောက်ပံ့မှုမှာလည်း အလွန်နည်းပါးခဲ့ခြင်းကို ရရှိထားသော ပညာရေးဘတ်ဂျက်အတွင်းမှ မြှင့်တင်ပေးရန်တို့ဖြစ်ပါကြောင်း၊ သုတေသနရပ်ဝန်းကောင်း ဖော်ဆောင်ပေးရေးအတွက် ဘဏ္ဍာငွေ လိုအပ်ပါကြောင်း။

အဆိုတွင် ပါဝင်သည့် သုတေသနရပ်ဝန်းကောင်းဖော်ဆောင်ပေးရေး ဆိုသည့်နေရာတွင် အပိုင်းလေးပိုင်း ပါဝင်ပါကြောင်း၊ သုတေသနပြုလုပ်ရာတွင် အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းရေး၊ သုတေသနရလဒ်များအတွက် ကိုးကားမှီငြမ်းရာ up to date References နှင့် တက္ကသိုလ်စာကြည့်တိုက်များ ရှင်သန်စေရေး၊သုတေသနကို ဦးဆောင်မည့် ပညာရှင်များနှင့် စီမံကြီးကြပ်မည့်သူများအား မှန်ကန်စွာ တာဝန်ပေးအပ်ရေး၊ တက္ကသိုလ်အသီးသီးတွင် သုတေသန ဦးဆောင်ကြီးကြပ်ရေးကော်မတီတစ်ရပ်ဖွဲ့စည်းရေးတို့ ဖြစ်ပါကြောင်း။

ပညာရေးတိုးတက်ပါမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ တိုးတက်စေလိုပါက သုတေသနလုပ်ငန်းများ အောင်မြင်ရန် လိုအပ်ပါကြောင်း၊ သုတေသနလုပ်ငန်းများ အောင်မြင်ရန်အတွက် ယခုတင်သွင်းသည့် အဆိုတွင် ပါဝင်သည့်အချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

**ဦးရန်နိုင်ထွန်း။** ။ ကျွန်တော်တို့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်သွယ်မှုဖြေလျှော့ရေးနဲ့ ကုန်သွယ်မှုလွယ်ကူစေရေးကို အဓိကထားဆောင်ရွက်ပေးနေတာပါ။ ဒီလိုဆောင်ရွက်တဲ့အခါမှာ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်နဲ့အညီ စနစ်တကျလုပ်ရပါတယ်။ Wholesales Retail ကို နိုင်ငံခြားကုမ္ပဏီတွေကို ခွင့်ပြုပေးတဲ့ကိစ္စ ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြင်ဆင်ခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံက WTO အဖွဲ့ဝင်နိုင်ငံဖြစ်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ ဒါကြောင့်WTO နဲ့ အာဆီယံက သတ်မှတ်ထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီ အဆင့်လိုက် လိုက်ပါဆောင်ရွက်ရပါတယ်။

ဒါကြောင့် နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု၊ ဒေသတွင်းစီးပွားရေးအဖွဲ့အစည်းတွေနဲ့ inline ဖြစ်ဖို့ စဉ်းစားကြရပါတယ်။ ဒီအပေါ်မှာ Wholesale Retail လိုမျိုး၊ နိုင်ငံတကာ Shopping Mall လိုမျိုးတွေ ကျွန်တော်တို့ဆီမှာ ရင်းနှီးမြှုပ်နှံနိုင်အောင် စဉ်းစားဆောင်ရွက်ပါတယ်။ ၂၀၁၃ ကတည်းက သက်ဆိုင်ရာဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၇ စက်တင်ဘာမှာ နောက်ဆုံးအတည်ပြုချက်ရရှိခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီး လုပ်ထုံးလုပ်နည်း အတည်ပြုချက်ရယူလို့ ၂၀၁၈ မေမှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

ဇူလိုင်လ ၃၀ရက်နေ့မှာ နိုင်ငံခြားကုမ္ပဏီတွေရော၊ ပြည်တွင်းကုမ္ပဏီတွေကိုပါ ဒီကိစ္စနဲ့ ပတ်သက်ပြီး အသေးစိတ်ခေါ်ယူညှိနှိုင်းရှင်းလင်းပေးခဲ့ပါတယ်။ ရည်ရွယ်ချက်က နိုင်ငံတကာက Shopping Mall ကြီးတွေ လာရောက်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလာမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုရရှိလာမယ်။ ကျွန်တော်တို့ဆီမှာ ဝယ်ယူစားသုံးနေရတဲ့ ပစ္စည်းတွေက နိုင်ငံတကာအဆင့်မီကုန်ပစ္စည်းတွေဖြစ်ဖို့နဲ့ နိုင်ငံတကာမှာပေါက်နေတဲ့ ဈေးနှုန်းအတိုင်း လွယ်လွယ်ကူကူ ဝယ်ယူနိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံက ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေကို Value Added ထုတ်လုပ်ပြီးတော့ ဒီလို Shopping Mall တွေမှာတင်မယ်။ ဒါကို နိုင်ငံတကာဈေးကွက်အထိ တင်ပို့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာဖြစ်ပါတယ်။ Shopping Mall တွေမှာလည်း ကိုယ့်နိုင်ငံကထုတ်တဲ့ Value Added လုပ်ထားတဲ့ ကုန်စည်တွေကို အဓိကဦးစားပေးပြီး ရောင်းချသွားရမှာ ဖြစ်ပါတယ်။ နောက်ဆုံးအချက်ကတော့ Fair Competition ပေါ့။ နိုင်ငံထဲမှာပဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေနဲ့ ပြည်တွင်းလုပ်ငန်းရှင်တွေ မျှတစွာယှဉ်ပြိုင်ရောင်းချဖို့ အတွက်ပါ။

ကျွန်တော်တို့ဒီလိုလုပ်ဆောင်မယ်လို့ အသိပေးလိုက်တဲ့အတွက် ဂျပန်သတင်းစာတွေဆိုရင် ခေါင်းကြီးပိုင်းကနေ ရေးသားဖော်ပြကြပါတယ်။ ဒီအပေါ်မှာ အလွန်လိုလားကြောင်းကိုလည်း ပြသပါတယ်။ အလားတူပဲ အဲဒီနေ့မှာ အမေရိကန်ရဲ့ Chamber of Commerce က ကျွန်တော်တို့ ဌာနနဲ့တွေ့ဆုံပြီး လိုလားထောက်ခံကြောင်း ပြောကြားခဲ့ပါတယ်။ ဒီအပေါ် သိလိုတဲ့အချက်တွေကို သူတို့ကမေးမြန်းပြီး ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာကို ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်ကလည်း ဂျာမန်က လုပ်ငန်းစုတစ်ခုလာပြီး ရင်းနှီးမြှုပ်နှံဖို့ ဆွေးနွေးပါတယ်။ ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို သူတို့နည်းပညာနဲ့ ပေါင်းစပ်ပြီး Wholesale နဲ့ Retail ရောင်းချဖို့အတွက်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံကလည်း တရားဝင် လာရောက်ဆွေးနွေးခဲ့ပြီး မြန်မာထုတ်ကုန်တွေကို ပြည်တွင်းမှာထုတ်ပြီး ပို့ကုန်ပြန်လုပ်မယ်ဆိုပြီးတော့ ဆွေးနွေးပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **အခြားနည်းသုံးစွဲခွင့်ပြုထားသော မြေနေရာများအား နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ညီညွတ်မှုရှိစေရန် မည်ကဲ့သို့ထိန်းကျောင်းစိစစ်နေသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်၍ လယ်ယာမြေဥပဒေ ၃၁ တွင် အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီးနောက် ခွင့်ပြုသည့်ကာလအတွင်းမှ ခြောက်လအတွင်း သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုလျှင်သော်လည်းကောင်း၊ သတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိလျှင်သော်လည်းကောင်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်ဟု ပြဋ္ဌာန်းပါရှိသည့်အတွက် ခွင့်ပြုမိန့်ရမည်ဆိုပါက ကာယကံရှင်များအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

## စိစစ်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ပြန်လည်စိစစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

လယ်ယာမြေ ဥပဒေပုဒ်မ ၃၀ (က)နှင့် (ခ) တို့အရ လယ်ယာမြေမှတစ်ပါး လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုပေးခြင်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ မိမိတို့ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် အခြားနည်းအသုံးပြုခွင့်ပေးခဲ့ခြင်းအပေါ် လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေများကို နည်းဥပဒေအပိုဒ် ၉၁၊ ၉၂ တို့အရ စိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် စီမံလုပ်ကိုင်လျက်ရှိပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ စိစစ်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ပြန်လည်စိစစ်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဦးရဲထွဋ်၏ **လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကြောင့် မိမိတို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများ ဆုံးရှုံးသွားသော ဒေသခံများအား ၎င်းတို့၏ ရွာများဝန်းကျင်ရှိ မြေလွတ်၊ မြေလပ် ဧက ၁၉၀၀ ခန့်ကို စိုက်ပျိုးနိုင်သည့် မြေဖြစ်အောင် ပြုပြင်ပေးပြီး ခွဲဝေပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင်ပါရှိသည့် စိုက်ပျိုးမြေရေိယာ ဧက ၁၉၀၀ ကို ဖော်ထုတ်ရန်အတွက် စိုက်ပျိုးမြေရေိယာ ဧက ၁၉၀၀ ရှာဖွေဖော်ထုတ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကွင်းဆင်းစစ်ဆေးခဲ့သည်ကို သိရှိရပါကြောင်း။

ကွင်းဆင်းစစ်ဆေးချက်အရ ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ မြေလွတ်၊ မြေလတ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်ရရှိခဲ့သော်လည်း လုပ်ကိုင်ခြင်းမရှိသည့် မြေလွတ်၊ မြေရိုင်းများကို လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ပါဝင်သွားသည့် တောင်သူများအတွက် အစားထိုးမြေဖော်ထုတ်ပေးနိုင်မည့် ရေိယာစုစုပေါင်း ၁၇၂၇ ဧကရှိကြောင်း စိစစ်ဖော်ပြထားသည်ကို သိရှိရပါကြောင်း၊ စိုက်ပျိုးမြေရေိယာဧက ၁၉၀၀ ရှာဖွေဖော်ထုတ်ရေးကော်မတီမှ စိစစ်တင်ပြသည့် ၁၇၂၇ဧကကို အစားထိုးဖော်ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ပါဝင်သွားသည့် တောင်သူများအနေဖြင့် လုပ်ကိုင်လိုခြင်း ရှိ/မရှိ ဆန္ဒသဘောထားကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မေးမြန်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမျိုးဝင်း၏မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ ဒေါ်အိအိပြုံး

ထို့နောက် **မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံးက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအား လွတ်လပ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေလိုသည့်အတွက် စေတနာ့ဝန်ထမ်း၏ အရှေ့တွင် လွတ်လပ်သောဆိုသည့် စာသားကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ ဥက္ကဋ္ဌနှင့်တကွ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးများအား လျှို့ဝှက်မဲဆန္ဒဖြင့်ရွေးချယ်ရာတွင် စာရင်းစစ် ၁ ဦးကိုလည်း လျှို့ဝှက်ရွေးချယ်ရမည်ဟု ဖော်ပြထားခြင်းတွင် စာရင်းစစ် ၁ ဦးဆိုသည့် စာသားအား ဖြုတ်ချင်ပါကြောင်း၊ နောက်ဆက်တွဲ စာရင်းစစ် ၁ ဦးဆိုသည့် ပုဒ်မများကိုလည်း ဖြုတ်ချင်ပါကြောင်း၊ ဆက်စပ်လျက်ရှိသည့် ပုဒ်မ ၂၇ တွင်လည်း အကျိုးဆောင်စာရင်းစစ်ဆိုသည်ကို ဖြုတ်ရန်လိုပါကြောင်း၊ ပုဒ်မ ၂၈ တွင် စာရင်းစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ဆိုသည့်နောက်တွင် လိုအပ်ပါကဆိုသော စာသားအားဖြုတ်၍ နှစ်အလိုက်သက်ဆိုင်ရာစာရင်းစစ်၏ စစ်ဆေးခြင်းကို ခံယူရမည်ဟူ၍ ပြင်ဆင်လိုပါကြောင်း၊ ထို့ပြင် အသင်းဗဟိုနှင့်တကွ မြို့နယ်ရုံးအဖွဲ့ကို ဖွဲ့စည်းခြင်းဟု အသင်းဗဟို၏ နောက်တွင် မြို့နယ်အား ဖြည့်စွက်လိုပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ နော်လှလှစိုးက ဆက်လက်ဆွေးနွေးသည်။

## အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်း

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့်ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်) တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက အဆိုရှင်၏ အကျယ်တဝင့် တင်ပြမှုနှင့် အဆိုတွင် ဖော်ပြထားချက်များကို လေ့လာကြည့်ပါက အဆိုရှင်၏ ဖော်ပြထားမှုများသည် ကျယ်ဝန်းသော်လည်း အဆိုတွင် မပြည့်စုံခြင်း၊ မလွှမ်းခြုံမိခြင်းတို့ကို တွေ့ရပါကြောင်း၊ အဆိုရှင်၏ ဆွေးနွေးချက်တွင် စည်းမဲ့ကမ်းမဲ့ရောင်းစားနေသော မြေအမျိုးအစားများအဖြစ် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ မြို့မြေ၊ ပလပ်မြေများကို ဆွေးနွေးချက်တွင် ပါဝင်သော်လည်း အဆိုဖော်ပြချက်တွင် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေသာ ပါရှိထားပါကြောင်း၊ အမှန်တကယ် တစ်နိုင်ငံလုံး တာဝန်ရှိသူတို့မှ ကိုယ်ကျိုးရှာရောင်းစား၊ ငှားစားနေသည့် မြေများသည် ဦးပိုင်မြေ၊ ဂရန်မြေ၊ လယ်မြေ၊ ဥယျာဉ်ခြံမြေ၊ စားကျက်မြေနှင့် သစ်တောမြေများပါမကျန် အခြားမြေပေါင်းများစွာ ပါဝင်ပါကြောင်း။

ထို့ကြောင့် အဆိုတွင် လယ်ယာမြေနှင့်ဥယျာဉ်ခြံမြေ နှစ်မျိုးသာပါသည့်အတွက် အဆိုသည် ပြည်ထောင်စုတစ်ခုလုံးအပေါ်တွင် လွှမ်းခြုံမှုရှိစေရန်အတွက် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများဟူ၍ အခြားမြေများဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန် လိုအပ်နေပါကြောင်း၊ အဆို၏ အကျိုးသက်ရောက်မှုအပိုင်းတွင် စိုက်ပျိုးမြေများလျော့နည်းလာခြင်းနှင့် မြေလွတ်များ ပျောက်ဆုံးကုန်ခြင်းဆိုသည့် နှစ်မျိုးသာပါရှိသော်လည်း အဆိုရှင်၏ ဆွေးနွေးချက်တွင် စည်းကမ်းမဲ့အိမ်များပေါ်ပေါက်လာခြင်း၊ ရေကြီးခြင်း၊ ကားကျပ်ခြင်း၊ စီမံခန့်ခွဲမှုလွဲမှားခြင်း၊ စည်းကမ်းမဲ့ အပင်ခုတ်ခြင်း စသည်ဖြင့် သက်ရောက်မှုပေါင်းများစွာကို ဖော်ပြထားသည်မှာ ဆွေးနွေးချက်ကို အဆိုက မလွှမ်းခြုံမိဘဲ ဖြစ်နေသည်ဟု ထင်မြင်ခံစားမိပါကြောင်း၊ လွှမ်းခြုံနိုင်စေရန် စကားရပ်များ ဖြည့်စွက်ပြင်ဆင်သင့်ပါကြောင်း။

## ကော်သုံးကော်၏ တာဝန်မကျေလျော့ရဲမှုများနှင့် အဂတိမကင်းသည့် လုပ်ရပ်များသည် တရားဥပဒေစိုးမိုးမှု မရှိခြင်းကြောင့်သာ ဖြစ်သည်ဟု ထင်မြင်

အထက်ပါအကြောင်းအရာများ၏ အကြောင်းရင်းခံမှာ မြို့နယ်တိုင်းတွင် ရှိသည့် ကော်သုံးကော် တာဝန်ရှိသူများ၏ လျော့ရဲပြီး အဂတိမကင်းသည့် လုပ်ဆောင်ချက်များကြောင့် ဖြစ်ပွားရကြောင်း ဖော်ပြထားသကဲ့သို့ တာဝန်ရှိသူတို့၏ ကိုယ်ကျိုးရှာဆောင်ရွက်မှု အမှားအယွင်းများကို အကျယ်တဝင့် ဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ကော်သုံးကော်၏ တာဝန်မကျေ လျော့ရဲမှုများနှင့် အဂတိမကင်းသည့် လုပ်ရပ်များသည် တရားဥပဒေစိုးမိုးမှုမရှိခြင်းကြောင့်သာ ဖြစ်သည်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) က မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသတွင်နေထိုင်ရင်း မြေကိုအဓိကအားထားစိုက်ပျိုးကုန်ထုတ်နေကြသည့် တောင်သူလယ်သမားများ ဖြစ်ပါကြောင်း၊ အဆိုပါ တောင်သူလယ်သမားများသည် အခြေခံလူတန်းစား ကုန်ထုတ်စွမ်းအားရှင်ကြီးများဖြစ်ပြီး မြန်မာနိုင်ငံသားအားလုံး ၎င်းတို့စိုက်ပျိုးထွန်ယက်ပြီး သီးပွင့်လာသည့် မြေထွက်သီးနှံများကို စားသုံး၍ ရှင်သန်လာခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ သို့သော် အဆိုပါ တောင်သူလယ်သမားကြီးများသည် ယနေ့အချိန်တွင် မြေယာမဲ့ဘဝဖြင့် နှစ်ပေါင်းများစွာ ခံစားနေကြရပြီး မြေမရှိတော့သည့်ဘဝတွင် ရပ်တည်မှု အခက်အခဲများဖြင့် ရင်ဆိုင်နေကြရပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ အဆင့်မီဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသူ နိုင်ငံသားများအတွက် ကုန်ထုတ်စွမ်းအားဖြည့်ဆည်းပေးနေသည့် မူလပိုင်ရှင်တောင်သူလယ်သမားကြီးများထံ လယ်ယာမြေများအမြန်ဆုံးရောက်ရှိရေးသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူ့ဝန်ထမ်းကောင်းများ ပီသစွာ ပြုကျင့်လိုက်နာဆောင်ရွက်ကြရန် တင်ပြရင်း အဆိုအား ထောက်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) မှ ဦးဝင်းကြိုင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးဒသမနေ့ကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

*စာမျက်နှာ ၇ မှ*

နှစ်စဉ်တိုးမြှင့်ချထားပေးသည့် ပညာရေးဘတ်ဂျက်အတွင်းမှ သုတေသနရပ်ဝန်းကောင်းများကို စီမံခန့်ခွဲမှုမှန်ကန်စွာဖြင့် အဆင့်လိုက်အကောင်အထည်ဖော်သွားရန်နှင့် သုတေသနပညာရှင်များအား သင့်တင့်လုံလောက်သည့် သုတေသနစရိတ် ပံ့ပိုး ပေးပြီး ချီးမြှင့်မြှောက်စားမည်ဆိုပါက အဆင့်မြင့်ပညာကဏ္ဍ မလွဲမသွေတိုးတက်လာမည်ဖြစ်သည့်အတွက် အဆိုအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် အဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားတင်သွင်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ဩဂုတ် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အေးအေးသန့်(သတင်းစဉ်)**

## ကျိန္တလီမြို့အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်း အရောင်းဆိုင်များ စစ်ဆေး

**ကျိန္တလီ ဩဂုတ် ၁၄**

ကျိန္တလီမြို့အတွင်းရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် တရားမဝင်တားမြစ်ဆေးများ ၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချမှုမရှိစေရေးအတွက် မြို့အုပ်ချုပ်ရေးမှူးဦးထွန်းအေးခိုင်၊ မြို့ပြည်သူ့ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာပြည့်ဖြိုးကျော်နှင့် ကျိန္တလီနယ်မြေစခန်းမှူး ရဲအုပ်ကျော်လွင်ဦးတို့ပါဝင်သော အဖွဲ့သည် ယမန်နေ့က ကွင်းဆင်းစစ်ဆေးပြီး ဆိုင်ရှင်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ကျိန္တလီမြို့အတွင်းမှာရှိတဲ့ ဆေးနဲ့ဆေးပစ္စည်းအရောင်းဆိုင်တွေမှာ တရားမဝင်တားမြစ်ဆေးတွေ ရောင်းချမှုမရှိစေရေးကို အဓိကအလေးထားစစ်ဆေးတာ ဖြစ်ပါတယ်။ ဆိုင်ရှင်တွေကိုလည်း လုံးဝရောင်းချမှု မပြုလုပ်ရေးကို ကြပ်မတ်ဆောင်ရွက်နေပါတယ်” ဟု ကျိန္တလီနယ်မြေစခန်းမှူး ရဲအုပ်ကျော်လွင်ဦးက ပြောကြားသည်။

**မြို့နယ် (ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# သတင်းအတုတွေနဲ့ အဝေးဆုံးမှာ နေကြမယ်

ရတနာခြူး

နေ့စဉ်နဲ့အမျှ လူသားတွေဟာ သတင်းတွေနဲ့ အသားကျနေပါတယ်။ သတင်းတစ်ခုထူးခြားတာနဲ့ မီဒီယာတွေကတင် မကတော့ဘူး။ လူမှုကွန်ရက်တွေကနေ အလျင်မြန်ဆုံးနှုန်းနဲ့ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားကြတော့တာပါပဲ။

သတင်းအတုအယောင် (Fake News) တွေကို နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ မကြာခဏကြုံတွေ့နေရပြီး အမှန်တရားက ဖိနပ်စီးနေချိန်မှာပဲ မုသားက ကမ္ဘာကိုပတ်ပြီး သွားပြီဆိုတဲ့ ဆိုရိုးစကားလို ထပ်ဆင့်ဖြန့်ဝေကြသူတွေ အများကြီးနဲ့ ပျံ့နှံ့သွားပြီးတဲ့နောက်မှာ အမှန်တရားကို ပြန်ရဖို့အတွက် အတော်လေး ဖြေရှင်းကြရတာ အားလုံးတွေ့မြင် ကြားသိနေကြမှာပါ။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကနေ အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ၊ လူမျိုးတွေ စသည်ဖြင့် အားလုံးမှာ လက်ရှိရင်ဆိုင်နေကြရတဲ့ ပဋိပက္ခတွေရဲ့အခြေခံ အကြောင်းရင်းတွေမှာ ခိုင်မာမှုမရှိ၊ မှန်ကန်မှုမရှိတဲ့ သတင်းအတုအယောင်တွေကြောင့်လည်း အတော်များများ ပါရှိပါတယ်။

အိန္ဒိယရဲ့ဒေသအနှံ့မှာ ကလေးသူခိုးတွေ သောင်းကျန်းနေတယ်ဆိုတဲ့ သတင်းအတုအယောင်တစ်ခု ပျံ့နှံ့နေတဲ့အချိန် လူနှစ်ဦးက ကလေးတစ်စုကို စေတနာကောင်းကောင်းနဲ့ ချောကလက်ဝေနေတာကို သတင်းအတုတွေကြောင့် စိတ်ပူပန်နေတဲ့ လူအုပ်ကြီးက အသေရိုက်နှက်ခဲ့ဖူးပါတယ်။ သတင်းအတုရဲ့ ဦးတည်ချက်ကိုက ဂုဏ်သိက္ခာကျဆင်းအောင်၊ ထိတ်လန့်တကြားဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်စီးအောင်၊ အထင်အမြင်လွဲမှားပြီး ဆက်ဆံရေးပျက်ပြားအောင်ရည်ရွယ်တာ များပါတယ်။

လူ့စိတ်သဘောအရ မကောင်းတဲ့အခြင်းအရာ၊ ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်တွေကို ကြားသိရတဲ့အခါမှာ ခံစားမှုနောက်ကိုလိုက်ပြီး စဉ်းစားချင့်ချိန်နိုင်မှု အားနည်းသွားတတ်ပါတယ်။ နည်းပညာအရလည်း စာတစ်ကြောင်းမှတ်ချက်ပေးဖို့၊ ပြန်လည်မျှဝေဖို့ဆိုတဲ့ ကိစ္စတိုင်းဟာ အလွယ်ဆုံးအခြေအနေမှာ ရောက်ရှိလာနေတာကြောင့် မိမိကိုယ်တိုင်သည်ပင် သတင်းအတုတွေကို အလွယ်တကူ ဖြန့်ဝေသူဖြစ်သွားတတ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ပြည်တွင်းမှာလည်း ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခဖြစ်စဉ်တွေဖြစ်ပွားတုန်းက သတင်းအတုအယောင်ပေါင်းများစွာ ထွက်ပေါ်လာခဲ့ပြီး တစ်ကမ္ဘာလုံးကနေ ဝိုင်းဝန်းပြစ်တင်သံတွေ သောသောညံခဲ့ဖူးပါတယ်။ ပြည်တွင်းမီဒီယာတွေ အသံကုန်ဟစ်ပြီး ဖြေရှင်းကြတယ်။ အစိုးရက သတင်းစာရှင်းလင်းပွဲတွေ ထပ်ခါထပ်ခါလုပ်ခဲ့ရပြီး အမှန်တရားကို ဖော်ထုတ်ပြသခဲ့ရတယ်။ သို့သော်လည်း သတင်းအတုအယောင်တွေ အရှိန်အဟုန်နဲ့ ပျံ့နှံ့ခဲ့သလောက် ပြန်လည်ပျံ့နှံ့ဖို့ မလွယ်ကူတာ၊ အမှန်တရားကိုပင် သံသယနဲ့ တုံ့ပြန်ခဲ့ကြတာ၊ အတော်လေးဖြေရှင်းပြီးမှ အမှန်တရားက တဖြည်းဖြည်းပေါ်လာတာ ကြုံခဲ့ရပါတယ်။

**ဒီလိုသတင်းတုတွေနဲ့ ကြုံတွေ့ရတဲ့အခါ ပြန်လည်ဖြေရှင်းခွင့်ရပေမယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံ စသည်ဖြင့် နစ်နာသူတွေအတွက် အတော်လေးခါးခါးသီးသီး ထိခိုက်ခံစားကြရပါတယ်။ အချိန်အတော်ကြာတဲ့အထိ အမှန်က မပေါ်နိုင်ဘဲ သတင်းအတုတွေကတော့ ဆက်ခါဆက်ခါလည်း ပျံ့နှံ့နေတတ်ပါတယ်။**

မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကမ္ဘာ့ဘဏ်ရဲ့ ဥက္ကဋ္ဌ သွားရောက်တဲ့ခရီးစဉ်တစ်ခုမှာ မြန်မာနိုင်ငံကို ကမ္ဘာ့ဘဏ်က ကူညီထောက်ပံ့မှုတွေ ရပ်ဆိုင်းလိုက်ပြီဆိုတဲ့ သတင်းတစ်ပုဒ်ကို တစ်ဖက်နိုင်ငံရဲ့ မီဒီယာပလက်ဖောင်းတစ်ခုမှာ တင်လိုက်တဲ့အခါ ဒီသတင်းဟာ တစ်မုဟုတ်ချင်းကို တောမီးပမာ ပျံ့နှံ့သွားခဲ့ပါတယ်။

**ရက်ပိုင်းအတွင်း ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကို လာရောက်စဉ် ဒီကိစ္စဟာ သတင်းမှားဖြစ်နေတယ်ဆိုတာ ရှင်းလင်းပြောကြားခဲ့သလို မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးမယ်ဆိုတာကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားရတာမျိုး ဖြစ်လိုက်ပါသေးတယ်။**

### သတင်းအတုအယောင်နဲ့ သတင်းအမှန်

အွန်လိုင်းပေါ်မှာ ပျံ့နှံ့နေတဲ့ သတင်းအတုတွေအကြောင်းပြောရရင် ဘယ်အရာက သတင်းအစစ်အမှန်လဲဆိုတာ ခွဲခြားနိုင်ဖို့ ခဲယဉ်းပြီး အစစ်နဲ့ အလွန်တူတဲ့ လံကြုပ်ဇာတ်လမ်းတွေ မြင်တွေ့ကြရမှာပါ။

အဓိကကတော့ လူတွေရဲ့ အားနည်းချက်၊ လူတွေရဲ့သဘောသဘာဝကိုသိမြင်ပြီး အဲဒီအပေါ်မှာ ရည်ရွယ်ချက်ရှိရှိ အသုံးချတာပဲ ဖြစ်ပါတယ်။ လူတွေရဲ့စိတ်နှလုံးကို ထိခိုက်ခံစားရစေမယ့် အကြောင်းအရာ၊ သည်းခြေကြိုက်သတင်းဇာတ်လမ်းမျိုးတွေ ဒါပေမယ့် မှားယွင်းတဲ့ အကြောင်းတွေကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေကြတာပါပဲ။ သတင်း အတုဆိုတာ နေရာတိုင်းမှာရှိသလို လူမှုကွန်ရက်မီဒီယာတွေ၊ Group Chat တွေမှာလည်း မြင်တွေ့နေရပါတယ်။ ကလေးငယ်တွေ ပြန်ပေးဆွဲခံရတယ်ဆိုတဲ့ မတိကျ မရေရာတဲ့ သတင်းတွေ၊ နိုင်ငံရေးမငြိမ်မသက်ဖြစ်စေမယ့် ဇာတ်လမ်းတုတွေကို ယုံကြည်ဖွယ်မရှိတဲ့သတင်းအရင်းအမြစ်တွေဆီက ရပါတယ်။ ၂၀၁၇ ခုနှစ် Collins Dictionary မှာဆိုရင် Fake news ဆိုတဲ့ဝေါဟာရကို “မှားယွင်းသော၊ တစ်ခါတစ်ရံ အုတ်အော်သောင်းတင်းဖြစ်သော၊ သတင်းကဲ့သို့ ထင်ယောင်ထင်မှားဖြစ်စေပြီး ပျံ့နှံ့စေတတ်သော အရာ” လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

**ဘယ်နေရာမှာတော့ စစ်ပွဲတွေဖြစ်ပွားနေတယ်၊ ဘယ်နေရာမှာတော့ အစုလိုက်အပြုံလိုက် သေဆုံးတယ်၊ ဘယ်နေရာမှာတော့ လက်နက်ခဲယမ်းတွေဖမ်းမိတယ်၊ ဘယ်သူကဖြင့် သေဆုံးတယ် စသည်ဖြင့် မမှန်ကန်တဲ့ သတင်းအတုတွေဟာ မကြာခဏ မြင်တွေ့နေရသလို အခြေအမြစ်မရှိ၊ တိကျသေချာမှုမရှိတဲ့ လက်ကိုင်ဖုန်းမဲဖောက်ပေးမည့် သတင်း၊ ထင်ရှားတဲ့ အနုပညာရှင်တွေရဲ့ မမှန်မကန် သတင်းမျိုးများနှင့် အချိန်အခါနှင့် ကိုက်ညီတဲ့ သတင်းအတုတွေကိုလည်း လူမှုကွန်ရက်တွေမှာ နေ့စဉ်နီးပါး မြင်တွေ့နေကြရပါတယ်။**

သတင်းအတုတွေကို ထင်သာမြင်သာရှိစေဖို့ဆိုတာ ဒစ်ဂျစ်တယ်မီဒီယာတွေမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒီဂျစ်တယ်ခေတ်မှာ အလေးထားဆောင်ရွက်ရမယ့်ကိစ္စလည်း ဖြစ်ပါတယ်။ သတင်းအတုအယောင်တွေကို ဝေဖန်စိစစ်နိုင်တဲ့ အချက်တွေ အများကြီးရှိတဲ့အနက် ကမ္ဘာကျော် ရီးဒါးစ်ဒိုင်ဂျက်မဂ္ဂဇင်းက အကြံပြုထားတဲ့ အချက်တွေကို ပြန်လည်မျှဝေပါရစေ။ ဒီလို အချက်အလက်တွေကို သိထားမယ်ဆိုရင် သတင်းတုတွေ ရန်ကနေ ကင်းဝေးပြီး အမှားအမှန်ကို အမြန်ဆုံးခွဲခြား သိရှိနိုင်ပါလိမ့်မယ်။

**ဒီလိုသတင်းတုတွေနဲ့ ကြုံတွေ့ရတဲ့အခါ ပြန်လည်ဖြေရှင်းခွင့်ရပေမယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံစသည်ဖြင့် နစ်နာသူတွေအတွက် အတော်လေး ခါးခါးသီးသီး ထိခိုက်ခံစားကြရပါတယ်။ အချိန်အတော်ကြာတဲ့အထိ အမှန်က မပေါ်နိုင်ဘဲ သတင်းအတုတွေကတော့ ဆက်ကာဆက်ကာလည်း ပျံ့နှံ့နေတတ်ပါတယ်။**

**ဘယ်နေရာမှာတော့ စစ်ပွဲတွေဖြစ်ပွားနေတယ်၊ ဘယ်နေရာမှာတော့ အစုလိုက် အပြုံလိုက် သေဆုံးတယ်၊ ဘယ်နေရာမှာတော့ လက်နက်ခဲယမ်းတွေ ဖမ်းမိတယ်၊ ဘယ်သူကဖြင့် သေဆုံးတယ် စသည်ဖြင့် မမှန်ကန်တဲ့ သတင်းအတုတွေဟာ မကြာခဏမြင်တွေ့နေရသလို အခြေအမြစ်မရှိ၊ တိကျသေချာမှုမရှိတဲ့ လက်ကိုင်ဖုန်းမဲဖောက်ပေးမည့် သတင်း၊ ထင်ရှားတဲ့အနုပညာရှင်တွေရဲ့မမှန်မကန် သတင်းမျိုးများနှင့် အချိန်အခါနှင့် ကိုက်ညီတဲ့ သတင်းအတုတွေကိုလည်း လူမှုကွန်ရက်တွေမှာ နေ့စဉ်နီးပါးမြင်တွေ့နေကြရပါတယ်။**

### သေသေချာချာ ဖတ်ကြည့်ပါ

သတင်းတစ်ပုဒ်ကို ဖတ်ပြီဆိုရင် သတင်းဘယ်ကနေလာတယ် ဆိုတာကို ဦးစွာဖတ်ပါ။ အဲဒီဝက်ဘ်ဆိုက်ရဲ့ အခြားသတင်းတွေကိုလည်း မှန် မမှန်စိစစ်သုံးသပ်ပါ။ ကိုးကားချက်တွေ မှန်ကန်ရဲ့လား၊ သဒ္ဒါမှန်ရဲ့လား၊ ပဟေဠိဆန်နေလား ဆိုတာလည်း စိစစ်ပါ။ ဒါ့အပြင် ဝက်ဘ်ဆိုက်ဟာ တရားဝင် ဟုတ်မဟုတ်နဲ့ အချို့သတင်းအတုဝက်ဘ်ဆိုက်တွေဟာ နာမည်ကျော်သတင်းဝက်ဘ်ဆိုက်တွေရဲ့လိုဂိုတွေ၊ အမည်တွေကို ဆင်တူယိုးမှား ပြုလုပ်ထားတတ်ပါသေးတယ်။ ဥပမာဆိုရင် abcnews.go.com ဆိုတာ ABC သတင်းဌာနကြီးရဲ့ ဝက်ဘ်ဆိုက်လိပ်စာအမှန်ဖြစ်ပြီး သတင်းအတုတွေကိုတော့ abcnews.com.co ဆိုတဲ့ သတင်းအတုဝက်ဘ်ဆိုက်ကနေ ဖြန့်ဝေနေတာကို မြင်တွေ့ရပါတယ်။

### လုပ်ကြံဖန်တီးထားတဲ့အချက်တွေပါဝင်တတ်

အချို့သတင်းအတုတွေဟာ သတင်းတစ်ပုဒ်ထဲမှာ မှန်ကန်တဲ့ အကြောင်းအရာတွေ ပါနေတတ်ပြီး အချက်အလက်အမှားတွေ၊ ဇယားနဲ့ မှတ်တမ်းမှတ်ရာအမှားတွေနဲ့ တမင်ပေါင်းစပ်ထားတာမျိုးရှိပါတယ်။ ဥပမာအားဖြင့် ဖြစ်ရပ်နဲ့ လူပုဂ္ဂိုလ်ရဲ့ ခံစားချက်က အစစ်အမှန် ဖြစ်နေပြီး ဖော်ပြတဲ့ကောက်နုတ်ချက်တွေက အခြားအချက်တွေနဲ့ ဖန်တီးထားတာမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဖတ်တဲ့သတင်းက စိတ်ကူးယဉ်သတင်းလား၊ ဖန်တီးထားတာလားဆိုတာ သိနိုင်ဖို့ အခြားသတင်းဝက်ဘ်ဆိုက်တွေကိုလည်း တိုက်ဆိုင်ဖတ်ရှုပြီးမှ ယုံကြည်သင့်ပါတယ်။

### သတင်းဓာတ်ပုံတိုင်းမှာ ရာဇဝင်ရှိပါတယ်

အချို့သော ဓာတ်ပုံများ၊ ဗီဒီယိုများက ယုံကြည်နိုင်လောက်အောင် ပြုပြင်ထားတဲ့ အရာတွေ ဖြစ်နေတတ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ ဓာတ်ပုံကအမှန် သတင်းက အတု၊ တစ်ခါတစ်ခါလည်း သတင်းကအမှန် ဓာတ်ပုံကအတု ဖြစ်နေတတ်လို့ မူရင်းဓာတ်ပုံ ဘယ်ကလာတယ်ဆိုတာ စိစစ်သင့်ပါတယ်။ တင်ထားတဲ့သတင်းဓာတ်ပုံတွေကို images. google.com ကိုသွားပြီး သတင်းနဲ့ မှန်မမှန် ချိန်ကိုက်နိုင်ပါတယ်။ ပုံရဲ့ ရာဇဝင်နဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ အသုံးပြုထားသလဲ၊ ဓာတ်ပုံအစစ်အမှန် ဟုတ်မဟုတ် စတာတွေကို စိစစ်နိုင်ပါတယ်။

### လေ့လာစိစစ်ပါ

သံသယဖြစ်စရာ သတင်းအစအနတွေရခဲ့ရင် အခြားသတင်းအရင်းအမြစ်တွေမှာ ပြန်လည်စိစစ်နိုင်ပါတယ်။ ဥပမာ ပြန်ပေးဆွဲတဲ့သတင်းကိုတွေ့ရင် ကိုယ့်ဒေသကထုတ်တဲ့ သတင်းစာမှာ ဒီသတင်းက ပါမလာရင် ယုံကြည်ဖွယ်မရှိဘူးလို့ ယူဆလို့ရပါတယ်။ ဒါမှမဟုတ်လည်း သတင်းအရင်းအမြစ်တွေက သေချာရဲ့လားလေ့လာပါ။ အချက်အလက်စစ်ဆေးတဲ့ ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ Snopes. com၊ PolitiFact.com နှင့် FactCheck. org အစရှိတဲ့ ဝက်ဘ်ဆိုက်တွေမှာ လေ့လာနိုင်သလို သတင်းအတုအယောင်တွေ၊ ကောလာဟလတွေ၊ ရာဇဝင်တွေ အစရှိတာတွေကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ အချို့ link တွေဟာ ကျော်ကြားတဲ့ ဆိုက်တွေရဲ့ link တွေနဲ့ ဆင်တူပေမယ့် စာလုံးပေါင်းမှားယွင်းတာ၊ ပုံမှန်မဟုတ်တဲ့ စာလုံးတွေပါဝင်တာရှိပါတယ်။

### သရော်စာလားဆိုတာ စိစစ်ပါ

အချို့သရော်စာတွေဟာ သတင်းလို့ထင်ရတာမျိုး ဖြစ်တတ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ဟာသလုပ်တာပါ။ အကြောင်းအရာတွေကို ပုံကြီးချဲ့ပြီး ရယ်စရာအနေနဲ့ ရသတစ်မျိုးကို ပေးစွမ်းပါတယ်။ ဒါကြောင့် ကိုယ်ဖတ်မိတဲ့ အင်္ဂလိပ်သတင်းတစ်ပုဒ်ဟာ သရော်စာ ရေးသားထားတယ်လို့ ယူဆရင် The Onion၊ The Borowitz Report in The New Yorker စတဲ့ ဆိုက်တွေမှာ ဝင်ရောက်စစ်ဆေးနိုင်ပါသေးတယ်။

### ပေးပို့ချက်တိုင်းကို သတိထားပါ

ကိုယ့်ဆီကို တစ်စုံတစ်ယောက်ကနေ အကြောင်းအရာတစ်ခု ပေးပို့လိုက်တယ်ဆိုတိုင်းလည်း မယုံကြည်သင့်ပါဘူး။ ဒီအကြောင်းအရာဟာ ဘယ်ကနေလာတယ် ဆိုတာကို သေချာမသိရင် ထပ်ခါထပ်ခါ စစ်ဆေးဖို့လိုပါတယ်။ အချို့သတင်းအချက်အလက်တွေဟာ နောက်ပြောင်ထားတဲ့ လှည့်ကွက်တွေပါနေသလို စာလုံးပေါင်းနဲ့ သဒ္ဒါတွေကလည်း မမှန်နိုင်ပါဘူး။ ဒါကြောင့် သတင်းအတုတွေကို ရှောင်ဖို့ သင်္ကေတတွေအများကြီးကို သတင်းဖတ်တိုင်း ရှာဖွေသင့်ပါတယ်။ မယုံကြည်ရတဲ့ အချက်အလက်တွေ Message တွေဝင်လာပြီဆိုရင် ဘယ်ကရလာတဲ့ အချက်တွေလည်းဆိုတာ စိစစ်ပြီး မသေချာတဲ့ အဖြေထွက်ရင်တော့ နောက်တစ်ဦးဆီကို ထပ်ပြီး မမျှဝေမီ နှစ်ခါစဉ်းစားသင့်ပါတယ်။

သတင်းအတုတွေဟာ အာမေဋ္ဍိတ်လို အမှတ်အသားတွေပါတဲ့ ခေါင်းစဉ်တွေ၊ စာလုံးအကြီးတွေနဲ့ မှတ်မိလွယ်၊ ဖတ်မိလွယ်အောင် လုပ်ဆောင်ထားကြတာလည်း ရှိပါတယ်။ ဒါကြောင့် ခေါင်းစဉ်က အံ့ဩဖွယ်ဖြစ်နေမယ်၊ ယုံရခက်နေမယ်ဆိုရင်လည်း သတင်းအတုဖြစ်နိုင်ပါတယ်။

### သတင်းအတုတိုက်ဖျက်ရေး မလေးရှားစတင်

သတင်းတုတွေပျံ့နှံ့မှုကို တားဆီးဖို့အတွက် မလေးရှားနိုင်ငံမှာ သတင်းအတုအယောင်တိုက်ဖျက်ရေးဥပဒေကြမ်းကို ယခုနှစ် ဧပြီလအတွင်းမှာ တင်သွင်းခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းမှာ ပြစ်ဒဏ်ချမှတ်မှုတွေ အများကြီး ပါဝင်ပြီး ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်တဲ့အပြင် ဒဏ်ငွေမလေးရှားရင်းဂစ် ငါးသိန်းအထိ ချမှတ်နိုင်တဲ့ ပြစ်ဒဏ်တွေ ပါဝင်ပါတယ်။

### အမှန်လား အမှားလားကိုယ်တိုင်ထိန်းချုပ်ပါ

WhatsApp တွေမှာ မတွေ့ချင်တဲ့ နံပါတ်တွေကို Block လုပ်နိုင်သလို Group Chat ကနေ ချက်ချင်း ထွက်နိုင်ပါတယ်။ ဒါကတော့ WhatsApp အသုံးပြုရင်းထိန်းချုပ်နိုင်တာပါ။ သတင်းအတုတွေဟာ တစ်ကမ္ဘာလုံးမှာ ဗိုင်းရပ်စ်လိုပဲ ပျံ့နှံ့လွယ်တာကြောင့် ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြားပြီးမှသာ ယုံကြည်ကြမယ်ဆိုရင် သတင်းအတုအယောင်တွေရဲ့ ပစ်မှတ်ကနေ လွတ်ကင်းနိုင်ကြမှာ ဖြစ်ပါတယ်။

ကိုးကား။ ။ **Reader Digest**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဖာပွန်-ကမမောင်း-ဝါးဘိုးတောကားလမ်းအချို့တွင် ရေကျော်လျက်ရှိ



**ဖာပွန် ဩဂုတ် ၁၄**

ကရင်ပြည်နယ် ဖာပွန်ခရိုင်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ဖာပွန်-ကမမောင်း-ဝါးဘိုးတော ကားလမ်းအချို့တို့တွင် ရေကျော်လျက်ရှိရာ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာရာတွင် အခက်အခဲရှိကြောင်း သိရသည်။

အဆိုပါ သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ကမမောင်းမြို့မိတ္ထီလာကျေးရွာ ကားလမ်းအရှည်ပေ ၅၀ ခန့်တွင် ရေအနက်သုံးပေခန့် ရေကျော်လျက်ရှိရာ မော်တော်ယာဉ်ငယ်များအနေဖြင့် ဖြတ်သန်းသွားလာနေသော်လည်း အချို့ယာဉ်များမှာ ရေပြန်ကျမည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

အလားတူ ဖာပွန်မြို့တွင်လည်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဆင်စွယ်ကျေးရွာရှိ ဆင်စွယ်ချောင်းရေမြင့်တက်လာသောကြောင့် ကားလမ်းအရှည် မိုင်ဝက်ခန့်တွင် ရေအနက်နှစ်ပေခွဲခန့် ရေကျော်လျက်ရှိပြီး အဆိုပါချောင်းရေမှာ ရေထိုးစီးကြမ်းသည့်အတွက် အချို့မော်တော်ယာဉ်ငယ်များမှာ ရေပြန်ကျမည့် အချိန်ကို စောင့်ဆိုင်းနေကြသော်လည်း အချို့ယာဉ်များမှာ ခက်ခက်ခဲခဲ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် ဆင်စွယ်ကိုရောက်တဲ့အချိန်က ညနေ ၃ နာရီကျော်ကပါ၊ ကျွန်တော်ရောက်တဲ့အချိန်မှာ ဖာပွန်က ကားတွေတစ်စီးမှ မတွေ့တော့ဘူး။ တစ်စီးတည်းဆိုတော့ မသွားရဲတော့ဘူး။ ရေပြန်ကျမယ့် အချိန်ကိုစောင့်နေတာ ည ၇ နာရီခွဲအချိန်မှာ ရေအနည်းငယ် ပြန်ကျသွားတဲ့အတွက် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာကြပေမယ့် အခက်အခဲတွေရှိသေးတယ်။ ဆိုင်ကယ်တွေကို လူနဲ့မပြီး သယ်ရတယ်"ဟု ဖာပွန်မြို့မှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**စောAM လွင်(ပြန်/ဆက်)**

# ရေဘေးသင့်မိသားစုများအား ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့ ချမ်းဖန်းကျေးရွာအုပ်စု အောက်ကျင်းကျေးရွာနှင့် အော်ကြီးကျေးရွာအုပ်စု အော်ကြီးကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေကြီးပြီး လှိုင်းပုတ်ခတ်မှုကြောင့် နေအိမ်ပြိုကျခဲ့ရသည့် မိသားစုဝင်များအား ဩဂုတ် ၁၃ ရက်က ကော့သောင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အဆိုပါနေ့ ညနေပိုင်းက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းထောက်ပံ့ပေးမှုတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု အောက်ကျင်းကျေးရွာတွင် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ပင်လယ်ရေလှိုင်းပုတ်ခတ်မှုကြောင့် ရေဘေးသင့်ခဲ့သော အိမ်ထောင်စုသုံးစုမှ လူဦးရေခုနစ်ဦးအတွက် ဆန်ဖိုးငွေကျပ် ၁၄၇၀၀၊ နေအိမ်သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၅၀၀၀၀ စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၆၄၇၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီ၊ ဘုန်းတော်ကြီးကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဖိုး ကျပ်တစ်သိန်းနှင့် သံဃာတော်နှစ်ပါးအတွက် သင်္ကန်းတစ်စုံစီတို့အား လည်းကောင်း။

အလားတူ အဆိုပါနေ့ ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု အော်ကြီးကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း၍ လှိုင်းပုတ်ခတ်မှုကြောင့် ရေဘေးသင့်ခဲ့သည့် တစ်စိတ်တစ်ပိုင်းပြိုလဲသော နေအိမ်နှစ်အိမ်နှင့် လုံးဝပျက်စီး နေအိမ်သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၇၀၀၀၀၀၊ အဆိုပါအိမ်ထောင်စုငါးစုမှ လူဦးရေ ၂၁ ဦးအတွက် ဆန်ဖိုးငွေကျပ် ၄၄၁၀၀ စုစုပေါင်းငွေကျပ် ၇၄၄၁၀၀ နှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် နေအိမ်နှစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီ၊ လုံးဝပျက်စီးသည့် နေအိမ်သုံးလုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးစီတို့ကို ရေဘေးဒဏ်ခံမိသားစုများအား အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ညောင်တုန်း၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ကျောင်းများယာယီပိတ်ထားပြီး ရေကာတာများ ကြံ့ခိုင်ရေးပြင်ဆင်ထား

**ညောင်တုန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယခုရက်များအတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေနှင့် အထက်သို့ ကျော်လွန်ရောက်ရှိကာ ဩဂုတ် ၁၄ ရက် ညနေ ၄ နာရီ တိုင်းတာချက်များအရ ၂၃ ဒသမ ၈ သို့ ရောက်ရှိနေကြောင်း သိရသည်။

**ကျောင်းများယာယီပိတ်ထား**

အဆိုပါ မြစ်ရေ မြင့်တက်လာမှုကြောင့် မြို့ပတ်ရေကာတာများ ထူးပေါက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်း မရှိစေရေး ရေဘေးအန္တရာယ်ကင်းဝေးစေရေး၊ မြို့ပတ် ရေကာတာများ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိကြောင်း၊ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီထံမှ သိရသည်။ ယခုလက်ရှိအခြေအနေတွင် မြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေ အထက်သို့ ရောက်ရှိနေသော်လည်း စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသေးဘဲ လမ်းပန်းဆက်သွယ်မှုများ ပုံမှန်ကောင်းမွန်လျက်ရှိပြီး မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၁၂ ကျောင်း ယာယီပိတ်ထားရပြီး ကျောင်းသား၊ ကျောင်းသူ ၁၅၈၃ ဦး ယာယီစာသင်ကြားမှုများ ရပ်နားထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ယခုလက်ရှိတွင် ဈေးများပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဒေသခံပြည်သူများ ရောင်းဝယ်မှုများဖြင့် စည်ကားလျက်ရှိသည်။ ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ်သည် ၂၂ ဒသမ ၅၀ ပေ ဖြစ်ပြီး အန္တရာယ်ရေမှတ်သည် ၂၄ ဒသမ ၅ ပေ ဖြစ်သည်။

ယခင်နှစ် ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းက ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေသည် ၂၆ ဒသမ ၈ ပေအထိ အမြင့်ဆုံးမြင့်တက်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မော်တင်စွန်းကမ်းခြေရှိ ကမ်းခြေပတ်လမ်း ပင်လယ်ရေတိုက်စားမှု ပိုများလာ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းကမ်းခြေ နတ်တောင်ခြေရင်းတွင်ရှိသော ကမ်းခြေပတ်လမ်း(ကတ္တရာလမ်း)မှာ ဩဂုတ် ၁၄ ရက် မွန်းလွဲပိုင်းက ပင်လယ်ရေလှိုင်း ရိုက်ခတ်မှုနှင့် ရေတိုက်စားမှုတို့ကြောင့် ပင်လယ်ဘက်အခြမ်းရှိ လမ်းဘေးမြေသားများနှင့် လမ်းအောက်ပိုင်းမြေသားများ ပဲ့ကျမှု ယခင်နေ့များထက် ပိုများလာကြောင်း သိရသည်။**(အောက်ပုံ)**



နတ်တောင်ဘက်အခြမ်းရှိ လမ်းအရှည်ပေနှစ်ရာခန့်ကို ပင်လယ်ရေတိုက်စားနေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း မုတ်သုံလေ အားကောင်းနေခြင်းကြောင့် လှိုင်းရိုက်ခတ်မှု ပြင်းထန်နေကြောင်းလည်း သိရသည်။ ကမ်းခြေပတ်လမ်း၏ ဘေးဘက်နှင့် အောက်ဘက်မြေသားများ ပင်လယ်ရေတိုက်စားမှုမှာ ဩဂုတ် ၁၂ ရက်က ပင်လယ်ရေမြင့်တက်ခဲ့ခြင်းနှင့်အတူ လှိုင်းရိုက်ခတ်မှု ပြင်းထန်မှုများကြောင့် စတင်ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁၄ ရက်အထိ တစ်ရက်ထက်တစ်ရက် မြေသားပဲ့ကျမှု များလာခြင်းဖြစ်သည်။

ယခုရက်ပိုင်းတွင် ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တစ်ခါတစ်ရံလေပြင်းများ တိုက်ခတ်ပြီး မိုးရွာ သွန်းမှုများနေသော်လည်း ဩဂုတ် ၁၄ ရက် ပင်လယ်ဒီရေတက်မှုမှာ ယခင်နေ့များထက် အနည်းငယ်လျော့နည်းသွားကြောင်း ဒေသခံများထံမှ သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျေးရွာ ၁၁ ရွာ၌ ဒီရေတက်ရောက်မှုကြောင့် ကျောင်းများယာယီပိတ်ထား

**ကြည့်မြင်တိုင် ဩဂုတ် ၁၄**

ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျေးရွာ ၁၁ ရွာသည် မြစ်ကမ်းနဖူး၌တည်ရှိသောကြောင့် ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ထူးကဲဒီရေ၊ မြစ်ရေမြင့်တက်လာခြင်းကြောင့် စက်ဆန်းအောက်ရုံ အလတ်ချောင်းရပ်ကွက်အုပ်စု အလတ်ချောင်းရပ်ကွက်တွင် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)နှင့် အလတ်ချောင်းဘုန်းတော်ကြီးသင် ပညာသင်ကျောင်းတို့သည် မြစ်ရေများ ဝင်ရောက်နေခြင်းကြောင့် ရေလွှမ်းမိုးစဉ်ကာလအတွင်း ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းများ ယာယီပိတ်ထားရကြောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့မှ သတင်းရရှိသည်။

**ရွှေဟင်္သာ**

# တနင်္သာရီ၌ မြစ်ရေပြန်ကျသွားသော်လည်း ကျောင်းနှစ်ကျောင်းဖွင့်ရန် ကျန်နေသေး

**တနင်္သာရီ ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း၌ ဇူလိုင် ၁၅ ရက်မှစ၍ ၂၂ ရက်အတွင်း တနင်္သာရီမြစ်ရေ ပထမအကြိမ် ၂၄ ပေ ၆ လက်မ အထိ အန္တရာယ်ရေအမှတ်ထက်ကျော်လွန်၍ မြစ်ရေကြီးစဉ်က အခြေခံပညာကျောင်း ၆၅ ကျောင်း ယာယီပိတ်ထားခဲ့ရာ အထက်တန်းအဆင့်တစ်ကျောင်း၊ အလယ်တန်းအဆင့်သုံးကျောင်းနှင့် မူလတန်းအဆင့် ၁၀ ကျောင်း စုစုပေါင်း ၁၄ ကျောင်းမှာဖွင့်လှစ်ရန် ကျန်ရှိနေခဲ့ပြီး ဩဂုတ် ၈ ရက်တွင် ၂၄ ပေ ၄ လက်မ အထိ အန္တရာယ်ရေအမှတ်ကျော်လွန်၍ ဒုတိယအကြိမ်ဖြင့် မြစ်ရေထပ်ကြီးရာ အခြေခံပညာကျောင်းရှစ်ကျောင်းကို ဩဂုတ် ၇ ရက်က ယာယီထပ်ပိတ်လိုက်ရ၍ မြစ်ရေနှစ်ကြိမ်ဆက်တိုက်ကြီးစဉ် ကျောင်း ၂၂ ကျောင်းကို ယာယီပိတ်ထားခဲ့ရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီ၌ တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက် ၁၆ ပေသို့ မြစ်ရေပြန်ကျဆင်းသွားပြီဖြစ်၍ ယာယီပိတ်ထားရသော ကျောင်း ၂၂ ကျောင်းအနက် ကျောင်း ၂၀ ပြန်လည်ဖွင့်လှစ်နိုင်သော်လည်း ကျောက်တလုံးကျေးရွာအုပ်စု မြေမအုံကျေးရွာ မူလတန်းကျောင်းနှင့် ပဝကျေးရွာအုပ်စု သက္ကယ်ကျော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်းမှာ မြစ်ရေကြီးနေသေးသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ထူးကဲဒီရေတက်လာမှုကြောင့် တွံတေးမြို့နယ်အတွင်းရှိ ကျောင်း ၂၉ ကျောင်း ယာယီပိတ်ထား

**တွံတေး ဩဂုတ် ၁၄**

၂၀၁၈ ခုနှစ်သည် ဝါထပ်နှစ်ဖြစ်သည်နှင့်အညီ ရန်ကုန်မြစ်ရေနှင့် တိုးမြစ်တို့၏ ထူးကဲဒီရေတက်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၉ ကျောင်းကို ဩဂုတ် ၁၃ ရက်မှစတင်၍ ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဩဂုတ် ၁၃ ရက်တွင် ထူးကဲဒီရေမြင့်တက်လာမှုကြောင့် တွံတေးမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း တစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ အ.မ.က (မူလွန်) နှစ်ကျောင်း၊ အ.မ.ကကျောင်း ၁၈ ကျောင်းတို့ကို ကျောင်း အတွင်း၊ အပြင်နှင့် ကျောင်းတက်ရာ လမ်းကြောင်းများ ရေကြီးရေမြုပ်ခြင်း၊ ကျောင်းဝင်းစာသင်ခန်းမဆောင်အတွင်းသို့ ရေဝင်ရောက်ခြင်းတို့ကြောင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကျောင်းများကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ မြေနိမ့်သောနေရာရှိ ၁၃ မိုင် တာကုန်း အ.လ.က (ခွဲ)ကို ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ယာယီပိတ်ထားကြောင်း၊ ကျောင်း ယာယီပိတ်ရက်အစား အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် အစားထိုးပေးရမည်ဖြစ်ကြောင်း မြို့နယ်ဒုတိယပညာရေးမှူး ဦးနန်းဦးထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ပုသိမ်မြို့တွင် ငဝန်မြစ်ရေ တိုးလာမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်ထား

**ပုသိမ် ဩဂုတ် ၁၄** - ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်များတွင် မိုးများရွာသွန်းပြီး ငဝန်မြစ်ရေ တိုးလာသောကြောင့် ရေကြည်ဦးရပ်ကွက်တွင် ရေကြီးရေလျှံမှု ဖြစ်ပွားပြီး ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထားရကြောင်း သိရသည်။ အဆိုပါရေဘေးသင့်ပြည်သူများမှာ အိမ်ထောင်စု ၁၅၅ စု၊ လူဦးရေ စုစုပေါင်း ၇၅၀ ရှိပြီး ရေကြည်ဦး ရပ်ကွက်ရှိ ရွှေသာလျှောင်တန်ဆောင်း၊ နဂါးရုံတန်ဆောင်း၊ သုခမ္မာဇရပ်တို့တွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ဓာတ်ပုံ ထိန်ဝင်း၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံးလူထုအုံကြွမှု ဓာတ်ပုံပြပွဲ လောကနတ်ပန်းချီပြခန်း၌ ပြသမည်

**ရန်ကုန် ဩဂုတ် ၁၄**

ဓာတ်ပုံ ထိန်ဝင်း၏ နှစ် (၃၀) ပြည့် ရှစ်လေးလုံး လူထုအုံကြွမှု ဓာတ်ပုံပြပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီပြခန်းတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ ထိန်ဝင်း(ဦးထိန်ဝင်း)သည် "၁၉၈၈ လူထုအုံကြွမှု" သမိုင်းဝင်ရှားပါး ဓာတ်ပုံများအား ဩဂုတ်လဆန်းမှ အာဏာသိမ်းယူသည့်အချိန်ထိ လူထုလှုပ်ရှားမှုများကို နေ့စဉ်မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးထားခဲ့ပြီး အဆိုပါဓာတ်ပုံများကို လာမည့်ဓာတ်ပုံပြပွဲတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံ ထိန်ဝင်းက "ရှစ်လေးလုံးကာလ ဩဂုတ်လဆန်းကနေ အာဏာသိမ်းတဲ့ရက် စက်တင်ဘာလ ၁၈ ရက်နေ့အထိ ရိုက်ထားတာပါ။ မှတ်တမ်းတင်ထားမယ်ဆိုတဲ့ သဘောနဲ့ လိုက်ရိုက်ထားတာပါ။ ပြသတဲ့ ရည်ရွယ်ချက်က ရှစ်လေးလုံး လူထုအုံကြွမှုကြီးကို မမြင်လိုက်ရတဲ့သူတွေ ဒါကိုပြန်မြင်စေချင်တယ်။ ဘာကြောင့်ဖြစ်တာလဲ၊ ဘယ်လိုလှုပ်ရှားကြသလဲဆိုတာ ပါဝင်ခဲ့တဲ့သူတွေ အချို့ကလည်း မေ့ချင်မေ့နေမှာပေါ့။ ဒါကို ပြန်ပြီးကြည့်စေချင်တယ်။ အဲဒီသဘောပါပဲ။ မှတ်တမ်းအဖြစ် သိမ်းထားလိုသူတွေကိုလည်း ရောင်းပေးသွားပါမယ်" ဟု ပြောသည်။

ဓာတ်ပုံထိန်ဝင်းသည် ရိုက်ကူးခဲ့သည့် ၁၉၈၈ လူထုအုံကြွမှု သမိုင်းဝင်ရှားပါးဓာတ်ပုံများကို နယ်သာလန်နိုင်ငံရှိ မော်ကွန်းတိုက်သို့ ပေးပို့ထားခဲ့ခြင်းဖြစ်ပြီး ယခုမှ ပြန်လည်တောင်းယူ၍ ပြသခြင်းဖြစ်ကြောင်း သိရသည်။

"အဲဒီတုန်းက ရိုက်ထားတဲ့ နဂတစ်တွေကို ကျွန်တော့်မိတ်ဆွေ သုံးဦးဆီမှာ သိမ်းထားခိုင်းပါတယ်။ ဒါကို စစ်ဆေးမယ်ဆိုတာကြားလို့ သူတို့က မီးရှို့ဖျက်ဆီးလိုက်ပါတယ်။ ကျွန်တော့်ဆီမှာ ကျန်နေတဲ့ တစ်ဝက်ကို သိမ်းထားရင် အန္တရာယ်ရှိနိုင်တယ်လို့ ယူဆပြီး နယ်သာလန်မှာရှိတဲ့ ကျွန်တော့်မိတ်ဆွေထံပို့ထားတာပါ။ အခုက နယ်သာလန် မော်ကွန်းတိုက်မှာ သိမ်းထားတဲ့ ကျွန်တော့်ဓာတ်ပုံတွေကို ပြန်ကူးပြီး ပြသရခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့သုံးလလောက်က ပို့လိုက်တာကို ပြန်ကူးတာပါ။ ကျွန်တော့်ဆီမှာ ဓာတ်ပုံပေါင်း ၆၀၀ ကျော်လောက်ရှိတယ်" ဟု ဓာတ်ပုံ ထိန်ဝင်းက ပြောသည်။

ဓာတ်ပုံထိန်ဝင်း ရိုက်ကူးခဲ့သည့် "၁၉၈၈ လူထုအုံကြွမှု" သမိုင်းဝင်ရှားပါး ဓာတ်ပုံများကို ဩဂုတ်လ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ဗဟန်းမြို့နယ်ရှိ ဗိဿနိုး ပန်းချီပြခန်းတွင် ပြသခဲ့ပြီး အားလုံးလာရောက်ကြည့်ရှုနိုင်စေရန် လောကနတ်ပန်းချီပြခန်းတွင် ထပ်မံပြသခြင်းဖြစ်သည်။ ဓာတ်ပုံထိန်ဝင်းသည် ရန်ကုန်တက္ကသိုလ်တွင် ဖြစ်ပွားခဲ့သည့် ၁၉၇၄ ဒီဇင်ဘာလ "ဦးသန့် ဈာပနအရေးအခင်း" တွင်လည်း ဓာတ်ပုံများ လျှို့ဝှက်ရိုက်ကူး၍ ၂၀၁၄ ခုနှစ်တွင် "၁၉၇၄ ခု ဦးသန့် အရေးအခင်း" ဓာတ်ပုံ ဆောင်းပါးစာအုပ်ကို ထုတ်ဝေခဲ့သည်။ ဓာတ်ပုံထိန်ဝင်း (ဦးထိန်ဝင်း) ကို ၁၉၄၆ တွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၆၆ မှ ၁၉၇၄ ခုနှစ်အထိ ရန်ကုန်ဆေးတက္ကသိုလ် (၁) တွင် ပညာသင်ကြားခဲ့သော်လည်း ဆေးပညာဘွဲ့ရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။




ရှစ်လေးလုံး ကာလအတွင်း ရိုက်ကူးခဲ့သည့် သမိုင်းဝင်ရှားပါး မှတ်တမ်းဓာတ်ပုံ။

**ရဲခေါင်ညွန့်**



သံတွဲခရိုင် ဂွမြို့နယ်နှင့် လေးမိုင်ခန့်အကွာရှိ ဒေါင့်ချောင်းကျေးရွာအုပ်စု မိုင်တိုင်အမှတ် ၄၅/၀ အနီးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်မြေများပြိုကျခဲ့ရာ ကားများသွားလာနိုင်ရေးအတွက် ရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသေးသော ရွှံ့များကြောင့် ခရီးသွားပြည်သူများယာဉ်အန္တရာယ် မဖြစ်ပွားစေရေး ဂွမြို့မရဲစခန်းမှူး ဒုတိယရဲမှူးအေးထွန်းနှင့် တပ်ဖွဲ့ဝင်များ ဩဂုတ် ၁၃ ရက်က ထပ်မံရှင်းလင်းနေစဉ်။

မြို့နယ်(ပြန်/ဆက်)

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

*ကျောဖုံးမှ*

"အခုဖြစ်တဲ့နေရာက လေ့လုပ်သားတွေ အများဆုံးနေထိုင်တဲ့နေရာတွေ၊ လုံးဝကို မနေထိုင်သင့်တဲ့ အန္တရာယ်ရှိတဲ့နေရာတွေပေါ့၊ လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတွေညှိနှိုင်းပြီး ပြည်နယ်အစိုးရကို တင်ပြပြီးတော့၊ ဒီက စုပေါင်းထောက်ပံ့တဲ့ဟာတွေနဲ့ သူတို့ရဲ့ပိုက်ဆံနဲ့ စုပေါင်းပြီး နောက်တစ်နေရာကို နေထိုင်ဖို့ သူတို့ကိုအကြံပေးခဲ့တယ်။ တချို့က အဝေးက လာနေကြတယ်၊ တချို့က ဒီဒေသက နေထိုင်ကြတဲ့ သူတွေလည်း ပါတာပေါ့။ အားလုံးက ကိုယ့်ပြည်သူပြည်သားပဲဆိုတော့ အားလုံးကို ဝိုင်းဝန်းကူညီရမှာပေါ့။ နိုင်ငံတော်ဘတ်ဂျက်နဲ့ ကျောက်တွေနဲ့လည်း စီထားပေးတယ်။ ဒါပေမယ့် လှိုင်းတက်လာရင် မခံနိုင်ဘူး၊ အကာအကွယ်မဲ့သလို ဖြစ်နေတယ်။ ဒီနေရာမှာလမု၊ လမဲ့၊ ကနစိုး စသည့်လှိုင်းဒဏ်ခံနိုင်တဲ့ အပင်တွေကို စိုက်ရမယ်။ အဲဒါကသစ်တောနဲ့ စိုက်ပျိုးရေးတွေမှာ တာဝန်ရှိပါတယ်။ ဒီအပင်တွေကိုသာ စိုက်လိုက်မယ်ဆိုရင် ဒီအလုပ်ကျေးရွာရေရှည်အတွက် ကောင်းမှာပါ။ ခုဟာက ဒီကျောက်က သဘာဝဘေးကို မကာကွယ်နိုင်တော့ဘူး" ဟုပေါင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က ပြောသည်။

"၁၂ ရက်ညနေပိုင်းက လှိုင်းကြမ်းတော့ ကမ်းနားနေအိမ်တွေကိုရိုက်တာ အိမ်တွေပြိုပြီး ကျောင်းနဲ့ ဆေးရုံထဲကို ရေဝင်တယ်။ အဓိကကျတဲ့ ဆေးရုံဝင်းက လူတွေကို ပရဟိတအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ လူနာတွေကိုအရေးပေါ် ရွှေ့ပြောင်းပါတယ်။ နောက်တော့ပျက်စီးနေတဲ့ ပစ္စည်းတွေကို လိုက်ကောက်သိမ်းပေးသလို၊ ယိုင်နေတဲ့ အိမ်တွေကို ကြိုးတွေနဲ့ဆွဲပြီးတော့ တည့်ပေးတယ်။ အရင်နှစ်တွေက လှိုင်းကာကျောက်တန်းတွေ ကာထားတဲ့နေရာတွေထိပဲ လှိုင်းတွေကရိုက်တာ ဒီဘက်ကိုတော့ မရောက်ဘူး။ ဒီနှစ်က ငါးပေလောက်ရှိတဲ့ လှိုင်းလုံးကြီးတွေ တက်လာတယ်။ အကောင်းဆုံးကတော့ ဒီရေတောတွေ များများစိုက်ပေးဖို့ရယ်၊ လှိုင်းကာကျောက်တန်းတွေကို ထပ်ဆင့်ထပ်ဆင့် သုံးထပ်လောက်ကာထားပေးမယ်ဆိုရင် ဒီနေရာက လှိုင်းဒဏ်ကို ပိုပြီးခံနိုင်ရည်ရှိမှာပါ။ ရေမြင့်တက်လာတဲ့အချိန်ကနေ ကျဆင်းသွားတဲ့အချိန်ထိကို တပ်မတော်သားတွေ၊ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ လိုအပ်ရင် လိုအပ်သလို ကူညီကယ်ဆယ်သွားဖို့ ရှိပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူက ပြောသည်။

"ဒီလိုမျိုး ရေကတက်လာတာတစ်ခါမှ မဖြစ်ဖူးဘူး။ အဓိကအခက်အခဲက နေဖို့ထိုင်ဖို့က အခက်အခဲဖြစ်တာပေါ့။ ခဏနေရေတက်လာရင် ဘာမှသယ်လို့ မရတော့ဘူး၊ ရေမတက်ခင်မှာ အလုအယက် သယ်ပိုးနေရတော့ တစ်ခါတလေ လာထောက်ပံ့တဲ့ ပစ္စည်းတွေ သွားမယူရဘူး" ဟု ဒေသခံ ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆန်နှင့် စားသောက်ဖွယ်ရာများကို သွားရောက်ထောက်ပံ့ပေးခဲ့၍ လိုအပ်သည်များကို ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ဘုန်းကြီးကျောင်းနှင့် ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ ပေးထားကာ လူနှင့်တိရစ္ဆာန်ထိခိုက်မှု မရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

*ကျောဖုံးမှ*

မြန်မာ ယူ-၂၃ အသင်းသည် ယခုပြိုင်ပွဲတွင် ရွေးချယ်လေ့ကျင့်ခဲ့သည့် ကစားသမား ၂၃ ဦးအနက် အီစိုးနှင့် တေဇော်လင်းကို ထိုင်းခရီးစဉ်အပြီးတွင် လျှော့ချခဲ့ပြီး ကျန်တစ်ဦးကိုမူ ပြိုင်ပွဲမစမီ ရက်ပိုင်းတွင် ထပ်မံလျှော့ချခဲ့သည်။ ဂိုးသမားသုံးဦးအနက် ကျော်ဇင်ထက်နှင့် ဆန်းဆက်နိုင်မှာ အပြီးသတ်လူစာရင်းတွင် ပါဝင်လာပြီး ဘုန်းသစ္စာမင်းကိုမူ လျှော့ချခဲ့သည်။ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ**-ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်**-အန်တွမ်မီနီဟေး၊ **လက်ထောက်နည်းပြ**-ဟာလက်၊ ဦးစိုးမြတ်မင်း၊ **ဂိုးနည်းပြ**-ကာစတန်၊ **အသင်းအတွင်းရေးမှူး**-ဦးမိုးဝေအောင်၊ **ဂိုး**- ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း** - ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင်၊ ဇော်မင်းထွန်း၊ မင်းကျော်ခန့်၊ နန္ဒကျော်၊ ဝင်းမိုးကျော်၊ စိုးမိုးကျော်၊ ရဲရင့်အောင်၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ မြတ်ကောင်းခန့်၊ စည်သူအောင်၊ လွင်မိုးအောင်၊ ရန်နိုင်ဦး၊ မောင်မောင်စိုး၊ မောင်မောင်လွင်၊ **ရှေ့တန်း**-အောင်သူ၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ကျောက်တံခါး၌ မြို့နယ်ချင်းဆက် ကွန်းချောင်းလူကူးသစ်သားတံတားတစ်စင်း ရေတိုက်စား၍ပျက်စီး

ကျောက်တံခါး ဩဂုတ် ၁၄

**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကြာအင်းကုန်းကျေးရွာအုပ်စု မိချောင်းအိုင်ကျေးရွာနှင့် ဖြူးမြို့နယ်သို့ ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး ကွန်းချောင်းလူကူးသစ်သားတံတားမှာ ဩဂုတ် ၁၃ ရက် ညနေပိုင်းက ရေတိုက်စားမှုခံရ၍ တံတားပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။**

"ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ၂၀၀၆ ခုနှစ်ကစပြီး ဒီတံတားကို ရွာသူရွာသား ဒေသခံတွေ စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုးနဲ့ ကွန်းချောင်းကိုဖြတ်ပြီး တံတားအရှည် ၂၃၅ ပေ အကျယ် ၉ ပေ အမြင့် ၁၅ ပေနဲ့ လူကူးသစ်သားတံတား တစ်စင်းအဖြစ် တည်ဆောက်ခဲ့ပါတယ်။ချောင်းကရေစီးသန်တာကြောင့် တံတားပျက်စီးလို့ပြုပြင်ခဲ့ရတာ နှစ်ခါရှိပါပြီ။ ဖြူးမြို့နယ် သရက်တောကျေးရွာမှ ကျောင်းသား ကျောင်းသူ ၃၀ လောက်က ဒီတံတားကို ဖြတ်သန်းပြီး ကျောက်တံခါးမြို့နယ်ထဲက မိချောင်းအိုင်ကျေးရွာ အလယ်တန်းကျောင်းခွဲကို ပညာလာရောက်သင်ကြားနေရတဲ့ ကျောင်းသားတွေရှိသလို ကျောက်တံခါးမြို့နယ် မိချောင်းအိုင်ကျေးရွာက အထက ကျောင်းသား ကျောင်းသူ ၄၀ ကျော်ကလည်း ဖြူးမြို့နယ် ကညွတ်ကွင်း အထက်တန်းကျောင်းကို သွားရောက်ပညာသင်ကြားရာမှာ ဖြတ်သန်းသွားလာရတဲ့ တံတားတစ်စင်းဖြစ်တာကြောင့် အခုလို ရေတိုက်စားခြင်းခံရပြီး တံတားပျက်စီးသွားတဲ့အတွက် ကျေးရွာနေပြည်သူနဲ့ ကျောင်းသား ကျောင်းသူတွေ သွားလာရေးအခက်အခဲတွေ ဖြစ်ပေါ်ခဲ့ရပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"ရေတိုက်စားခံခဲ့ရတဲ့ ကွန်းချောင်းသစ်သားတံတား ၁၅ ပေနှစ်ခန်း ပျက်စီးခဲ့တာကြောင့် ရွာသူရွာသားတွေ စုပေါင်းပြီး လိုအပ်တဲ့ သစ်တွေ၊ တိုင်တွေ စုစုပေါင်း ရှစ်သိန်းကျော်ဖိုးလောက် ဝယ်ယူပြီး ပြန်လည်ပြုပြင်ခဲ့လို့ အခုတော့ ယာယီ သွားလာလို့ရပါပြီ။ ကျောက်တံခါးမြို့နယ်နဲ့ ဖြူးမြို့နယ်ကို ဆက်သွယ်ထားတဲ့ ကိုယ့်အားကိုယ်ကိုး သစ်သားတံတားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်တွေနဲ့ ခွင့်ပြုရန်ပုံငွေတွေ ချမှတ်ပေးပြီး ပြန်လည်ပြုပြင်ပေးနိုင်ရေး ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကြာအင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မြင့်က ပြောသည်။



**ခင်ကို(ကျောက်တံခါး)**

# အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်အသုံးပြု၍ ကုမ္ပဏီပေါင်း ၁၂၆၂ ခုကို မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခဲ့

ရန်ကုန် ဩဂုတ် ၁၄

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်အသုံးပြု၍ ကုမ္ပဏီများအား မှတ်ပုံတင်ပေးလျက်ရှိရာ ဩဂုတ် ၁၃ ရက်အထိ ကုမ္ပဏီပေါင်း ၁၂၆၂ ခုကို မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ပြီးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ စတင်အာဏာတည်သည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် Myanmar Companies Online (MyCO) ကို စတင်ထုတ်လွှင့်ပြီး မြန်မာနိုင်ငံရှိ ကုမ္ပဏီများအား မှတ်ပုံတင်လုပ်ငန်း စတင်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

"ဩဂုတ် ၁ ရက်ကနေ ၁၃ ရက်အထိ ကုမ္ပဏီအသစ် ၄၂၀ ကို Online မှတ်ပုံတင်နဲ့ မှတ်ပုံတင်ပေးနိုင်ခဲ့ပါတယ်။ နောက်တစ်ခုက ကုမ္ပဏီအဟောင်းတွေ ပြန်လည်မှတ်ပုံတင်တဲ့လုပ်ငန်းက ၈၄၂ ခုကို ကျွန်တော်တို့ ပြန်လည်ပြီး မှတ်ပုံတင်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၁၄ ရက်တာ ကာလအတွင်းမှာ စနစ်ချွတ်ယွင်းမှုဖြစ်သွားတဲ့ သုံးရက်ကို ဖယ်နုတ်လိုက်ပြီး ကျန်တဲ့ရက်မှာ မှတ်ပုံတင်ပေးခဲ့တာ ကုမ္ပဏီပေါင်း ၁၂၆၂ ခုကို Online ကနေ မှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် ယနေ့ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အွန်လိုင်းမှ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်က အီလက်ထရွန်နစ် မှတ်ပုံတင်စနစ်ကို စတင်အသုံးပြုရာတွင် မှတ်ပုံတင်စနစ်တွင် ဝင်ရောက်အသုံးပြုသူများပြားသဖြင့် ဒေတာဘေ့စ်သို့ ဝင်ရောက်ရန် ကြန့်ကြာနေခြင်း၊ စနစ်တွင်ဖြည့်စွက်သည့် ကုမ္ပဏီဆိုင်ရာ အချက်အလက်များအား မှတ်ပုံတင်စနစ်မှ အတည်ပြုဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စနစ်၏ အားနည်းချက်ဖြစ်ပေါ်ခြင်း၊ ကုမ္ပဏီမှတ်ပုံတင်အချက်အလက်များ တင်ပြခြင်းနှင့် အတည်ပြုခြင်းဆောင်ရွက်ရာတွင် စနစ်ပေါ်၌ သတင်းအချက်အလက်များ ပျောက်ဆုံးမှုဖြစ်ပေါ်ခြင်း စသည့် အခက်အခဲများ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဖြစ်ပွားပြီးနောက် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်အား ရေးဆွဲခဲ့သည့် ကျွမ်းကျင်သူအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက အချိန်မီပြင်ဆင်ကာ မှတ်ပုံတင်စနစ်၏လုပ်ဆောင်မှုများ ပိုမိုသေချာစေရန်နှင့် အများပြည်သူယုံကြည်မှုရှိစေရန် လိုအပ်သည့် စမ်းသပ်မှုများဆောင်ရွက်ပြီး ဩဂုတ် ၆ ရက်(တနင်္လာနေ့)တွင် ပြန်လည်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် အဆိုပါစနစ်ကို အသုံးပြုရာတွင် ကုမ္ပဏီမှတ်ပုံတင်စနစ်၏ သတ်မှတ်ပုံစံများတွင် မြန်မာဘာသာဖြင့် ဖြည့်သွင်းမှုများအတွက် Unicode (Myanmar 3) ဖြင့် အသုံးပြုရန်၊ လူပုဂ္ဂိုလ်များ၏ မွေးနေ့များ ဖြည့်သွင်းရာတွင် ခရစ်သက္ကရာဇ်ကိုသာ အသုံးပြုရန်၊ Google Chrome Browser ကို အသုံးပြု၍ MyCO သို့ ဝင်ရောက်ရန်၊ လူပုဂ္ဂိုလ်များ၏ နိုင်ငံသားစိစစ်ရေးလက်မှတ် အမှတ်အသားများဖြည့်သွင်းရာတွင် ဂဏန်းအက္ခရာ၊ နံပါတ်များကို နိုင်ငံသားစိစစ်ရေးကတ်ပါအတိုင်း ဖြည့်သွင်းရန်၊ အချက်အလက်များ ဖြည့်သွင်းရာတွင် တွေ့ရှိရမည့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းနမူနာဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြေညာစာအမှတ် ၆၀/၂၀၁၈ တွင် ဖော်ပြထားသော ဖွဲ့စည်းပုံစည်းမျဉ်းနမူနာပုံစံကို ဆိုလိုခြင်းဖြစ်ပြီး ပူးတွဲတင်ပြရမည့် အထောက်အထားများအား PDF Format ဖြင့်သာ ပူးတွဲတင်ပြရန်၊ အစုရှယ်ယာမတည်ငွေရင်း အချက်အလက်များ ဖြည့်သွင်းရာတွင် ရှယ်ယာ အရေအတွက်နှင့် အစုရှယ်ယာတန်ဖိုးကို တိကျစွာဖြည့်စွက်ပေးသွင်းရန်တို့ကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက နှိုးဆော်ထားသည်။

ထို့ပြင် ကုမ္ပဏီမှတ်ပုံတင်ရန် ပုံစံပြည့်စုံစွာတင်ပြလာပါက ၂၄ နာရီအတွင်း အတည်ပြု၍ မှတ်ပုံတင်လက်မှတ် ရရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်ချက်ရှိသော ပုံစံများအတွက် ပြန်လည်ပြင်ဆင်ရန် အချိန်အနည်းငယ် ပိုမိုကြာမြင့်နိုင်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် ယခင်က မှတ်ပုံတင်ထားသော ကုမ္ပဏီပေါင်း ခြောက်သောင်းကျော်ရှိသည်ဟု သိရသည်။

**ထင်ပေါ်ဝင်း**

**ဓာတ်ပုံ - ထိန်လင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းသည် ဂိုးသမား ဒေးဗစ်ဒီဂီယာအား အိုးထရက်ဖို့ဒ်၌ နှစ်ရှည်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၇ နှစ်) အရွယ် ဂိုးသမား ဒီဂီယာ၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ရှိကြောင်းလည်း သိရသည်။ မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို လေးကြိမ်ရရှိထားသော ဒီဂီယာသည် ၂၀၁၁ ခုနှစ် မေလတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပေါင် ၁၈ ဒသမ ၉ သန်းဖြင့် မန်ယူအသင်းထံသို့ ပြောင်းရွှေ့လာသူဖြစ်ကြောင်း သိရသည်။
- မန်စီးတီးအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးဗားလ်သည် စပိန်လက်ရွေးစင်အသင်းမှ အနားယူလိုက်ပြီဟု ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၃၂ နှစ်) အရွယ် ဆေးဗားလ်သည် ၂၀၁၀ ကမ္ဘာ့ဖလားနှင့် ၂၀၀၈ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် ယူအီးအက်ဖ်အေ ဥရောပချန်ပီယံရှစ်ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ၂၀၀၆ ခုနှစ်တွင် စပိန်အသင်းအတွက် ပွဲဦးထွက်ကစားပြီးနောက်ပိုင်း အသင်းအတွက် ၁၂၅ ပွဲ ကစားပေးထားကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းသည် တော့တင်ဟမ်အသင်းမှ အသက် (၂၆ နှစ်) အရွယ် ဒိန်းမတ်ကစားသမား အဲရစ်ဆန်အား ပေါင်သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် တော့တင်ဟမ်အသင်း၏ နောက်ထပ်ကစားသမားတစ်ဦးဖြစ်သော အင်္ဂလန်နောက်ခံကစားသမား ဒန်နီရိုစ့်ကို ခေါ်ယူချင်နေကြောင်း သိရသည်။
- မန်ယူအသင်းမှ ဗဟိုခံစစ်ကစားသမား ဒါမီယန် (၂၈ နှစ်)သည် အသင်းမှ ထွက်ခွာလိုနေပြီး ဂျူဗင်တပ်စ်၊ နာပိုလီနှင့် အင်တာမီလန်အသင်းတို့က အဆိုပါ အီတလီနောက်ခံကစားသမားကို ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း ဗြိတိန်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။
- ပီအက်စ်ဂျီနှင့် မိုနာကိုအသင်းတို့သည် ဆီဗီလာအသင်း၏ အသက် (၂၉နှစ်) အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား အင်န်ဆွန်ဇီကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြင်သစ်ဘက်ကလာသော သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲမက်ဒရစ်နည်းပြ လိုပီတီဂွီသည် ဗဟိုခံစစ်ကစားသမားတစ်ဦးနှင့် တိုက်စစ်ကစားသမားတစ်ဦးကို အပြောင်းအရွှေ့ဈေးကွက်မပိတ်မီ ခေါ်ယူလိုနေကြောင်း အေအက်စ်၏ဖော်ပြချက်အရ သိရသည်။
- ချော်လ်ကေးအသင်းသည် အသက် (၂၂ နှစ်) အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ရူဘင် လော့ဖ်တပ်စ် ရှစ်ခ်ကို ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ချယ်လ်ဆီးအသင်းအနေဖြင့် အဆိုပါကစားသမား ထွက်ခွာရေးနှင့် ပတ်သက်ပြီး ခွင့်ပြုပုံမပေါ်ကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၆) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နှစ်ပတ် တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၆)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁၅-၈-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၆)တွင် ရေကြီးနစ်မြုပ် လယ်မြေများတွင် ကြုံတွေ့လာမည့် စပါးသီးနှံပိုးမွှားရောဂါစိုက်ပျိုးရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ငါးရစ်ငါးများဘေးမဲ့ထား ပုံမှန်မျိုးပွား ရေရှည်စား အပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီး လယ်တွင်းသားစောချစ်၏ ဒုတိယအရွယ်အခန်းဆက်ဝတ္ထုရှည်၊ မိုးရာသီမှာ စိန်ခေါ်နေတဲ့ ကျန်းမာရေးပြဿနာ စတဲ့ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေး နှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက် ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ အင်ဒိုနီးရှားသို့ ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၄**

အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ၂၀၁၈ ခုနှစ် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (18th ASIAN GAMES - 2018) ကို ဂျကာတာနှင့် ပလန်ဘန်မြို့များတွင် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အားကစားနည်းရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ဂျကာတာမြို့၌ ဘောလုံး၊ မြား၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူးအားကစားနည်းနှင့် ပလန်ဘန်မြို့၌ သေနတ်ပစ်၊ လှေလှော်၊ ပိုက်ကျော်ခြင်း အားကစားနည်းများ ယှဉ်ပြိုင်မည်ဖြစ်ရာ ယနေ့နံနက် ၈ နာရီခွဲက အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်/လေ့ကျင့်ရေးဌာနခွဲ(၂)မှ ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး ဦးဆောင်သည့် အားကစားအုပ်ချုပ်မှုအဖွဲ့ဝင် ငါးဦးတို့သည် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့သို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ဖိနပ်နှင့် အဝတ်ထည်များ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၈၅၅ စီး၊ သွင်းကုန် ၆၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၅ ဒသမ ၃၅၀ ခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၀၂ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၀၅၂ သန်း ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ Nissan Wingroad ယာဉ်တစ်စီးနှင့် Toyota Wish ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Sport Shoe အရန် ၁၂၀ နှင့် အဝတ်အထည်များ ၄၃၂၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၃၅၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးအား အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့မှ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးသည် အမှုသည်ထံမှ ငွေကြေး/ပစ္စည်း လက်ဆောင်များ တောင်းယူပြီး အမှုပြီးဆုံးအောင် ဆောင်ရွက်မပေးသည့်ကိစ္စအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မင်းရပ် ရပ်ကွက် ဆရာစံလမ်းသွယ်(၈)နေ တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးသည် လက်ပံတန်းမြို့နယ်တရားရုံး၏ ဇာရီမှုအမှတ် ၂၀/၂၀၁၆၊ ၂၁/၂၀၁၆ အမှုများနှင့်စပ်လျဉ်း၍ အမှုသည်ကိုယ်စား တရားရုံး၌ အမှုလိုက်ပါဆောင်ရွက်သည့်တာဝန်ကို ဆောင်ရွက်ရာတွင် အမှုအောင်မြင်စေရေးအတွက် အကြောင်းပြကာ အမှုသည်ထံမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်အတွင်း ငွေကျပ် ၁၂၉၀၀၀၀ (ကျပ်တစ်ဆယ့်နှစ်သိန်း ကိုးသောင်းတိတိ)နှင့် လက်ဆောင်ပစ္စည်းများ တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေး အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မရဲစခန်း၌ ယနေ့တွင် ပထမ သတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဖန်းမောက်မြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်ဖောင် ပိုင်ရှင်သုံးဦးနှင့်အတူ ဖမ်းဆီးရမိ

**ဖန်းမောက် ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်အတွင်း မဲဇာချောင်းနှင့် တောင်ချောင်း၊ ပေါက်ချောင်းတို့ ဆုံရာနေရာမှ တရားမဝင်ကျွန်းသစ်ဖောင်ကို ကျွန်းသစ် ၃၂ လုံး ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀ ကျော်ဖိုး ဖမ်းမိခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၄ ရက် နံနက် ၅ နာရီခွဲခန့်တွင် ဖန်းမောက်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးသော်မွန်းကို ဦးဆောင်သောအဖွဲ့၊ ဖန်းမောက်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး လေးမြင့် ဦးစီးသော ပူးပေါင်းအဖွဲ့သည် တရားမဝင်ကျွန်းသစ်ဖောင်များ မျှောချနေကြောင်းသတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးရာ မဲဇာချောင်းနှင့် တောင်ချောင်း၊ ပေါက်ချောင်းတို့ ဆုံရာနေရာတွင် ဦးဘလှိုင်၊ ဦးမောင်ကျော်နှင့် ဦးမြင့်တို့သုံးဦးသည် စက်တပ်လှေတစ်စင်းဖြင့် တရားမဝင် ကျွန်းသစ် ၃၂ လုံး (၁၀ ဒသမ ၄၇၂ တန်)ကို ဖောင်ဖွဲ့သယ်ဆောင်လာသည်ကို ရှာဖွေတွေ့ရှိဖမ်းမိခဲ့ကြောင်း သိရသည်။ ၎င်းတို့ကို စစ်ဆေးရာ အဆိုပါ တရားမဝင်ကျွန်းသစ်လုံးများသည် ဖန်းမောက်မြို့နယ်မှ ထီးချိုင့်မြို့နယ်သို့ သယ်ဆောင်မည့် ကျွန်းသစ်လုံးများဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင်ကျွန်းသစ်များ ဖောင်ဖွဲ့သယ်ဆောင်သူ ထီးချိုင့်မြို့နယ် ဘိုကုန်းကျေးရွာနေ ဦးမောင်ကျော်၊ ဦးမြင့်နှင့် ဖန်းမောက်မြို့နယ် ကျွဲကောကြီးကျေးရွာနေ ဦးဘလှိုင်တို့သုံးဦးကို ဖန်းမောက်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

## မော်ဟန်၌ အမိုနီယမ်နိုက်ထရိတ်များနှင့် ဘိန်းအမှုန်ခြောက်(ခတ်ပုံ)ဖမ်းဆီးရမိ

မိုးညှင်း ဩဂုတ် ၁၄

**ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ ပြည်ထောင်စုလမ်းကားလမ်းမကြီးဘေး နေအိမ်ခြံဝင်းအတွင်း၌ သတင်းအရ ရှာဖွေရာမှ တရားမဝင်သိုလှောင်ထားသော အမိုနီယမ်နိုက်ထရိတ်များ** (အောက်ပုံ) **နှင့် မူးယစ်ဆေးဝါး ဘိန်းအမှုန်ခြောက်(ခတ်ပုံ) အနည်းငယ်ကို ဖမ်းဆီးရမိကြောင်း သိရသည်။**

ဩဂုတ် ၁၃ ရက် ည ၇နာရီ၁၀မိနစ်ခန့်က မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် စိုးဝင်း ဦးစီးသောအဖွဲ့၊ မော်ဟန်ရဲကင်းစခန်းမှူး ရဲအုပ် ကျော်ညွန့်ဝင်းအဖွဲ့နှင့် ပူးပေါင်းအဖွဲ့တို့သည် သတင်းအရ မော်ဟန်ရွာပြည်ထောင်စုကားလမ်းဘေးရှိ ဖြိုးဝေ၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဟုယူဆရသော အညိုရောင်အစေး(ဘိန်းမည်း)အရည်ဖြင့် တပွတ်အူအခြောက်ရောစပ်ထားသည့်(ခတ်ပုံ) ၁ ဂရမ်ခန့်ပါ တစ်ထုပ်၊ ၂ ဂရမ်ခန့်ပါ နှစ်ထုပ်နှင့် ဆက်လက်ရှာဖွေရာ နေအိမ်နှင့်ကပ်လျက် ဆီပီပါအခွံများကြား သိုလှောင်ထားသော တရုတ်စာတန်းနှင့် GB2440-2001 စာတန်းပါ အမိုနီယမ်နိုက်ထရိတ်အိတ်များကို လည်းကောင်း၊ နေအိမ်အနောက်ဘက် ကားဘော်ဒီအိမ်ဟောင်းအတွင်း သိုဝှက်ထားသော ပုံစံတူ အမိုနီယမ်နိုက်ထရိတ်အိတ်များ စုစုပေါင်း ၄၃၈ အိတ်နှင့်အတူ ဆီပီပါခွံ ၁၇ လုံးအတွင်း သိုဝှက်ထားသော အမိုနီယမ်နိုက်ထရိတ်များကိုတွေ့ရှိသဖြင့် ဖြိုးဝေ(ခ) ဖြိုးဝေပို (၃၆ နှစ်) နတ်ကြီးကုန်းရပ်ကွက် မော်ဟန်ကျေးရွာ မိုးညှင်းမြို့နေသူနှင့် ဝင်းဦး (၄၅ နှစ်) နတ်ကြီးကုန်းရပ် မော်ဟန်ကျေးရွာ မိုးညှင်းမြို့နယ်နေသူတို့ကို မိုးညှင်းမြို့မရဲစခန်းက ဥပဒေအရအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**



## မြန်မာ့ရုပ်မြင်သံကြား

၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၈း၃၅ - **“စီးပွားရေးစကားဝိုင်း” (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ဒုတိယပိုင်း)**
- ၁၀း၃၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် ဝေလ၊ အဆိုတော် ကိုအောင်)
- ၁၀း၄၅ - “ဩဂုတ်လ လပတ် မိုးလေဝသအစီအစဉ်”
- ၁၃း၄၅ - “အတ္တနိဂုံး”
- ၁၅း၁၅ - “MSMES Small Level ပထမဆုရ Ready Made သားသားဆန်ပြုတ်”

**ညပိုင်း**

- ၁၆း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် “လူကြမ်းတစ်ယောက်ရဲ့ ဒိုင်ယာရီ”
- ၁၇း၀၅ - အနုပညာခန်းရိပ်သာ “ဒါရိုက်တာ အောင်မြင့်မြတ်နှင့် တွေ့ဆုံခြင်း”
- ၁၇း၃၀ - MRTV Travelogue
- ၁၈း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၂၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - **စီးပွားရေးစကားဝိုင်း “ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား”(ပထမပိုင်း)**
- “ဆန်းချောင်းဆစ်ကွန်၊ ဆစ်ကွန်ဆန်းချောင်း” (အပိုင်း-၅) “ဖိုးတွတ်၊ အသက်က (၈)” (မေသဥ္စာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း) (ဒါရိုက်တာ-ရှင်ဒေဝီ)
- သုခုမသဘင် အငြိမ့်သဘင် “စက်မှုတက္ကသိုလ် မျိုးဆက်သစ် စွယ်တော်ရိပ်အငြိမ့်” (မင်းသမီး-သဲနှင်းဆီ၊ လူရွှင်တော်-ချစ်(ပ်)၊ ဆိုက်ဘာ၊ ကာဗွန်၊ တူးဘီ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝတစ်ခု အချစ်တစ်ခု” (အပိုင်း-၇)

## ရန်ကုန်-မန္တလေးအမြန်လမ်း၌ ယာဉ်တိမ်းမှောက်ပြီး မီးလောင်

**လှည်းကူး ဩဂုတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ယာဉ်တစ်စီး တိမ်းမှောက် မီးလောင်မှု ဖြစ်ပွားခဲ့သည်။

နေပြည်တော်မှ ရန်ကုန်ဘက်သို့ မအူကုန်းရပ်ကွက် တာမွေမြို့နေသူ ဇော်နိုင်ဦး (၂၅ နှစ်) မောင်းနှင်လာသော 9J/---- ကလူဂျာယာဉ်သည် မိုင်တိုင်အမှတ် ၁၀/၂ နှင့် ၃ ကြားအရောက်တွင် ယာဉ်မှာ လမ်း၏ဝဲဘက်သို့ဆွဲ၍ လမ်းလယ်ကျွန်းပေါ် ရောက်ရှိတိမ်းမှောက်ခဲ့ကာ မီးလောင်ခဲ့ကြောင်း ယာဉ်မောင်းပါ ခရီးသည် အမျိုးသားနှစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်တစ်စီးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဇော်နိုင်ဦးကို အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဟိုက်ဒရိုကလိုရစ်အက်စစ်ဟုယူဆရသော ပီပါအလုံး ၆၀ မူဆယ်-နမ့်ခမ်း လမ်းမကြီးပေါ်၌ ဖမ်းမိ

**မူဆယ် ဩဂုတ် ၁၄**

မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမပေါ် မူဆယ်မြို့နယ် တရုတ်နိုင်ငံနယ်စပ် နောင်လောင်ကျေးရွာအုပ်စု မန်ဟောင်းလွယ်ကျေးရွာ လမ်းမကြီးပေါ်၌ ဩဂုတ် ၁၂ ရက် ည ၆ နာရီခွဲက ရပ်ထားသည့်ယာဉ်တစ်စီးကြောင့် ယာဉ်ကြောပိတ်ဆို့နေသဖြင့် သွားရောက်ရှင်းလင်းနေသောအဖွဲ့က ယင်းယာဉ်မှ အက်စစ်အနံ့များရရှိနေကြောင်း သတင်းပို့မှုအရ မူဆယ်မြို့မရဲစခန်းမှ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရှာဖွေရာ တရုတ်အက္ခရာပါ ယာဉ်အမှတ် F/---- နံပါတ် တပ်ဆင်ထားသည့် တရုတ်နိုင်ငံထုတ် ၁၂ ဘီးယာဉ် ပေါ်မှ ဟိုက်ဒရိုကလိုရစ်အက်စစ်ဟုယူဆရသော တစ်ပီပါလျှင် အက်ဆစ် ၁၆၀ လီတာပါ ပီပါအလုံး ၆၀ စုစုပေါင်း လီတာ ၉၆၀၀ သိမ်းဆည်းရမိကြောင်း သိရသည်။

ယင်းဖြစ်စဉ်မှ ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းကို မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြစ်ကြီးနား၊ တောင်ကြီး၊ ရပ်စောက်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြစ်ကြီးနား ဩဂုတ် ၁၄**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် ညနေ ၆ နာရီခွဲခန့်က မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက် အောင်ဆန်းလမ်းကြားတွင် မသန္တာဦးမောင်းနှင်ပြီး မခင်မာဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ရှစ်ခွက်ဖြင့်ထည့်လျက် ဘိန်းဖြူ ၀ ဒသမ ၀၉၆ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် ညပိုင်းတွင် တောင်ကြီးမြို့အဝင် (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ထွန်းနောင်နောင်မောင်းနှင်ပြီး အေးချမ်းအောင် လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ အေးချမ်းအောင်လက်တွင် ကိုင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ကြီးမြို့နယ် ကွန်ကျောင်းကျေးရွာနေ အောင်ကြီး၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ငဲမောင်၊ ရန်ပိုင်၊ ပိုင်ဖြိုးဝေ၊ အောင်သူဟိန်း၊ ဥက္ကာရဲလွင်နှင့် မြင့်ကြည်တို့ကိုတွေ့ရပြီး အောင်ကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၀၊ နေအိမ်အိပ်ခန်း အိပ်ရာခေါင်းရင်းအနီးမှ တူမီးသေနတ်တစ်လက်၊ ယမ်းမှုန့် ၅၅၀ ဂရမ်ပါ အထုပ်တစ်ထုပ်နှင့် ခဲသီး ၂၀ ကို လည်းကောင်း။ **(ဝဲအောက်ပုံ)**



အလားတူ ယင်းနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်နေ ထွန်းဝင်း(ခ)ကျော်လွင်ထူး၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ထွန်းဝင်း(ခ)ကျော်လွင်ထူး ကို နေအိမ်တွင်တွေ့ရှိပြီး စစ်ဆေးချက်အရ နေအိမ်အနီး ပြောင်းခင်းဘေးရှိ ၎င်းတို့ပိုင် တောင်ယာတဲသို့ လင်းလင်း(ခ)ငလင်းနှင့် မအေးချိုတို့က လာရောက်ရောင်းချသဖြင့် ဝယ်ယူသုံးစွဲခြင်းဖြစ်ကြောင်းသိရှိရ၍ ၎င်းတောင်ယာတဲကို သွားရောက်ရှာဖွေရာ တဲအတွင်းတွင် လင်းလင်း(ခ)ငလင်း၊ မအေးချို၊ ယောကို(ခ)ယောကိုကိုအောင်နှင့် ခွန်ဇော်တို့ကို တွေ့ရှိရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၂ ပြားကို လည်းကောင်း။

မူးယစ်တပ်ဖွဲ့စု (၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် မေတ္တာ(၁)လမ်း ထွန်းထွန်း(ခ) အောင်နေထွန်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉၀ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် မင်းမင်း(ခ) ကိုချေ ရောက်ရှိလာ၍ မူးယစ်ဆေးဝါးများ သိုဝှက်ထားသည့် ငမိုးရိပ်ချောင်းဘေးသို့ လိုက်လံပြသခဲ့ရာ ယင်းနေရာတွင် ကျော်လှသိန်း (ခ) ဆံရှည်၊ ရဲကို(ခ) ဟိန်းစိုးအောင်နှင့် ဇော်ဝင်းဦး(ခ) ဇော်ဝင်းတို့သုံးဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်အားပြင်း အပူပိုင်းမုန်တိုင်း လီပီး ဂျပန်နိုင်ငံ ကျူရှူးကျွန်းသို့ မကြာမီဝင်ရောက်နိုင်




တိုကျို ဩဂုတ် ၁၄

**ဂျပန်နိုင်ငံမိုးလေဝသပညာရှင်များက အင်အားပြင်း အပူပိုင်းမုန်တိုင်းတစ်ခုသည် ဂျပန်နိုင်ငံ အနောက်ပိုင်း ကျူရှူးကျွန်းသို့ ဩဂုတ် ၁၄ ရက် ည သို့မဟုတ် ဩဂုတ် ၁၅ ရက်တွင် တိုက်ခတ်နိုင်ကြောင်း ပြောကြားခဲ့သည်။**

အဆိုပါဒေသတွင် နေထိုင်ကြသူများကို အပူပိုင်းမုန်တိုင်း လီပီးတိုက်ခတ်ချိန်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်ထားကြရန် နှိုးဆော်ထားကြောင်း သိရသည်။

မိုးလေဝသနှင့်ဇလဗေဒအေဂျင်စီက ဩဂုတ် ၁၄ ရက် နံနက် ၆ နာရီမှစကာ လီပီးအပူပိုင်းမုန်တိုင်းသည် ဝါကာယာမစီရင်စု၊ ကိတ်ဗ်ရှီအိုနိုမီဆာကီ တောင်ဘက် ၅၀၀ ကီလိုမီတာခန့်တွင် တည်ရှိနေကြောင်း သိရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်းသည် မြောက်၊ အနောက်မြောက်ယွန်းယွန်းသို့ တစ်နာရီ ၂၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားလျက်ရှိပြီး မုန်တိုင်း၏ အလယ်ဗဟိုတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၀ ကီလိုမီတာအထိရှိကြောင်း သိရသည်။

အဆိုပါအပူပိုင်းမုန်တိုင်းသည် တောင်ဘက်နှင့် မြောက်ပိုင်းကျူရှူးကျွန်းသို့ ဩဂုတ် ၁၄ ရက်ညမှ ဩဂုတ် ၁၅ ရက်အတွင်း ဝင်ရောက်နိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းထားသည်။

မုန်တိုင်းကြောင့် ကျူရှူးကျွန်းတောင်ပိုင်းဒေသများ၌ ဩဂုတ် ၁၄ ရက်ညတွင် တစ်နာရီအတွင်း မိုးရေချိန်လက်မ ၅၀ မီလီမီတာအထိရှိနိုင်ကြောင်း သိရသည်။ အပူပိုင်းမုန်တိုင်းကြောင့် ကျူရှူးကျွန်းမြောက်ပိုင်းနှင့် ရှီကိုကု၏ ဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။ အဆိုပါ ဒေသများတွင် မိုးရေချိန်မှာ ၂၄ နာရီအတွင်း ၁၀၀ မီလီမီတာမှ ၂၀၀ မီလီမီတာကြားရှိနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အက်ဖ် -၃၅ ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်များ တူရကီသို့ရောင်းချမှု အမေရိကန်ရပ်ဆိုင်း

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်ပြည်ထောင်စုသည် တူရကီသို့ အက်ဖ်-၃၅ ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်များရောင်းချမှုကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်းနှင့် ယင်းအခြေအနေက နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာမှုကို ပိုပြီးဆိုးရွားစေသကဲ့သို့ဖြစ်ကြောင်း သိရသည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်သည် ကာကွယ်ရေးမူဝါဒဥပဒေကြမ်းတစ်ခုကို ဩဂုတ် ၁၃ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းဥပဒေကို အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်ဥပဒေဟု ခေါ်ဆိုသည်။

အဆိုပါ ဥပဒေတွင် တူရကီနိုင်ငံအနေဖြင့် အသုံးပြုရန် စီစဉ်ထားသည့် ရုရှားလုပ်ဒုံးကျည်ကာကွယ်ရေးစနစ်သည် တူရကီနိုင်ငံက အသုံးပြုနေသော အမေရိကန်လုပ်လက်နက်များကို မခြိမ်းခြောက်နိုင်ဟု အမေရိကန်ကွန်ဂရက်က လက်ခံယုံကြည်သည့်အချိန်အထိ အက်ဖ် - ၃၅ တိုက်ခိုက်ရေးဂျက်လေယာဉ်များ တူရကီသို့ ရောင်းချမှုကို တားမြစ်ကြောင်း ပါရှိသည်။

အမေရိကန်ဘာသာရေးဘုန်းကြီးတစ်ပါးကို ၂၀၁၆ တူရကီအာဏာသိမ်းမှုတွင် ပါဝင်သည်ဆိုကာ တရားမဝင်ဖမ်းဆီးထားမှုနှင့်ပတ်သက်ပြီး အမေရိကန် သမ္မတ ထရန့်အစိုးရသည် တူရကီအစိုးရကိုပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ အမေရိကန်နိုင်ငံက အဆိုပါဘုန်းတော်ကြီးကို ချက်ချင်းလွှတ်ပေးရေး တောင်းဆိုခဲ့သည်။

အမေရိကန်နိုင်ငံသည် တူရကီနိုင်ငံကို အမျိုးမျိုးသော နည်းများဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ပြုလုပ်လျက်ရှိသည်။ ယင်းက တူရကီငွေကြေးတန်ဖိုးကို ကျဆင်းစေခဲ့သည်။

တူရကီ သတင်းမီဒီယာများတွင် အက်ဖ် - ၃၅ ဂျက်လေယာဉ်ရောင်းချမှု ရပ်တန့်ကြောင်း အမေရိကန်၏ဆုံးဖြတ်ချက်ကို အရေးကြီးသတင်းအဖြစ် ဖော်ပြခဲ့ကြပြီး တူရကီအနေဖြင့် ယင်းအက်ဖ် - ၃၅ ဂျက်လေယာဉ်အစီအစဉ်မှာ လွန်ခဲ့သည့် ၁၉၉၉ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်းနှင့် တူရကီနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ကုမ္ပဏီများအနေ ဖြင့် အဆိုပါ အက်ဖ် - ၃၅ ဂျက်လေယာဉ်၏ အစိတ်အပိုင်းအတော်များများကို ထုတ်လုပ်နေပြီဖြစ်ကြောင်း ပြောခဲ့သည်။

အက်ဖ် - ၃၅ ဂျက်လေယာဉ် ရောင်းချမှုနှောင့်နှေးခြင်း သို့မဟုတ် ပိတ်ဆို့မှုများရှိပါက တူရကီအနေဖြင့် ဥပဒေကြောင်းအရ အရေးယူနိုင်ကြောင်း တူရကီသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက လွန်ခဲ့သည့်လက အကြံပြုခဲ့ကြောင်း သိရသည်။




အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်သည် အမေရိကန်ဆိုင်ရာ တူရကီသံအမတ်ကြီး ဆာဒက်ကီလစ်၏ တောင်းဆိုမှုကြောင့် ၎င်းနှင့်တွေ့ဆုံခဲ့ကြောင်း ဩဂုတ် ၁၃ ရက်က ထုတ်ပြန်ခဲ့သည့် အိမ်ဖြူတော်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၎င်းတို့နှစ်ဦးသည် နှစ်နိုင်ငံဆက်ဆံရေးတွင် မဆုတ်သာ မတိုးသာ အခြေအနေကို မည်ကဲ့သို့ ကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဆိုသည့် နည်းလမ်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်ဘုရင်နှင့် မိဖုရားတို့ သဘာဝဘေးဒဏ်ခံနေရာများသို့ သွားရောက်မည်

**တိုကျို ဩဂုတ် ၁၄**

ဂျပန်ဘုရင် အာကီဟီတိုနှင့် မိဖုရား မီချိကိုတို့သည် လွန်ခဲ့သောလက မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် အကြီးအကျယ် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဂျပန်နိုင်ငံ အနောက်ပိုင်းဒေသများသို့ သွားရောက်မည်ဟု သိရသည်။

ဂျပန်ဘုရင်တို့ ဇနီးမောင်နှံသည် ဟီရိုရှီးမားနှင့် အိုကာယာမာ စီရင်စုတို့သို့ စက်တင်ဘာ ၁၃ ရက်တွင် သွားရောက်မည်ဟု ဂျပန်တော်ဝင်မိသားစုအိမ်တော်အေဂျင်စီမှ ကြေညာခဲ့သည်။ ထို့အပြင် ဂျပန်ဘုရင်နှင့် မိဖုရားတို့သည် စက်တင်ဘာ ၂၀ ရက်တွင်လည်း အိဟိမဲ စီရင်စုသို့ တစ်ရက်ကြာ သွားရောက်မည်ဟုလည်း သိရသည်။ ယင်းဒေသများသို့ ရဟတ်ယာဉ်နှင့် သွားရောက်မည်ဟု ခန့်မှန်းရပြီး သဘာဝဘေးဒဏ်ခံပြည်သူများနှင့် တွေ့ဆုံမည်ဖြစ်ကာ ဒေသခံအာဏာပိုင်များ အရာရှိများထံမှ စကားသံများကို နားထောင်မည်ဟု သိရသည်။ ဇူလိုင်လအတွင်း အဆိုပါဒေသ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ပြီး ပျောက်ဆုံးသူ အများအပြားရှိခဲ့သည်။ တချို့မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ခဲ့ရသည်။ **အင်န်အိတ်ချ်ကေ**




# ကာကွယ်ရေး အသုံးစရိတ် ဒေါ်လာ ၇၁၇ ဘီလီယံအတွက် အမေရိကန်သမ္မတ ထရန့် လက်မှတ်ထိုး

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ကာကွယ်ရေးအသုံးစရိတ် ဥပဒေကြမ်းကို အတည်ပြုပေးခဲ့ပြီး ၎င်းအတည်ပြုပေးခဲ့သည့် ပမာဏသည် တရုတ်ပြည်ကို ခြိမ်းခြောက်နိုင်ရန် ရည်ရွယ်ထားသည်။ ၂၀၁၉ ခုနှစ်ဘဏ္ဍာနှစ်အတွက် အမျိုးသားကာကွယ်ရေးခွင့်ပြုမိန့် အက်ဥပဒေကို သမ္မတထရန့် လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသားကာကွယ်ရေးအတွက်ဒေါ်လာ ၇၁၇ ဘီလီယံ အသုံးပြုခွင့်ရမည်ဖြစ်သည်။

စက်တင်ဘာလတွင် အဆုံးသတ်တော့မည့် လက်ရှိဘဏ္ဍာနှစ် အသုံးစရိတ်ထက် ၁၇ သန်း တိုးလာခြင်းဖြစ်သည်။ အမျိုးသားကာကွယ်ရေးခွင့်ပြုမိန့်သည် အမေရိကန်တပ်ဖွဲ့မူဝါဒနှင့် လိုအပ်သည့် ရန်ပုံငွေထောက်ပံ့ရန် မူကြမ်းချပေးခြင်းဖြစ်သည်။ ယခင်နှစ်များက အသုံးစရိတ်ဖြတ်တောက်မှုများပြုလုပ်ပြီးသည့်နောက် အမေရိကန်သည် ၎င်း၏တပ်ဖွဲ့ကို အရင်ကနှင့်မတူအောင် ပြုပြင်တည်ဆောက်မည်ဟု ပြောကြားခဲ့သည်။

ယင်းအက်ဥပဒေတွင် အမေရိကန်အစိုးရအေဂျင်စီသည် ZTE အပါအဝင် တရုတ်ဆက်သွယ်ရေးပစ္စည်းများ အသုံးပြုခြင်းကို ကန့်သတ်ထားပြီး သတင်းအချက်အလက်များပေါက်ကြားခြင်းကို အကာအကွယ်ပြုရန်ပင်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ရွေးကောက်ပွဲအပြီး စီးပွားရေးကိုအာရုံစိုက်ကြရန် ဇင်ဘာဘွေရွေးကောက်ခံသမ္မတတိုက်တွန်း

**ဟာရာရီ ဩဂုတ် ၁၄**

ဇင်ဘာဘွေရွေးကောက်ခံသမ္မတ အီမာဆွန် မနန်ဂါဂွါသည် ဇင်ဘာဘွေပြည်သူလူထုအား ရွေးကောက်ပွဲအပြီး တိုင်းပြည်၏စီးပွားရေး ပြန်လည်တည်ဆောက်ရေးအတွက်သာ အာရုံထားသင့်ကြောင်း တနင်္လာနေ့တွင် တိုက်တွန်းခဲ့သည်။ ဇင်ဘာဘွေနိုင်ငံတွင် ဇူလိုင် ၃၀ ရက်တွင် ရွေးကောက်ပွဲပြီးစီးခဲ့ပြီး ရွေးကောက်ပွဲပြီးနောက် ရလဒ်ကို မကျေနပ်ကြသည့်အတိုက်အခံများက ဆူပူမှုများပြုလုပ်ခဲ့ကြသည်။

ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရရန်အတွက် စွန့်လွှတ်အနစ်နာခံကြိုးပမ်းခဲ့ကြသော သူရဲကောင်းများအတွက် အထိမ်းအမှတ်ပွဲတွင် သမ္မတ မနန်ဂါဂွါက လက်ရှိအချိန်သည် နိုင်ငံရေးကာလပြီးဆုံးသွားပြီဖြစ်သည့်အတွက် စီးပွားရေးပြန်လည်ရှင်သန်ရေးအတွက် အာရုံစိုက်ရမည့်ကာလဖြစ်ကြောင်း၊ ဇင်ဘာဘွေနိုင်ငံသားများ၏ဝင်ငွေသည် ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်အဆင့်ရှိစေရန် ကြိုးပမ်းရမည့်အချိန်ဟု ပြောကြားခဲ့သည်။ ရွေးကောက်ပွဲကာလပြီးဆုံးသွားပြီဖြစ်သည့်အတွက် အနာဂတ်အတွက် အလေးထားရတော့မည်ဖြစ်ကြောင်း၊ လက်ရှိစိန်ခေါ်နေသောအရာမှာတစ်ခုတည်းသာရှိကြောင်း သမ္မတက ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသားများ စုစည်းညီညွတ်ကြရန်နှင့် စီးပွားရေးပြန်လည်ရှင်သန်စေရေး၊ တိုင်းပြည်ပြန်လည်တည်ဆောက်ရေးအတွက် အလေးပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့အပြင် ဇင်ဘာဘွေနိုင်ငံသားများ နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများကို ဘေးဖယ်ကာ တိုင်းပြည်ကောင်းစားရေးအတွက် စုစည်းညီညွတ်ရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် ဇင်ဘာဘွေနိုင်ငံသည် လွတ်လပ်ပြီး တရားမျှတသော၊ ယုံကြည်ရသော ရွေးကောက်ပွဲကိုကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အတိုက်အခံများက မဲမသမာမှုများရှိသည်ဟု စွပ်စွဲပြောဆိုကြစေကာမူ သန့်ရှင်းသောရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သမ္မတ မနန်ဂါဂွါက ပြောဆိုခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်ဒိုနီးရှားလေယာဉ်ပျက်ကျမှု ကလေးငယ်တစ်ဦးအသက်ရှင်

**ဂျကာတာ ဩဂုတ် ၁၄**

အင်ဒိုနီးရှားအရှေ့ပိုင်းအစွန် ပါပူဝါ ပြည်နယ် အော့စီဘယ်လ်ခရိုင်အတွင်း Pilatus PC-6 အမျိုးအစား လေယာဉ် ပျက်ကျမှုဖြစ်ပွားခဲ့ရာ အသက် ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး လွတ်မြောက်ခဲ့ကြောင်း၊ အဆိုပါလေယာဉ်ပျက်ကျမှုတွင် လူရှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်း မီဒီယာများက ဩဂုတ် ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

လေယာဉ်အရေးပေါ် အချက်ပေးစနစ် ထွက်ပေါ်လာစဉ်တွင် ဖခင်ဖြစ်သူသည် ကလေးငယ်ကို ပွေ့ချီပြီး လေယာဉ်ပေါ်မှ ခုန်ထွက်ကာ ကလေးကို ကယ်တင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဖခင်မှာ သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ကလေးငယ်ကို ကယ်ဆယ်ရေးသမားများက လေယာဉ်ပျက်ကျမှု ဖြစ်ပြီးနောက် အသက်ရှင်လျက်တွေ့ရှိကာ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### တာလီဘန် ၁၉၄ ဦးအား ရှင်းလင်း

**ကဘူးလ် ဩဂုတ် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇာနီပြည်နယ် ဂါဇာနီမြို့တွင် တာလီဘန်လက်နက်ကိုင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ရာ တာလီဘန် ၁၉၄ ဦးအား ပစ်ခတ်ရှင်းလင်းနိုင်ခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီး တာရစ်ရှာ့ဟ်ဘာရာမီက ဒေသတွင်း မီဒီယာများသို့ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဒေသတွင် တာလီဘန်များကို အမြစ်ပြတ်ရှင်းလင်းနိုင်ရေး တိုက်ပွဲဖြစ်ပွားနေသည်မှာ လေးရက်မြောက်ရှိပြီဖြစ်ကြောင်း၊ ဂါဇာနီမြို့နေရာအတော်များများကို အစိုးရတပ်ကထိန်းချုပ်ထားပြီဖြစ်ကြောင်း၊ သေဆုံးသူ တာလီဘန်များတွင် ၁၂ ဦးမှာ တပ်မှူးများဖြစ်ကြောင်း၊ တာလီဘန် ၁၄၀ ကျော်လည်း ဒဏ်ရာရရှိခဲ့ကြောင်း၊ အပြန်အလှန်ပစ်ခတ်မှုများကြောင့် အစိုးရတပ်ဖွဲ့ဝင် ၁၀၀ ခန့်နှင့် အရပ်သားပြည်သူ ၃၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

### ချီလီယဉ်ကျေးမှုဝန်ကြီး ရာထူးမှနုတ်ထွက်

**ဆန်တီယေဂို ဩဂုတ် ၁၄**

ချီလီယဉ်ကျေးမှုဝန်ကြီးသည် လေးရက်တာ တာဝန်ထမ်းဆောင်ပြီးနောက် ရာထူးမှ နုတ်ထွက်စာတင်ခဲ့ကြောင်းနှင့် ယင်း နုတ်ထွက်စာကို ချီလီနိုင်ငံ သမ္မတ ဆီဘတ်ရှန်ပီနီးရားက ဩဂုတ် ၁၃ ရက်တွင် လက်ခံခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံကို ၁၉၇၃ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ အုပ်ချုပ်ခဲ့သော စစ်အာဏာရှင် ပီနိုချေးလက်ထက်တွင် အသက်သေဆုံးခဲ့သူများအား ဂုဏ်ပြုထားသည့် ချီလီနိုင်ငံ၏ လူ့အခွင့်အရေးနှင့် အောက်မေ့ဖွယ် ပြတိုက်အခန်းကဏ္ဍအပေါ် ၎င်းက မေးခွန်းထုတ်ခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံရဲ့အမှောင်ဆုံး ကာလတစ်ခုမှာ ဘာတွေလေ့လာရမလဲ၊ သက်သေတွေနဲ့ ထုတ်ပြန်ချက်တွေကို ချန်လှပ်ထားတဲ့ လူ့အခွင့်အရေးနဲ့ အောက်မေ့ဖွယ်ပြတိုက်ကို လေးစားစိတ်မဖြစ်မိသလို ဝေမျှမှုလည်း လုပ်ဆောင်သွားမှာမဟုတ်ပါဘူး"လို့ ရိုဂျက်က ၎င်း၏နုတ်ထွက်စာတွင် ရေးသားခဲ့သည်။ **ဆင်ဟွာ**

# အေးစက်မာကျောနေဦးမယ့် အမေရိကန် - အီရန်ဆက်ဆံရေး

**တင်လင်းအောင်**

**အီရန်နဲ့ အမေရိကန်နိုင်ငံတို့ဟာ နိုင်ငံရေးရှုထောင့်ကကြည့်ရင် သင့်မြတ်ဖို့ လမ်းမမြင်ပါဘူး။ အမေရိကန်ဟာ အီရန်နိုင်ငံကို စီးပွားရေးအရရော နိုင်ငံရေးအရပါ အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့တာ တိုင်းသိပြည်သိပဲဖြစ်ပါတယ်။ မကြာသေးမီကလည်း သူတို့နှစ်နိုင်ငံဟာ အပြန်အလှန်စကားစစ်ထိုးမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ စစ်ပွဲလည်း ဖြစ်မှာမဟုတ်သလို စေ့စပ်ညှိနှိုင်းမှုလည်းလုပ်မှာ မဟုတ်ပါဘူး။ အခုအခါမှာတော့ အီရန်အဆင့်မြင့်ဆုံးခေါင်းဆောင်ဖြစ်တဲ့ အယာတိုလာအလီ ခါမေနီဟာ အမေရိကန်ပြည်ထောင်စုနဲ့ စစ်ပွဲလည်းဖြစ်မှာမဟုတ်သလို စေ့စပ်ညှိနှိုင်းမှုလည်းလုပ်မှာ မဟုတ်ဘူးလို့ သူကပြောခဲ့ပါတယ်။**



အီရန်နိုင်ငံရဲ့ ပြဿနာတွေဟာ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုအသစ်တွေကြောင့်သာမက အစိုးရရဲ့စီမံခန့်ခွဲမှု မှားယွင်းမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း ခါမေနီက ပြောခဲ့ပါတယ်။

ငွေကြေးစနစ်ပြိုကျခြင်း၊ ဈေးနှုန်းကြီးမြင့်ခြင်းနဲ့ အကျင့်ပျက်ခြစားမှုတို့အပေါ် အုတ်အော်သောင်းတင်း ဆန္ဒပြမှုတွေဖြစ်ပြီးနောက် အီရန်အဆင့်မြင့်ဆုံး ခေါင်းဆောင်ဖြစ်တဲ့ အယာတိုလာအလီ ခါမေနီရဲ့မှတ်ချက်တွေဟာ လက်ရှိ အီရန်သမ္မတ ဟက်ဆန်ရူဟာနီကို ဖိအားတွေဖြစ်စေခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ၂၀၁၅ခုနှစ် အီရန် နျူကလီးယား သဘောတူညီချက်က ထွက်သွားပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုအသစ်တွေ ချမှတ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဘယ်လို သဘောတူညီချက်မှ ဆွေးနွေးညှိနှိုင်းတော့မှာ မဟုတ်ဘူးလို့လည်း သိရပါတယ်။ အမေရိကန် ပြည်ထောင်စုနဲ့ ပတ်သက်ပြီးတော့ စစ်ပွဲလည်း ဖြစ်မှာမဟုတ်သလို စေ့စပ်ညှိနှိုင်းဆွေးနွေးမှုလည်း ရှိမှာမဟုတ်ဘူးလို့ ခါမေနီက သူ့ရဲ့တွစ်တာ လူမှုကွန်ရက်စာမျက်နှာမှာ အင်္ဂလိပ်လို ရေးသားဖော်ပြခဲ့ပါတယ်။

### အီရန်က ဒုံးကျည်များကို စမ်းသပ်

ဒါဟာ အီရန်နဲ့ အမေရိကန်တို့နှစ်နိုင်ငံတင်းမာနေတဲ့ အရေးကို စစ်ပိုင်းဆိုင်ရာနဲ့ ကိုင်တွယ်သွားနိုင်ခြေရှိတယ်လို့ သွယ်ဝိုက်ညွှန်းဆိုနေသလို လို။ ထို့အတူ အီရန်ကာကွယ်ရေးဝန်ကြီး အမ်မာဟာတနီကတော့ နောက်မျိုးဆက်တစ်ခုဖြစ်တဲ့ တာတိုပစ် ဒုံးကျည်ကိုလည်း စမ်းသပ်ခဲ့ပါသေးတယ်။ ဒါတင်ပဲလား ဆိုတော့မဟုတ်သေးပါဘူး။ အီရန်နိုင်ငံအနေနဲ့ နိုင်ငံရဲ့ ဒုံးကျည်နည်းပညာကို ဒီထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမယ်လို့လည်း ဆိုပါတယ်။ နောက်မျိုးဆက်တစ်ခုဖြစ်တဲ့ ဖာတာ့မိုဘင် ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း၊ အဲဒီ ဒုံးကျည်ဟာ မြေပြင် ရေပြင်ပစ်မှတ်တွေကို မလွဲအောင် ထိမှန်နိုင်စွမ်းရှိကြောင်း နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနဖြစ်တဲ့ အီရစ်မှာ ဖော်ပြခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့ပိတ်ဆို့မှုအသစ်တွေ အပြင် အမေရိကန်နိုင်ငံရဲ့ ရန်လိုစစ်မက်ပြုဟန်ကလည်း နိုင်ငံတွင်းမှာ ကာလရှည်ကြာ ပြဿနာများကိုဖြစ်စေတယ်လို့ အုပ်ချုပ်မှုထိပ်ပိုင်းအရာရှိများ ပါမကျန် အီရန်နိုင်ငံသားအတော်များများက သုံးသပ်ကြပါတယ်။

### ပြင်ပကြောင့်မဟုတ်ဘဲ ပြည်တွင်းကြောင့်သာဖြစ်

သို့သော်လည်း ဒီနေ့ နေ့စဉ်ကြုံတွေ့နေရတဲ့ ပြဿနာတွေဟာ ပြင်ပကြောင့် မဟုတ်ဘဲ ပြည်တွင်းကြောင့်သာ ဖြစ်တယ်လို့ ခါမေနီက တခြား တွစ်တာ လူမှုကွန်ရက်စာမျက်နှာမှာ ရေးသား ဖော်ပြခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့အခုလိုပိတ်ဆို့မှုဟာ ဘာမှ မထိရောက်ဘူး။ သို့သော်လည်း အဓိကအရေးကြီးဆုံးကတော့ ဒီပြဿနာကို ဘယ်လို ကိုင်တွယ်ဖြေရှင်းသွားမလဲ ဆိုတာပဲ ဖြစ်ပါတယ်လို့ ခါမေနီက ဆက်လက်ပြောကြားခဲ့ပါတယ်။

ရူဟာနီရဲ့ စီးပွားရေးစီမံခန့်ခွဲမှုနဲ့ ပတ်သက်ပြီး အထူးသဖြင့် ငွေကြေးတန်ဖိုးကျဆင်းလာမှု (ပြီးလကတည်းမှစကာ ငွေကြေးဟာ သူ့ရဲ့တန်ဖိုးထက် ထက်ဝက်လောက် လျော့နည်းလာတဲ့) အပေါ် ခါမေနီက မှတ်ချက်ပြုခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်ပတ်ကလည်း တော်လှန်ရေးအစောင့်တပ်ဖွဲ့ (Revolutionary Guards)တပ်မှူး မိုဟာမက်အလီ ဂျာဖာရီဟာ ရူဟာနီကို ဈေးနှုန်းကြီးမြင့်မှုတွေကို ထိန်းချုပ်ဖို့၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနဲ့ ရွှေဈေးအဆမတန် များပြားလာခြင်းကို ကိုင်တွယ်ဖို့အတွက် တော်လှန်ရေးတပ်ဖွဲ့အနေနဲ့ သင့်တော်တဲ့ဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ပြောကြားခဲ့တယ်လို့ ရှေးရိုးစွဲ ကွန်ဆာဗေးတစ် တာ့စ်နင်သတင်းအေဂျင်စီမှာ ဖော်ပြခဲ့ပါတယ်။

### ရန်သူနဲ့ အမှတ်တမဲ့တောင် ကစားခြင်းမပြုမိဖို့လို

သို့သော်လည်း ခါမေနီက ရူဟာနီ နုတ်ထွက်ရေးကို လိုလားတဲ့ ကွန်ဆာဗေးတစ်တွေကို "ရန်သူနဲ့ အမှတ်တမဲ့တောင် ကစားခြင်းမပြုမိဖို့ လိုတယ်" ဆိုပြီး ဝေဖန်မှုတွေပြုခဲ့ပါတယ်။

အစိုးရအနေနဲ့ အာဏာကို ဆက်လက်ကျင့်သုံးရမှာဖြစ်ပြီး ပြဿနာတွေကိုဖြေရှင်းဖို့ သူ့ရဲ့ တာဝန်တွေကို စွမ်းစွမ်းတမံ လုပ်ဆောင်ဖို့လိုကြောင်း ခါမေနီက ဆက်လက်ပြောကြားခဲ့ပါတယ်။ အီရန်နိုင်ငံမှာ အကျင့်ပျက်ခြစားခြင်း အမြစ်တွယ်နေတဲ့အပေါ် လှံ့လစိုက်ထုတ်ဖြေရှင်းဖို့ နည်းဗျူဟာများလည်း လိုအပ်ပါတယ်။ အကျင့်ပျက်ခြစားခြင်းကို ခါမေနီက တစ်ခါတုန်းက "ခေါင်းခုနစ်လုံးပါနဂါး" တစ်ကောင်နဲ့ ခိုင်းနှိုင်းပြီး အလွန် ဆိုးရွားကြောင်း သာဓကထုတ်ခဲ့ပါတယ်။

တရားရေးမဏ္ဍိုင် အနေနဲ့လည်း အကျင့်ပျက်ခြစားခြင်းနှိမ်နင်းမှုမှာ စုစုပေါင်း ၆၇ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး နိုင်ငံတွင်းက ထွက်ခွာမယ့် အစိုးရဝန်ထမ်း ၁၀၀ ကျော်ကို ဟန့်တားနိုင်ခဲ့ကြောင်း ဩဂုတ်လ ၁၂ ရက်က ပြောခဲ့ပါတယ်။

### ပါလီမန်အနေနဲ့ မရှောင်လွှဲစေချင်

တရားရေးမဏ္ဍိုင် အကြီးအကဲဖြစ်သူ ဆာဒ့်ါလာရီဂျနီက စီးပွားရေးရာဇဝတ်မှုများကိုလည်း အမြန်ကိုင်တွယ်ဖို့အတွက် အထူးတော်လှန်ရေး တရားရုံးတွေ တည်ထောင်ခွင့်ပြုဖို့ စာရေးသားတောင်းဆိုမှုကိုလည်း ခါမေနီက သဘောတူ ခွင့်ပြုခဲ့တယ်လို့ သိရပါတယ်။

အဲဒီလို လုပ်ရှားဆောင်ရွက်မယ့် အနေအထားနဲ့ ပတ်သက်ပြီး တချို့ဥပဒေပြုသူတွေက ဝေဖန်ခဲ့ကြပါတယ်။ နာမည်ကြီး ပါလီမန်အဖွဲ့ဝင်တစ်ဦးဖြစ်သူ အလီမိုတာရီက စည်းမျဉ်းအသစ်တွေ ရေးတဲ့အခါမှာ ပါလီမန်အနေနဲ့ မရှောင်လွှဲစေချင်ကြောင်း ပြောခဲ့ပါတယ်။

### ဘက်ပေါင်းစုံထိုးနှက်မှု ဖိအားတွေကို ခံနေရ

နျူကလီးယားသဘောတူညီချက်မှာ သဘောထားကွဲလွဲမှုတွေ ဖြစ်တာနဲ့ရော စီးပွားရေးကျဆင်းလာပြီး ဈေးနှုန်းတွေ မြင့်တက်လာတဲ့ကိစ္စနဲ့ပါ ရူဟာနီက ဘက်ပေါင်းစုံက ထိုးနှက်မှု ဖိအားတွေကို လတ်တလောမှာ ခံနေရပါတယ်။

အီရန် နျူကလီးယားသဘောတူညီချက်မှာ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့က အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုအသစ်တွေကို ခုခံသွားဖို့ ကတိပေးခဲ့ပေမယ့် အီရန်အခြေစိုက် နိုင်ငံခြားကုမ္ပဏီတွေဟာ အမေရိကန်ရဲ့ ပိတ်ဆို့အရေးယူမှုကို စိုးထိတ်တဲ့အတွက် လုပ်လက်စစီမံကိန်းတွေကို ရပ်ဆိုင်းပြီး အီရန်နိုင်ငံက ဆုတ်ခွာသွားနေကြပြီ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံက နိုဝင်ဘာလမှာ ပိတ်ဆို့အရေးယူမှုတွေကို ဒုတိယအကျော့ ပြန်လည်ပြုလုပ်မယ့် အခါမှာတော့ အီရန်နိုင်ငံရဲ့ ရေနံရောင်းချမှုဟာ သိသာစွာကျဆင်းလာမှာဖြစ်ပြီး ကျွမ်းကျင်သူတွေရဲ့ အဆိုအရ ရေနံရောင်းချမှုမှာ တစ်နေ့လျှင် ရေနံစည်ပေါင်း ၇၀၀၀၀၀ လောက် ကျဆင်းမယ်လို့ဆိုပါတယ်။

### ရေနံကို လျှော့ဈေးနဲ့ရောင်း

အီရန်နိုင်ငံအနေနဲ့ ရေနံရောင်းဝယ်မှုမပျက်အောင် အာရှဖောက်သည်တွေကို ရေနံဈေးကို လျှော့ဈေးနဲ့ ရောင်းနေရကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီဖြစ်တဲ့ အီရာနာ (IRNA) မှာဖော်ပြခဲ့ပါတယ်။

အမေရိကန်သမ္မတ ထရန့်ရဲ့ ဆွေးနွေးမှုပြုရေး ကမ်းလှမ်းချက်ဟာ "အန္တရာယ်ရှိတဲ့ ကစားနည်း" တစ်ခု ဖြစ်တယ်လို့ခါမေနီက မကြာသေးမီတွင် ပြောခဲ့ပါတယ်။ ထို့အတူ အမေရိကန် သမ္မတထရန့်ရဲ့ အစိုးရအဖွဲ့ကိုလည်း "နိုင်လိုမင်းထက်ပြုပြီး မရိုးသားတဲ့ အစိုးရ" လို့ ခါမေနီက ဆက်လက်ပြောကြားခဲ့ပါတယ်။

အီရန်နိုင်ငံအနေနဲ့ လက်ရှိ အမေရိကန်အစိုးရနဲ့ ပြေလည်အောင် ညှိနှိုင်းဆွေးနွေးမှာလည်း မဟုတ်သလို ဆွေးနွေးမှုဟာ လုံးဝဖြစ်လာနိုင်ဖို့လည်း အလားအလာ မရှိကြောင်း ပြောခဲ့ပါတယ်။ အမေရိကန်က အီရန်ကို ဆွေးနွေးမှုလုပ်ဖို့ လမ်းဖွင့်ပေးခဲ့ပေမယ့် အီရန်က အမေရိကန်ကို မယုံကြည်ခဲ့ပါဘူး။ ခါမေနီကတော့ လက်ရှိ အမေရိကန်အစိုးရအပေါ် ဝေဖန်မှုတွေပြုလုပ်ထားတာ တွေ့ရတဲ့အတွက်ကြောင့် အီရန်နဲ့ အမေရိကန်တို့ဟာ ဘယ်လောက်ကြာအောင် အေးစက်မာကျော ခက်ထန်မှုတွေ ဖြစ်နေမလဲဆိုတာ လေ့လာစောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

**"အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုအသစ်တွေအပြင် အမေရိကန်နိုင်ငံရဲ့ ရန်လို စစ်မက်ပြုဟန်ကလည်း နိုင်ငံတွင်းမှာ ကာလရှည်ကြာ ပြဿနာများကို ဖြစ်စေတယ်လို့ အုပ်ချုပ်မှုထိပ်ပိုင်းအရာရှိများပါမကျန် အီရန်နိုင်ငံသားအတော်များများက သုံးသပ်ကြ"**

# ချင်းတွင်းမြစ်ရေအခြေအနေနှင့် ရှုခင်းကို ကြည့်ရှုနိုင်မည့် ရှုရပ်ဆောင်တစ်ခု မုံရွာတွင်ဆောက်လုပ်နေ

**မုံရွာ ဩဂုတ် ၁၄**

ချင်းတွင်းမြစ်၏ မြစ်ရေအခြေအနေနှင့် မြစ်အတွင်းသဘာဝ ရှုခင်းများကို ကြည့်ရှုလေ့လာနိုင်မည့် ရှုရပ်ဆောင်တစ်ခုကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အိုးဘိုတောင်ရပ်ကွက်ရှိ တိုင်းဒေသကြီးလွှတ်တော်ရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မျက်နှာစာ ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ဆောက်လျက်ရှိကြောင်း မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ချင်းတွင်းမြစ်ရေကြီးချိန်မှာ စောင့်ကြည့်နိုင်ဖို့နဲ့ ညနေပိုင်းတွေမှာ မိသားစုတွေ၊ သူငယ်ချင်းတွေ လာရောက်အပန်းဖြေရင်း ချင်းတွင်းမြစ်အတွင်းက သဘာဝရှုခင်းတွေကို ကြည့်ရှုခံစားနိုင်ဖို့အတွက် ဆောက်လုပ်တာပါ၊ ချင်းတွင်းတာပေါင်ပေါ်မှာလည်း ထိုင်ခုံလေးတွေ၊ အားကစားလုပ်လို့ရတဲ့ ပစ္စည်းတွေ တပ်ဆင်ထားပါတယ်၊ ရှုရပ်ဆောင်မှာတော့ လေးထောင့်သံပိုက်လုံးလက်ရန်းတွေ တပ်ဆင်ပေးထားတယ်၊ နောက်ပြီး မြစ်အတွင်းကိုဆင်းပြီး လေ့လာနိုင်ဖို့အတွက်လည်း ကွန်ကရစ်လှေကားတစ်စင်း တည်ဆောက်ပေးသွားမှာပါ" ဟု မုံရွာမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

ရှုရပ်ဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၂၂ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင် တည်ဆောက်ရေးလုပ်ငန်း ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ရှုရပ်ဆောင်သည် အလျား ပေ ၁၀၀၊ အနံ ပေ ၅၀ ရှိကာ အောက်ခြေ ကျောက်စီအုတ်ရိုးပေါ်တွင် နှစ်လက်မပတ်လည် လေးထောင့်သံချောင်းလက်ရန်းများ ကာရံသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရှုရပ်ဆောင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ် ၂၇၅ သိန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ကရင်ပြည်နယ်မှ ရေမြုပ်လယ်များ ပြန်လည်ထူထောင်ရေးနှင့် ခေတ်မီစိုက်စနစ်အကြောင်း အလုပ်ရုံဆွေးနွေး

**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ရေနစ်မြုပ်ခဲ့သည့်လယ်မြေများကို ပြန်လည်ထူထောင်ရေးနှင့် ခေတ်မီစိုက်စနစ် မှန်ကန်စွာ အသုံးပြုရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GMS AEDC တို့ ပူးပေါင်းပြီး ဩဂုတ် ၁၃ ရက်က ဘားအံမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးတက္ကသိုလ်မှ အငြိမ်းစားတွဲဖက်ပါမောက္ခ ဦးသိန်းဆုက ရေကြီးနစ်မြုပ်ခဲ့သည့်လယ်မြေများ ပြန်လည်ထူထောင်ရေးနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်ဆိုင်ရာများကို ဦးဆောင်ဆွေးနွေးပြီး ရေကြီးနစ်မြုပ်ခဲ့သည့်ဒေသများမှ စိုက်ပျိုးရေးဝန်ထမ်းများ၊ ပြည်နယ်/ခရိုင်/မြို့နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းနှင့် ပြည်နယ် ဆန်စပါးထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ပေးနေကြသည့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက "ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့တဲ့အတွက် ရေပြန်ကျသွားတာနဲ့ စိုက်ပျိုးနိုင်ဖို့ ရက်တိုမျိုးတွေဖြစ်တဲ့ ရက် ၉၀ နဲ့ ၁၀၅ ရက် နှံကောက်မျိုးစပါးများကို စတင်ဖြန့်ဝေနေပါပြီ၊ ကျွန်တော်တို့ဆီမှာ ကျေးရွာအလိုက် ပျက်စီးဆုံးရှုံးမှု ဧကစာရင်းတွေ ရှိပါတယ်၊ အဲဒါတွေကို တစ်ဦးချင်းအလိုက် စာရင်းကိုက်ပြီး စိုက်ပျိုးလို့ရပြီဆိုတာနဲ့ ချက်ချင်း ပျိုးထောင်စိုက်ပျိုးလို့ရအောင် တောင်သူလက်ဝယ်သို့ နည်းလမ်းမျိုးစုံနဲ့ ဖြန့်ဖြူးပေးနေခြင်းဖြစ်ပါတယ်၊ တောင်သူလယ်သမားများအနေနဲ့ ချက်ချင်းအချိန်မီပြန်စိုက်နိုင်မယ့် သက်တမ်းတိုမျိုးများဖြစ်လို့ အဆင်ပြေမှာဖြစ်ပါတယ်၊ တောင်သူများအား ပန်ကြားချင်တာကတော့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကနေ မျိုးစပါးများ ထောက်ပံ့ပေးနေပါတယ်၊ ဒါကြောင့်မို့ တောင်သူများအနေနဲ့ မိမိတို့ရေကြီးနစ်မြုပ်ခဲ့တဲ့စပါးတွေကို အချိန်မီစိုက်ပျိုးနိုင်ဖို့ မျိုးစပါးတွေရရှိရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးတွေထံမှာ စာရင်းပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု ပြောကြားသည်။

ကရင်ပြည်နယ်တွင် ဇူလိုင်လ တတိယပတ်မှ စတင်ပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကာ အဆိုပါရေကြီးမှုကြောင့် ဒေသခံတောင်သူ ၉၈၀၀ ကျော် စိုက်ပျိုးထားသော မိုးစပါးစိုက်ဧက ၁၉၁၂၂၅ ဧကအနက် ၅၄၄၁၄ ဧကသို့ ရေဝင်ရောက်ခဲ့ကာ ပျက်စီးမှုအနေဖြင့် အနည်းဆုံး ဧက ၈၈၀၀ မှ ဧက ၁၀၀၀၀ ကျော်အထိ ရှိနိုင်ကြောင်း သိရသည်။ ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများကို ပြည်နယ်တစ်ခုလုံးအတိုင်းအတာအရ ပြန်လည်ထူထောင်နိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှာလည်း ရေကြီးမှုပြီးသည့်နောက် နောက်ဆက်တွဲဆောင်ရွက်ရမည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဒေသအသီးသီးမှ စိုက်ပျိုးရေးဝန်ထမ်းများ၊ မျိုးစေ့ထုတ်လုပ်သူများ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် တောင်သူလယ်သမားများအား မှန်ကန်သောနည်းလမ်းများဖြင့် ကူညီပေးနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# ညောင်လေးပင်မြို့နယ်မှ ရေနစ်မြုပ်ခဲ့သည့် လယ်မြေများအတွက် မျိုးစပါးများပေးအပ်

**ညောင်လေးပင် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ဇူလိုင်လကုန်ပိုင်းက ရေကြီးရေလျှံမှုများကြောင့် လယ်ယာမြေများပျက်စီးခဲ့ရာ အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က မျိုးစပါး တင်းတစ်ထောင်နီးပါးကို ဒေသခံတောင်သူများထံသို့ ဩဂုတ် ၁၃ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးတို့က ရက် ၉၀ စပါးမျိုး တင်း ၉၉၀ နှင့် ရေဘေးကယ်ဆယ်ရေးအတွက် ယူနီဆက်ဖ်မှထောက်ပံ့သည့် ပစ္စည်းများကို တောင်သူများနှင့် ရေဘေးသင့်ပြည်သူများအတွက် ပေးအပ်ခဲ့သည်။

ညောင်လေးပင်မြို့နယ်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ စုစုပေါင်း ဧက ၁၁၇၇၁၀ ရှိပြီး ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးပြီးလယ်မြေ ၄၉၈၄၉ ဧကတွင် ရေဝင်ရောက်ခဲ့ကာ ဩဂုတ် ၁၂ ရက်အထိ စာရင်းအရ ထိခိုက်သည့်လယ်မြေ ၁၈၂၀၂ ဧကရှိပြီး ၈၂၄ ဧကမှာ ပျက်စီးခဲ့ကြောင်း သိရသည်။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သော လယ်မြေများကို ပြန်လည်ထူထောင် စိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရက ဦးဆောင်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ထန်းတပင်မြို့နယ်၌ ထူးကဲဒီရေမြင့်တက်၍ ကျောင်းခုနစ်ကျောင်း ယာယီပိတ်ထားရ

**ထန်းတပင် ဩဂုတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ဩဂုတ် ၁၂ ရက် ညနေပိုင်းမှစတင်ကာ ထူးကဲဒီရေမြင့်တက်လာမှုကြောင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ခုနစ်ကျောင်းကို ဩဂုတ် ၁၃ ရက်မှစ၍ သုံးရက်ကြာ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထူးကဲဒီရေမြင့်တက်လာမှုကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ အမက (အပြင်ရေကျော်)၊ အမက (ကဇန်း)၊ အမက(စံချောင်း)၊ အမက(ချောင်းဝ)၊ အမက(အစုကြီး)၊ မူလတန်းလွန်ကျောင်း(ကလိန်)နှင့် ထန်းတပင်မြို့ပေါ် အမှတ်(၁)ရပ်ကွက်ရှိ မူလတန်းကျောင်း စုစုပေါင်း ခုနစ်ကျောင်းတွင် ဩဂုတ် ၁၂ ရက် ညနေပိုင်းမှစ၍ ကျောင်းဝင်းအတွင်းနှင့် စာသင်ခန်းများအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရသည်။

ထို့ကြောင့် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူ ကလေးငယ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် ရေဝင်နေသော အဆိုပါ ကျောင်းများကို သုံးရက် ယာယီပိတ်ထားပေးခြင်းဖြစ်ပြီး ကျောင်းပိတ်ရက်များကို ရေကျပြီးနောက် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အစားထိုး၍ ပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ထန်းတပင်မြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နှင့် ကယားပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကိုယ်လက်လှုပ်ရှားအားကစားကို ဩဂုတ် ၁၃ ရက်က ပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ အမှုဆောင်များနှင့် ပြည်သူ ၂၀၀၀ ကျော် စုပေါင်း ဆင်နွှဲကြစဉ်။ အေးကေလင်း

# နေပြည်တော်၌ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ ပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးကော်မတီက ကြီးမှူး၍ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပြုလုပ်ပေးလျက်ရှိရာ ဒက္ခိဏသီရိရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၃ ရက်က ဟောပြောပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းနုကြည်က လျှပ်စစ်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်လှုပ်နေစဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လျှပ်စစ်လှုပ်ပြီးသည့်နောက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များ စသည်တို့ကို ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲရင့်ကျော်က လျှပ်စစ်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မီးဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးလှဝင်းက ဘေးအန္တရာယ်များနှင့်ကြုံတွေ့လာပါက ထိခိုက်မှုနည်းပါးစေရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး စီမံထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် ဟောပြောပွဲသို့တက်ရောက်သော ကျောင်းသား ကျောင်းသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို တာဝန်ရှိသူများက ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

အာရှအားကစားပြိုင်ပွဲအကြိုဆောင်းပါး

# အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်နေသည့် မြန်မာသေနတ်ပစ်အဖွဲ့

ညီမြတ်သော်တာ

ဓာတ်ပုံ- စိုးညွန့်



အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲမှာ စတင်ကျင်းပနေပြီဖြစ်ပြီး ကျန်ရှိသည့် အားကစားနည်းများမှာလည်း ဩဂုတ် ၁၉ ရက်မှစ၍ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ရှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သေနတ်ပစ် အားကစားနည်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သောကြောင့် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မြန်မာသေနတ်ပစ်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် ကစားသမားလေးဦးဖြင့် ပြိုင်ပွဲအမျိုးအစားငါးမျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသော်လည်း လေ့ကျင့်ပြင်ဆင်မှုအပိုင်းကို ပြင်းပြင်းထန်ထန် ပြုလုပ်ထားသောကြောင့် ပြိုင်ဘက်ကစားသမားများကို အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖွယ်ရှိနေသည်။ မြန်မာသေနတ်ပစ်အဖွဲ့သည် ၁၀ မီတာ လေပစ္စတို တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ၊ ၂၅ မီတာ Sport ပစ္စတိုပြိုင်ပွဲ၊ ၂၅ မီတာ လေရိုင်ဖယ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အာရှအားကစားပြိုင်ပွဲအတွက် ကစားသမားရှစ်ဦးနဲ့ စတင်လေ့ကျင့်ပြင်ဆင်ခဲ့ပြီး အပြီးသတ် လေးဦးရွေးချယ်ထားပါတယ်။ ပြိုင်ပွဲအမျိုးအစားငါးမျိုးမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဆီးဂိမ်းပြိုင်ပွဲအပြီးမှာ နိုင်ငံတကာပြိုင်ပွဲတွေ ယှဉ်ပြိုင်ခဲ့တာမရှိပေမယ့် အခက်အခဲအများကြီးမရှိပါဘူး။ ပြိုင်ပွဲဝင်ကစားသမားတွေကို လစဉ်လက်ရည်စစ်ပွဲတွေပြုလုပ်ပြီး ရတဲ့ရမှတ်တွေအပေါ်ကြည့် ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ကစားသမားတွေကို ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ တိုးတက်လာအောင် သင်ကြားပေးထားပါတယ် "ဟု မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးဝင်းက ပြောသည်။ ပြိုင်ပွဲဝင်မည့် မြန်မာသေနတ်ပစ် အဖွဲ့တွင် ၂၀၁၇ ဆီးဂိမ်းရွှေဆုရှင် မေပိုးဝါ အပါအဝင် အမာခံကစားသမား အများစုပါဝင်လာသည်။ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာသေနတ်ပစ်အဖွဲ့တွင် အုပ်ချုပ်သူ-ဦးခင်မောင်ထူး၊ နည်းပြ- ဦးမြင့်အောင်၊ ကစားသမားများအဖြစ် အမျိုးသား-ရဲထွန်းနောင်၊ ကျော်စွာဝင်း၊ အမျိုးသမီး-မေပိုးဝါနှင့် မြတ်ရတနာဦးတို့ ပါဝင်ကြသည်။



မြန်မာ့လက်ရွေးစင် သေနတ်ပစ်ကစားသမား ကျော်စွာဝင်း။



မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားမယ် မြတ်ရတနာဦး လေ့ကျင့်နေစဉ်။

မြန်မာသေနတ်ပစ်အဖွဲ့သည် အာရှအားကစားပြိုင်ပွဲတွင် အစကာလ ကတည်းက ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်မရဖူးသော်လည်း ထိုက်သင့်သည့်အောင်မြင်မှုများ ရယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်ကို ဇူလိုင်လက အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် မြန်မာ့လက်ရွေးစင် သေနတ်ပစ်ကစားသမားဟောင်း ဦးကျော်မိုးဝင်းအား ခန့်အပ်ခဲ့သည်။

အာရှအားကစားပြိုင်ပွဲ၏ သေနတ်ပစ်ပြိုင်ပွဲကို ပလန်ဘမ်မြို့၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့အဆင့်ပြိုင်ပွဲနှင့် အိုလံပစ်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်နေသည့် ကစားသမားများ ပါဝင်လာမည်ဖြစ်သောကြောင့် မြန်မာသေနတ်ပစ်ကစားသမားများအနေဖြင့် အောင်မြင်မှုရရန် ခက်ခက်ခဲခဲကြိုးစားရဖွယ် ရှိနေသည်။ မြန်မာသေနတ်ပစ်အဖွဲ့သည် အောင်မြင်မှုရရန် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။



မြန်မာ့လက်ရွေးစင် သေနတ်ပစ်အားကစားမယ် မေပိုးဝါ။

> "မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းရှစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သေနတ်ပစ်အားကစားနည်းမှာမူ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရခဲ့သောကြောင့် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်"

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၄-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၁၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၅ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၅ ကျပ် | ၉၅၅/၉၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀/၁၀၃၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၅ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၃ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၁၇ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၁ ・ ၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၈၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၆ ・ ၅၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၇၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

# မူဆယ်-နမ့်ခမ်းလမ်း ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးဆောင်ရွက်နေသော်လည်း ယာဉ်ကြောပိတ်ဆို့မှုများရှိနေ

**နမ့်ခမ်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်-နမ့်ခမ်း လမ်းသည် ယာဉ်ကြီးယာဉ်ငယ်များ နေ့စဉ်သွားလာမှုများပြားကာ မကြာခဏယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားသဖြင့် မူဆယ်-နမ့်ခမ်းလမ်း ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးနှင့် လမ်းပိုင်းပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ကုန်တင်ယာဉ်ကြီးများကို အတက်၊ အဆင်း တစ်လှည့်စီ မောင်းနှင်သွားလာကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုန်တင်ယာဉ်များသည် ဩဂုတ် ၁၁ ရက်မှစတင်၍ မူဆယ်မှနမ့်ခမ်းသို့ အတက်ယာဉ်များအဖြစ်လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် နမ့်ခမ်းမှ မူဆယ်သို့ အဆင်းယာဉ်များအဖြစ်လည်းကောင်း နေ့စဉ်အလှည့်ကျ တစ်လှည့်စီ ပြေးဆွဲမောင်းနှင်သွားလာလျက်ရှိသည်။

သို့ရာတွင် ဩဂုတ် ၁၂ ရက်က ကုန်တင်ယာဉ်များ နမ့်ခမ်းမှမူဆယ်သို့ အဆင်းယာဉ်များအဖြစ် မောင်းနှင်သွားလာကြသော်လည်း မူဆယ်မြို့နယ်အပိုင်းရှိ နမ့်စန့်ရွာ၊ နမ့်လောင်းရွာ၊ မန့်နှင်ရွာ၊ မန့်ဟိုင်းရွာ၊ ကောင်းမူးလွယ်ရွာအနီးရှိ လမ်းပိုင်းနေရာများတွင် ယခင်ရက်များကတည်းက နွံနစ်နေသောကုန်တင်ယာဉ်ကြီးများ ပိတ်ဆို့နေသောကြောင့် လူစီးယာဉ်ငယ်များသွားလာ၍မရဘဲ လမ်းခုလပ်နေရာများမှနေ၍ နောက်ကြောင်းပြန်လှည့်ခဲ့ကြရသည်။

နမ့်ခမ်းမြို့တွင် နမ့်ခမ်း-မူဆယ် ပြေးဆွဲနေသော ရွှေရာဇာ၊ တိမ်ဖြူစတား ယာဉ်ငယ်နှစ်ဂိတ်တွင် ယာဉ်များပြေးဆွဲခြင်းမရှိသဖြင့် ဂိတ်ပိတ်ထားပြီး ဂိတ်ဖွင့်ပြေးဆွဲနေသော မြစ်ရွှေလီဂိတ်တွင် အလှည့်ကျယာဉ်ငယ်များ လာရောက်ဂိတ်ထိုးကြသော်လည်း သွားလာမရဖြစ်ကာ ခရီးသည်များ အခက်ကြုံနေကြရသည်။ ဇူလိုင်လက တစ်ဦးလျှင် ယာဉ်စီးခငွေကျပ် ၃၀၀၀ မှ ၄၀၀၀ အထိ ဈေးတက်လာပြီး ယခုရက်ပိုင်းတွင် ငွေကျပ် ၅၀၀၀ အထိ ဈေးမြင့်တက်လာခဲ့သည်။

မူဆယ်မှ နမ့်ခမ်း၊ နမ့်ခမ်းမှမူဆယ် ပြေးဆွဲနေသော ယာဉ်ငယ်များသွားလာ၍မရဘဲ ရပ်တန့်ထားရသဖြင့် မိသားစုဝင်ငွေရှာနေကြရသောယာဉ်မောင်းများ အခက်ကြုံရပြီး အရေးကြီးသွားလာရန် လိုအပ်သောခရီးသည်များသည် ဆိုင်ကယ်ကိုငွေကျပ် ၂၀၀၀၀ ပေး၍ နမ့်ခမ်းမှ မူဆယ်သို့ သွားလာကြရသောကြောင့် ဆက်သွယ်သွားလာရေး အဆင်မပြေဖြစ်ကြရကြောင်း သိရသည်။

၁၁၈

## ရွှေဘိုတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော

**ရွှေဘို ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ် (၇) ရပ်ကွက် ရွှေပြည်တန်ကိုယ်ပိုင် အထက်တန်းကျောင်း၌ ယမန်နေ့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်က အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး အမှတ် (၁၄) လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စုရဲအုပ် မင်းပိုင်က လူကုန်ကူးခံရနိုင်သော အခြေအနေများနှင့်စပ်လျဉ်း၍ လူကုန်ကူးမှုအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက လူကုန်ကူးမှုကျူးလွန်ပါက အရေးယူခံရမည့်ဥပဒေပြဋ္ဌာန်းချက်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အိသက်ခိုင်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး(တာဝန်) - ဝင်းကျော်
စာတည်းမှူး - မြင့်ဆွေ (သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဇာတိမြေဇာတ်ကားတွင် ဂျပန်စကားပြောဆိုမှု အခက်အခဲကို ဝတ်မှုံရွှေရည် ရှင်းပြ



**ဂျပန်-မြန်မာချစ်ကြည်ရေးအဖြစ် ရိုက်ကူးတင်ဆက်ထားသည့် ဇာတိမြေ ရုပ်ရှင်ဇာတ်ကားကြီး ရုံမတင်ခင် လူမှုကွန်ရက်တွင် ပျံ့နှံ့သွားခဲ့သောကြောင့် ရိုက်ကူးထုတ်လုပ်သူများ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည့်အပြင် အဆိုပါရုပ်ရှင်တွင် ပြင်ဆင်ချိန်နှစ်လသာ အချိန်ရခဲ့ပြီး တောင်ပေါ်သူရှမ်းမလေး နန်းဟပ်ခေးစံအဖြစ် သရုပ်ဆောင်ခဲ့သည့် ဝတ်မှုံရွှေရည်၏ ဂျပန်စကားပြောဆိုမှုအပေါ်လည်း ပရိသတ်များ၏ ဝေဖန်မှုများရှိခဲ့သည်။**

ဇာတိမြေရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ခဲ့မှုနှင့် ပတ်သက်၍ ထပ်ဆင့်အကယ်ဒမီ ဝတ်မှုံရွှေရည်က "ဒီကားထဲမှာ ကစ်က နန်းဟပ်ခေးစံဆိုတဲ့ ရှမ်းမလေးနေရာက သရုပ်ဆောင်ထားပါတယ်၊ ဂျပန်မှာမွေးပြီး ဂျပန်မှာပဲ ကြီးပြင်းခဲ့ရတဲ့ မြန်မာပြည်က ကောင်မလေးပေါ့၊ ဒီဇာတ်ကားက အချစ်ကားလည်း မဟုတ်သလို သာမန်သမားရိုးကျဇာတ်လမ်းလည်း မဟုတ်ပါဘူး၊ နိုင်ငံရေးနဲ့လည်းဆက်စပ်တဲ့ နှစ်နိုင်ငံချစ်ကြည်ရေးကားပါ၊ မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးတဲ့ကားလည်း ဖြစ်တဲ့အတွက်ကြောင့် နည်းနည်းတော့ တာဝန်ကြီးပါတယ်၊ ပြီးတော့လည်း ဒီကားရိုက်ခါနီး သုံးလလောက်အလိုမှ ကစ်ကို လာပြီးပြောတာ၊ ဇာတ်ရုပ်က ကစ်က ဂျပန်မှာမွေးပြီး ဂျပန်မှာပဲကြီးပြင်းလာတဲ့ ကောင်မလေးဆိုတော့ ဂျပန်လိုပြောရတယ်၊ အဲဒီအတွက် ဂျပန်စကားလေ့ကျင့်ဖို့ နှစ်လလောက်ပဲ အချိန်ရလိုက်တယ်။ နောက်တစ်ခါ ဂျပန်မှာသွားရိုက်ပြန်တော့လည်း ကိုယ့်နိုင်ငံမဟုတ်တော့ မတူတာတွေ၊ အလုပ်လုပ်ရတဲ့စနစ်မတူတာတွေရယ်ကြောင့် ပြဿနာတွေ၊ အခက်အခဲတွေ၊ ဖိအားတွေ အများကြီး ရှိခဲ့တယ်။ ဒါပေမယ့် အဲဒါတွေကိုမမှုဘဲ ကစ်တို့ ဒီဇာတိမြေတစ်ဖွဲ့လုံး ဂျပန်ရော မြန်မာပါ စုပေါင်းပြီးတော့ သေသေချာချာကို အားစိုက်ပြီး ဖန်တီးခဲ့ကြရတာပါ" ဟု ပြောသည်။

ဂျပန်စကားပြောဆိုမှုအပေါ်တွင် ပရိသတ်များ၏ ဝေဖန်မှုများနှင့် ပတ်သက်၍လည်း ဝတ်မှုံရွှေရည်က "စကားပြောတာကျတော့ ကစ်က ဂျပန်စကားကို မွေးကတည်းက ပြောလာခဲ့တဲ့သူမှမဟုတ်တာ၊ ပြီးတော့ ဒီကားကို ရိုက်ခါနီး သုံးလလောက်အလိုမှာမှ ကစ်ကိုလာကမ်းလှမ်းတာ၊ ပြီးတော့လည်း အမှန်အတိုင်းပြောရရင် သူတို့ပြင်ဆင်တာ၊ ညှိနှိုင်းတာနဲ့ဆိုရင် ရိုက်မယ့်အချိန်နဲ့ စကားပြောသင်တဲ့အချိန်က နှစ်လလောက်ပဲ ရလိုက်တာ၊ ဒါပေမယ့် အဲဒီ နှစ်လလောက်ကို နေ့တိုင်း အိမ်မှာသင်တယ်၊ ရှူတင်ချိန်ပြီးတာနဲ့ ညဘက်ဆို အိမ်မှာသင်တယ်၊ မနက်ဆို အိမ်မှာသင်တယ်၊ ပြီးရင် ဂျပန်ရောက်တာနဲ့လည်း ဂျပန်မှာ သင်ရတယ်ပေါ့နော်၊ တောက်လျှောက် ရှူတင်မှာ နားနေတဲ့အချိန်မှာတောင် ဂျပန်ကလူတွေနဲ့ စကားပြောနေရတယ်၊ ဒါတောင် သူတို့လို မပြောနိုင်ဘူး၊ မွေးကတည်းကပြောလာတဲ့သူတွေနဲ့ ကိုယ်က နှစ်လလောက် သင်ခဲ့ရတာနဲ့တော့ နှိုင်းယှဉ်လို့ဘယ်ရမလဲ၊ ကိုယ့်ဘက်ကတော့ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ပြောခဲ့ပါတယ်၊ အဲဒါလေးတော့ နားလည်ပေးစေချင်ပါတယ်" ဟု ဆိုသည်။

**ကိုလင်း**

# အနုပညာရှင်များ စာဖတ်များမှ ဇာတ်လမ်းကောင်းများထွက်မည်ဟု မြတ်ကေသီအောင် ပြောကြား

ပရိသတ်များရင်ကို လှုပ်ခတ်စေခဲ့သော ရင်ဘတ်ထဲကခေါး ရုပ်ရှင်ဇာတ်ကားတွင် မောင်ဖြစ်သူ ပြေတီဦးနှင့် ယောက်မဖြစ်သူ အိန္ဒြာကျော်ဇင်တို့ကြား ခလောက်ဆန်ခဲ့သူအဖြစ် သရုပ်ဆောင်ခဲ့သလို လက်ရှိတွင်လည်း အထက်တန်းစားဟုအမည်ရသည့် ရုပ်ရှင်ဇာတ်ကားတွင် ထပ်မံပြီး ဗီလိန်ဇာတ်ရုပ်နှင့် တွေ့ရဦးမည့် သရုပ်ဆောင် မြတ်ကေသီအောင်က ယနေ့ခေတ်တွင် အနုပညာရှင်များ စာဖတ်များမှ ဇာတ်လမ်းကောင်းများထွက်မည်ဟု ပြောကြားလိုက်သည်။ မြတ်ကေသီအောင်၏ အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာတွင် ပြောကြားခြင်းဖြစ်သည်။

မေး။ ။ အစ်မ နောက်ပိုင်းဇာတ်ကားတွေမှာ ဗီလိန်ကာရိုက်တာတွေ အတွေ့များတယ်နော်။

ဖြေ ။ ။ အစ်မက အဲဒီလိုပုံစံလုပ်ရတာကိုကြိုက်တယ်၊ ကာရိုက်တာကိုလည်း အငြိမ်ထက် အသွက်ကို ပိုကြိုက်တယ်၊ မင်းသမီးတန်းထဲကနေပဲ အစ်မက ဇာတ်ကားတွေ ရိုက်ခဲ့တာဆိုတော့ ချစ်၊ ကြိုက်၊ ညား၊ ကွဲ ဆိုတာမျိုးကို လုပ်ရတာက ကိုယ့်အတွက် ရိုးနေပြီ၊ အဲဒီတော့ မလုပ်ဖူးတဲ့ဟာမျိုးပဲ အစ်မ လုပ်ချင်တယ်၊ ဒါပေမယ့် ကိုယ့်ကို လာငှားတဲ့အခါ ကိုယ် ဘယ်ကာရိုက်တာကို လုပ်မလဲဆိုတာကို သေချာတော့ ကြည့်ဖြစ်တယ်၊ အများဆုံးကလည်း အစ်မနဲ့လိုက်မယ့် ကာရိုက်တာမျိုးကိုသာ လာငှားကြတာများတော့ ဟိုဟာရိုက်မယ်၊ ဒါရိုက်ချင်တယ်ဆိုပြီး ပြောရတာမျိုး သိပ်မရှိပါဘူး။

မေး ။ ။ ရုံတင်ကားတွေ များလာတယ်၊ ဒါပေမယ့် ဇာတ်ကားကောင်းနည်းတယ်လို့ မထင်မိဘူးလား။

ဖြေ ။ ။ ဇာတ်ကားရိုက်တာတွေများတာတော့ ကောင်းတာပေါ့နော်၊ ဟိုအရင်တုန်းကဆို ဇာတ်ကား ၈၀ လောက်ထဲက အကယ်ဒမီအတွက် ရွေးတဲ့အခါ ဇာတ်ကားများတော့ ပါတဲ့သူတွေ ရင်ခုန်ကြရတာ ပျော်စရာတစ်ခုပေါ့နော်၊ အခုဒီဘက်ခေတ်က ဇာတ်ကားတော့များတယ်၊ ဒါပေမယ့် သုံး၊ လေးကားလောက်ပဲ ဒရမ်မာဇာတ်ဖြစ်နေတယ်၊ အဲတော့ ဘယ်သူရမလဲဆိုတာ ကြိုသိနေတဲ့ပုံစံကြီးက အလွန်အောက်တယ်။

မေး ။ ။ ဗီဒီယိုကားတွေ နည်းလာတဲ့အပေါ် အစ်မရဲ့အမြင်လေး။

ဖြေ ။ ။ အစ်မတို့တုန်းကဆို အချို့ဗီဒီယိုဇာတ်ကားတွေက ရုံတင်ကားကြီး တစ်ကား ပြန်ရိုက်ရင်တောင်ရတဲ့ ကားကောင်းတွေဆိုတာ အများကြီး၊ အခုနောက်ပိုင်းကျတော့ ပရိသတ်အကြိုက် ဟာသတွေရိုက်လာတာ များခဲ့ပြီး ပြီးတော့ တဖြည်းဖြည်းနဲ့ ဒရမ်မာဘက်ကိုပြန်လည်လာပြန်ရော၊ အခု အစ်မအမြင်တော့ ဟာသကားရိုက်တာ တဖြည်းဖြည်းနည်းလာတယ်လို့ ထင်တာပဲ။

မေး ။ ။ ဇာတ်အိမ်ရှားပါးမှုကြောင့် ဇာတ်ကားကောင်းတွေ နည်းလာတယ်ဆိုပြီး အချို့အနုပညာရှင်တွေ ပြောကြတဲ့အပေါ် အစ်မရဲ့အမြင်လေး။

ဖြေ ။ ။ အဲဒါ အရင်က ဇာတ်ညွှန်းရေးသူတွေ၊ ဒါရိုက်တာတွေရော၊ မင်းသား မင်းသမီးတွေရော စာသိပ်ဖတ်ကြတယ် ဆိုတော့ ဘယ်ဝတ္ထုကောင်းတယ်၊ ဘယ်ဟာ မကောင်းဘူးဆိုပြီး မင်းသား မင်းသမီးတွေ ကိုယ်တိုင်က ဒါရိုက်တာတို့၊ ဇာတ်ညွှန်းရေးဆရာတို့ကို ပြပြီး ကြိုက်ရင် ရိုက်ကြတယ်၊ အခုအချိန် မင်းသား မင်းသမီးတွေက စာဖတ်ချိန်ထက် အွန်လိုင်းမှာပဲ အချိန်ကုန်ကြတယ်၊ အစ်မတို့ကိုယ်တိုင်လည်း အခုဆို အဲလိုဖြစ်နေတာ၊ ဇာတ်အိမ်ကောင်းကောင်းတွေ မတွေ့ရတော့ဘူးလို့ ဆိုရမယ်၊ ဝတ္ထုကောင်းတွေတော့ ရှိပါတယ်၊ အဲဒီတော့ စာများများဖတ်ရင် ဇာတ်လမ်းကောင်းတွေ များများထွက်လာမှာပါ။

**ကိုလင်း**

# ဇာတ်ပို့နေရာမပျောက်အောင် မနည်းရုန်းနေရသည်ဟု စိုးမိုးကြည် ပြောကြား

ယနေ့ခေတ်တွင် သရုပ်ဆောင်အလုပ်ကို အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုအဖြစ် လုပ်ကိုင်သူ များပြားလာခဲ့ပြီး ဇာတ်ကားရိုက်ကူးမှုများလျှင် များသလောက် အနုပညာကြေးရမည်ဖြစ်သောကြောင့် ရုပ်ရှင်ဈေးကွက်တွင် ရသလောက်နှင့် ရိုက်ကူးခြင်းများ ရှိနေကြောင်းနှင့် ယခင်ကပင် အနုပညာနှင့် ဝါသနာကိုအခြေခံပြီး လုပ်ကိုင်ခဲ့သူများအနေဖြင့် ဈေးကွက်အရ အဆင်မပြေမှုများ တွေ့ကြုံလာရကြောင်း သိရသည်။

ယခုကဲ့သို့ ဈေးကွက်ပျက်နေသည့်ကိစ္စနှင့် ပတ်သက်၍ ဇာတ်ပို့တစ်ဦးအဖြစ် ၃၅ နှစ်တိုင်တိုင် ရပ်တည်လုပ်ကိုင်ခဲ့သူ စိုးမိုးကြည်က "အစ်မတို့အနေနဲ့တော့ ကိုယ်ကြိုက်တဲ့ဇာတ်ဆို မငြင်းပါဘူး၊ ကိုယ့်အတွက် လုပ်ကွက်များမယ်၊ ကျန်တယ်ဆိုလုပ်ပါတယ်၊ လုပ်ကွက်နည်းတဲ့အခါမှာတော့ အစ်မတို့ကို လာငှားတဲ့သူတွေ၊ ပရိုဂျူဆာတွေက ဈေးကွက်အရ နည်းနည်း လက်တွန့်တာမျိုးလေးတွေ၊ မတတ်နိုင်တာမျိုးတွေတော့ ရှိတယ်၊ ဒါပေမယ့် အစ်မတို့က ဒါပဲလုပ်တတ်တော့ သူတို့နဲ့သေချာတိုင်ပင်ရတာပေါ့၊ အချို့က ဒီလူတော့ လိုချင်တယ်၊ ဒါပေမယ့် ငွေကျတော့ မသုံးချင်ကြဘူး၊ သူတို့ဘက်ကကြည့်ရင်လည်း မှန်ပါတယ်၊ အဲ့တော့ ဒီလူထက်ဈေးသက်သာသူကို သူတို့ ရှာကြတယ်၊ အမှန်အတိုင်းပြောရရင် ၁၀ သိန်းလောက်ရတဲ့သူကို ငါးသိန်းလောက်ဖမ်းဆစ်တော့ စိတ်ညစ်ရတယ်၊ အစ်မကတော့ သူ့ဘက်ကိုယ့်ဘက် အဆင်ပြေအောင်တော့ ကြည့်လုပ်နေရတာပါပဲ" ဟု ဆိုသည်။

သရုပ်ဆောင် စိုးမိုးကြည်အနေဖြင့် အနုပညာလောကတွင် နာမည်တစ်ခု ဖြစ်တည်နိုင်ရန်အတွက် ကြိုးစားရုန်းကန်မှုများစွာရှိခဲ့ပြီး အနုပညာလောကထဲသို့ စနိုးဝှိုက်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် တသသလွမ်း၊ တစ်အူထုံ့ဆင်း၊ မိုးထက်မြင့်သောစသည့် ဇာတ်ကားများဖြင့် ပရိသတ် လက်ခံအားပေးမှုရရှိခဲ့သည်။ နောက်ပိုင်း ရိုက်ကူးရသည့် ဇာတ်လမ်းများတွင်လည်း ရသလောက်ကို ပရိသတ်ရင်ထဲရောက်အောင် လုပ်ဆောင်မည်ဟု သိရသည်။

"အခုဆို အစ်မက ကာဗွန်ဒိုင်အောက်ဆိုဒ်ဇာတ်ကားမှာလည်း အမေတစ်ယောက်နေရာကနေ ပါဝင်ထားတယ်၊ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်ရိုက်တဲ့ ကြီးမြတ်သောမာတာ ဇာတ်လမ်းတွဲလည်း ရိုက်နေပါတယ်၊ အဲဒီမှာတော့ အစ်မက မို့မို့မြင့်အောင်ရဲ့သမီးလေးကို ကောက်ယူမွေးစားတဲ့သူတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်" ဟု လတ်တလော အနုပညာလှုပ်ရှားမှုများကို ပြောသည်။

**ကိုလင်း**



# မီမီဝင်းဖေ၏ ပထမဆုံး တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဩဂုတ် ၂၅ ရက်၌ ကျင်းပမည်

တစ်ကိုယ်တော်အခွေ ၂၄ ခွေနှင့် အတွဲခွေပေါင်း များစွာ ထွက်ခဲ့ပြီး စံလင်း၊ ခိုင်ထူး၊ ခင်မောင်တိုး၊ ကျော်ဟိန်းတို့နှင့်အတူ တွဲဖက်သီဆိုခဲ့သလို သီချင်းချိုချိုလေးများကြောင့် ပရိသတ်နှစ်သက်လက်ခံမှုရရှိခဲ့သူ မီမီဝင်းဖေ၏ ပထမဆုံးတစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဩဂုတ် ၂၅ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့တာမွေမြို့နယ်ရှိ Sky Star ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဖျော်ဖြေပွဲနှင့် ပတ်သက်ပြီး မီမီဝင်းဖေနှင့် ဂီတမောင်နှမများ၏ အမှတ်တရ စကားသံများကို ယခုလို ကြားသိခဲ့ရသည်။

**မီမီဝင်းဖေ**

သီချင်းအားလုံး ၂၄ ပုဒ်လောက်တော့ အစ်မရွေးထားတယ်၊ ကျွန်မ တစ်ကိုယ်တော်ပွဲ မလုပ်ဘူးဆိုပြီး ငြင်းခဲ့ဖူးပါတယ်၊ တော်တော်ကြာတယ်၊ ဒါပေမယ့်လည်း ကျွန်မ ဆုံးဖြတ်ချက်တစ်ခုချဖို့ စဉ်းစားဆုံးဖြတ်လိုက်ပါတယ်၊ အဲဒါက ကျွန်မကိုချစ်တဲ့သူတွေ၊ နောက်ပရိသတ်တွေနဲ့ ကျွန်မ နွေးနွေးထွေးထွေး ရင်းနှီးစွာနဲ့ ရှိချင်တယ်၊ သီချင်းတွေ အတူတူဆိုချင်တယ်၊ ဒါကြောင့်မို့ ကျွန်မဆိုမယ်ဆိုပြီး ဆုံးဖြတ်ချက်ချခဲ့တာပါ၊ ကျွန်မအတွက် မီးရောင်စုံတွေနဲ့ သီချင်းတွေအများကြီး စင်ပေါ်မှာ သီဆိုရတာက အမှန်တော့ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ရပါတယ်၊ သို့သော်လည်း ကျွန်မချစ်တဲ့သူတွေနဲ့အတူ အဲဒီနေ့လေးမှာ ဖြတ်သန်းရမယ်ဆိုတဲ့ အသိစိတ်ကြောင့် ပျော်ရွှင်မိတာတော့ အမှန်ပါပဲ။



**ချောစုခင်**

မမီနဲ့ ချောစုတို့က ညီအစ်မတွေလို အတူတူတွဲဖြစ်နေတာကြာပါပြီ၊ အခု သူ့ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲမှာလည်း ဘယ်နေရာကပဲဖြစ်ဖြစ် ချောစုက အဆင်သင့်ပါပဲ၊ သူနဲ့ကလည်း အမှတ်တရတွေ ရှိခဲ့တယ်၊ အဲဒါက ချောစုတို့က ကိုယ့်ကိုယ်ကိုယ် အသံခိုင်တယ်၊ Rock သီချင်းတွေလည်း ဆိုနိုင်တယ်ပေါ့နော်၊ အစက မမီကို ချောစုတို့က ဟာ သူက သီချင်းချိုချိုအေးအေးလေးတွေပဲ ဆိုနိုင်တယ်ဆိုပြီး ထင်ခဲ့တာ၊ လုံးဝ အထင်သေးလို့ မရပါဘူး၊ ဘာလို့လဲဆို သူနိုင်ငံခြားမှာရှိနေတုန်းက ဒီမှာ ဦးစံလင်းနဲ့ သီချင်းတွေထုတ်ထားတဲ့အတွက် မမီဆိုထားတဲ့သီချင်းလေးတွေ ကျွန်တော့်ကို ပြန်ဆိုပေးပါလားဆိုပြီး ဦးစံလင်းက ပြောလာတယ်၊ ကိုယ်ကြိုက်တာလေး တစ်ပုဒ်ဆိုမယ်ပေါ့ဆိုပြီး ရွေးလိုက်တယ်၊ အဲမှာ ဦးစံလင်းနဲ့ မမီတို့ သီချင်းတွေက Key မြင့်နေတာတွေ့ရတယ်၊ ချောစု အဲ့မှာ သူ့ကိုလေးစားသွားတာပါပဲ။ သူဘယ်လိုများ ဒီလောက်မြင့်တဲ့ကီးကို ဘယ်လိုဆိုလဲဆိုပြီး လေးစားသွားခဲ့တာပါပဲ၊ ဒါက သူနဲ့ပတ်သက်တဲ့ အမှတ်တရပေါ့နော်။



**ဆုန်သင်းပါရ်**

အခုလာမယ့် မမီရဲ့ပွဲက သူ့ရဲ့ဂီတသက်တမ်း တစ်လျှောက်မှာ အမှတ်တရပွဲလေးတစ်ခုဖြစ်မယ်လို့ မြင်ပါတယ်၊ မမီပွဲမှာ ဆုန်သင်းတို့က တောက်တိုမယ်ရ ဘာပဲလုပ်ရလုပ်ရ လုပ်ပေးဖို့ အဆင်သင့်ပါ၊ အခုကလည်း သူနဲ့ သူချစ်တဲ့ပရိသတ်တွေ သီးသန့်တွေ့ဆုံတဲ့ပွဲလေးဆိုတော့ အဆိုပိုင်းတော့ ပါဝင်ဖို့မရှိပါဘူး၊ သူ့ကို အားပေးရုံပါပဲ ၊ သူ့သီချင်း တော်တော်များများက ပေါ့ပင်ပုံစံ မဟုတ်ဘူးဆိုတာတော့ နားထောင်ဖူးသူတိုင်း သိမှာပါ၊ ဦးခင်မောင်တိုးလိုပဲ သီချင်းတွေတော်တော်များများက ပရိသတ်တွေအတွက် တစ်သက်လုံးနားထောင်လို့ကောင်းတဲ့ သီချင်းတွေပါ။ **ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

### ဆယ်လီနာရဲ့အယ်လ်ဘမ်အသစ်မှာ ရည်းစားဟောင်းအကြောင်း ပါမလားလို့ ပရိသတ်များစိတ်ဝင်စား

ဆယ်လီနာဂိုမက်ဇ်ဟာ သုံးနှစ်အတွင်းမှာ ပထမဦးဆုံးအယ်လ်ဘမ်အသစ်ကို လုပ်လို့ပြီးသွားပါပြီ။ ဆယ်လီနာရဲ့ ပရိသတ်တွေဟာ သူ့ရဲ့သီချင်းအယ်လ်ဘမ်အသစ်ကို နားထောင်ဖို့ သုံးနှစ်ကြာအောင် စောင့်ဆိုင်းခဲ့ရပါတယ်။ အသက် ၂၆ နှစ်အရွယ် ရှိလာပြီဖြစ်တဲ့ ဆယ်လီနာကတော့ ဩဂုတ် ၁၃ ရက်မှာပဲ သူ့ရဲ့အယ်လ်ဘမ်အသစ် အဆုံးသတ်လို့ ပြီးစီးသွားပြီလို့ ကြေညာခဲ့ပါတယ်။ သူ့ရဲ့နောက်ဆုံးထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်ဖြစ်တဲ့ Revivalcame ကတော့ ၂၀၁၅ ခုနှစ် အောက်တိုဘာလက ထွက်ရှိခဲ့ပါတယ်။ မေလအတွင်းမှာတော့ ဆယ်လီနာဟာ သူ့အသစ်ထွက်ရှိမယ့် အယ်လ်ဘမ်မှာ ကိုယ်ရေးကိုယ်တာ အကြောင်းအရာတွေပါရှိမယ်လို့ Billboard ကိုပြောခဲ့ပါတယ်။

အဲဒီတော့ သူ့ရဲ့အယ်လ်ဘမ်အသစ်ထဲမှာ အခုတခြားသူနဲ့ စေ့စပ်သွားပြီဖြစ်တဲ့ ရည်းစားဟောင်း ဂျက်စတင်ဘီဘာအကြောင်း ရေးစပ်ထားတဲ့သီချင်း ပါဝင်မလားလို့ ပရိသတ်တွေက စိတ်ဝင်စားနေကြပါတယ်။ ဆယ်လီနာကတော့ သူ့ရဲ့အယ်လ်ဘမ်အသစ် လုပ်လို့ ပြီးသွားတဲ့အကြောင်း ပရိသတ်တွေကို ဂုဏ်ယူတဲ့အပြုံးလေးနဲ့ အသိပေးခဲ့ပါတယ်။ ပရိသတ်တစ်ဦးကတော့ အယ်လ်ဘမ်အသစ်လုပ်ပြီးသွားရင် ဘာလို့ပရိသတ်ထံ မပို့သေးတာလဲလို့ တွစ်တာမှာ ရေးသားခဲ့ပါတယ်။ ခွေထွက်ဖို့ကြာနေရတာကတော့ ကြားထဲမှာ ဆယ်လီနာရဲ့ကျန်းမာရေးအခြေအနေ ဆိုးသွားတာကြောင့်လည်း ပါမှာပါ။ ဆယ်လီနာကတော့ သူ့အယ်လ်ဘမ်အသစ်ဟာ မကြာမီထွက်ရှိတော့မှာပါလို့ပဲ ပြောသွားခဲ့ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



### ဒဲမီလိုဗာတို ပြန်လည်ထူထောင်ရေးစင်တာတွင် လအတန်ကြာ နေရဦးမည်

နာမည်ကြီးအဆိုတော်တစ်ဦးဖြစ်သူ ဒဲမီလိုဗာတိုဟာ ဆေးအလွန်အကျွံ သုံးစွဲမှုကြောင့် ဆေးရုံတက်ခဲ့ရပြီး ယခုအခါ ပြန်လည်ထူထောင်ရေးစင်တာမှာ ရောက်ရှိနေပါတယ်။ သူ့ရဲ့ကျန်းမာရေး အခြေအနေ ပြန်လည်ကောင်းမွန်ဖို့ ဒီစင်တာမှာ လပေါင်းအတန်ကြာ နေထိုင်ဖို့လည်း သတ္တိရှိရှိ ဆုံးဖြတ်ထားပါတယ်။ ဒဲမီကို ဇူလိုင် ၂၄ ရက်က ဆေးအလွန်အကျွံသုံးစွဲမှုဖြစ်ခဲ့ပြီး အခုအခါမှာတော့ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီလို့ သိရပါတယ်။ ဒဲမီအတွက် လိုအပ်တဲ့အကူအညီတွေ ကုသမှုတွေ ပေးပြီးပြီဆိုတာသေချာစေဖို့ ပြန်လည်ထူထောင်ရေးစင်တာမှာ လအတန်ကြာ နေရလိမ့်မယ်လို့ သတင်းရင်းမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဒဲမီဟာ အခုအခါမှာအသက် ၂၅ နှစ်ရှိပြီဖြစ်ပြီး လော့အိန်ဂျလိစ်မြို့မှာရှိတဲ့ ဆီဒရာဆနိုင်းဆေးရုံမှာ ဆေးကုသမှုခံယူခဲ့တာပဲဖြစ်တယ်။ ဆေးရုံကဆင်းပြီး ပြန်လည်ထူထောင်ရေးစင်တာမှာ နေရဦးမှာဖြစ်တဲ့အတွက် ဒဲမီဟာ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲအချို့ကိုလည်း ဖျက်လိုက်ရပါတယ်။

သူ့ရဲ့မိသားစုဟာလည်း အခုအခါမှာတော့ ဒဲမီရဲ့ကျန်းမာရေးနဲ့ စိတ်ပိုင်းဆိုင်ရာဝေဒနာအခြေအနေကလွဲရင် ဘာကိုမှအာရုံမထားတော့ပါဘူး။ ဒဲမီဟာ သူလိုအပ်တဲ့အကူအညီတွေရတဲ့အခါမှာ ပြန်လည်ကျန်းမာပြီး ပျော်ပျော်ရွှင်ရွှင် ဖြစ်လာတယ်လို့လည်းသိရပါတယ်။ သူဟာသူချစ်တဲ့ဂီတကို ဆက်လက်လုပ်ဆောင်နိုင်ဖို့ ပြန်လည်ကျန်းမာလာရေး အကောင်းဆုံးလုပ်ဆောင်လျက် ရှိပါတယ်။ ပြီးတော့ ပြန်လည်ထူထောင်ရေးစင်တာကိုမသွားမီကလည်း သူ့ကိုကုသပေးတဲ့ ဆရာဝန်၊ သူနာပြုနဲ့ ဆေးရုံဝန်ထမ်းအားလုံး၊ စိုးရိမ်ပေးကြတဲ့ပရိသတ်အားလုံးကို မိသားစုဝင်တွေလို ကျေးဇူးတင်ကြောင်း အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



ဖြိုး

### ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၄)

# ရာဇသတ်ကြီးနှင့် မိတ်ဆက်



**ဦးဟန်ညွန့် (ဥပဒေ)**

**ရာဇသတ်ကြီး**

စံအဖြစ် ဥပဒေစာအုပ်များအကြောင်း ပြီးခဲ့သောအပတ်က တင်ပြခဲ့ပြီးပါပြီ။ လေးနက်သော၊ ခိုင်ခံ့သော သိမှတ်ဖွယ် စံပြုအပ်သော ဥပဒေစာအုပ်ကြီးများ ဖြစ်ကြပါပေသည်။ စာအုပ်ကြီးတွေ မြင်ပြီး လန့်သွားရမလား။ ကိုင်ကြည့်ရမလား။ တတ်သမျှ၊ မှတ်သမျှ ဖတ်ကြည့်ရမလား။ မှတ်စုထုတ်ရမလား။ ဝေခွဲမရဖြစ်သည့် ဝန်ထမ်းငယ်ဘဝပါပဲ။ တကယ့် မိုးထဲလေထဲမှာ ပြဿနာပေါ်ပြီဆိုမှ **ဥပဒေနှင့်အညီ** ဆိုသောစကား သတိထားလာတတ်ကြပါသည်။ ဥပဒေနှင့် ညီအောင် မုချမသွေ ကြိုးစားအားထုတ်ကြရပေတော့သည်။ အဓိကဥပဒေစာအုပ်ရွေးကြစို့။

**အဓိက ဥပဒေစာအုပ်**

အဓိက ဥပဒေစာအုပ်ရွေးကြည့်ကြစို့။ ရာဇသတ်ကြီး (PENAL CODE) ဖြစ်ပါသည်။ အိန္ဒိယတွင် ၁၈၆၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၄၅ ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ၁၈၆၁ မေ ၁ ရက်တွင် ဂျမူးနှင့် ကက်ရှ်မီးယား ပြည်နယ်မှအပ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး၌ အာဏာတည်ခဲ့သည့် ဥပဒေဖြစ်သည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲများ ဖြစ်ပွားပြီး အင်္ဂလိပ်ကိုလိုနီအောက် မြန်မာ ကျရောက်စဉ် ၁၈၇၄၊ စည်းမျဉ်းဥပဒေအမှတ် ၉ ဖြင့် ရခိုင်တောင်တန်းတွင် စတင် အာဏာသက်ရောက်ခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာပြည်ပါ အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သည်။ ၁၈၈၆ ဇန်နဝါရီ ၁ ရက်မှစ၍ အိန္ဒိယ၏ပြည်နယ်အဖြစ် သတ်မှတ်ပြီး အက်ဥပဒေအမှတ် ၂၀ ဖြင့် နိုဝင်ဘာ ၂၉ ရက်မှစ၍ ရှမ်းပြည်နယ်မှအပ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အာဏာတည်ခဲ့သည်ဟု လေ့လာသိရှိရပါသည်။

**၁၉၃၅**

မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေဟု ခေါ်ဆိုနိုင်သည့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှု အက်ဥပဒေ (The Government of Burma Act, 1935) ပုဒ်မ ၁၄၈ အရ မြန်မာနိုင်ငံတွင် အာဏာသက်ရောက်ခဲ့သော အိန္ဒိယ၏ အက်ဥပဒေများအား မြန်မာနိုင်ငံတွင် ဆက်လက် အာဏာတည်စေခဲ့သည်။ ထိုအခါ ရာဇသတ်ကြီး (Penal code) လည်း ပါဝင်သည်။

**ဥပဒေ ကထိက**

ဥပဒေကျောင်းသားဘဝက အချိန်ပိုင်း ဥပဒေကထိက ဆရာကြီးများ ဖြစ်ကြသော တရားလွှတ်တော်ဝန်ကြီးချုပ် (ငြိမ်း) ဦးချန်ထွန်းအောင်နှင့် ဆရာကြီး ဒေါက်တာကျော်ရင် (ထိုခေတ်က လုံခြုံရေးကော်မတီ၏ အကြီးအကဲ) တို့ သင်ပြပို့ချခဲ့သော ရာဇဝတ်ဗေဒ၊ ပြစ်မှုပညာ၊ ဥပဒေသိပ္ပံပညာများအကြောင်း၊ ရာဇသတ်ကြီး အကြောင်းများ ပြန်လည်အမှတ်ရမိပါသည်။ မှတ်မိသမျှ ပို့ချချက်များနှင့်အတူ ရာဇသတ်ကြီးနှင့် မိတ်ဆက်ခဲ့ရပါသည်။ မှတ်သားလေ့လာခွင့်ရခဲ့ပါသည်။ ဘာလဲဟဲ့ ဥပဒေ။

**စကားရပ်များ**

၁၉၃၅၊ အက်ဥပဒေပုဒ်မ ၁၄၉ အရ The Government of Burma (Adaptation of Laws) order, 1937 နှင့် The Burma Laws (Adaptation) Act, 1940 တို့ဖြင့် မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသော




စကားရပ်များကို ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့နောက် လွတ်လပ်ရေးရသည့်အခါတွင် The Union of Burma (Adaptation of Laws) order, 1948 ဖြင့် စကားရပ်များ ထပ်မံအစားထိုး ပြောင်းလဲ သတ်မှတ်ခဲ့သည်။

**မြန်မာဘာသာပြန်**

၁၉၄၈ ခုနှစ် မြန်မာဘာသာပြန် တရားဥပဒေနှင့် ဝေါဟာရများ အက်ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန် ဥပဒေကော်မတီ၏ မြန်မာဘာသာပြန်ဆိုချက်များကို ကျွန်တော်တို့ လူငယ်များ လေ့လာမှတ်သားရပါသည်။ ဖတ်ရှုခါစ ဘာဆိုလိုမှန်းပင် မသိခဲ့ကြပါ။ မြန်မာစာကို မြန်မာနားမလည်သလို ခံစားမိသည်ကိုတော့ မရှက်မကြောက် ဝန်ခံရပါမည်။

ထို့ကြောင့်လည်း ဘာသာပြန်ကော်မတီ၏အမှာစာတွင် အများနားလည်နိုင်သမျှ နားလည်စေရန် မည်မျှပင်ကြိုးစားခဲ့သော်လည်း အဆင်မပြေနိုင်ကြောင်းဖော်ပြခဲ့ခြင်း ဖြစ်ပေသည်။

**မမေ့နိုင်သော**

စိတ်ဝင်စားစရာ၊ မမေ့နိုင်သော အချက်ကို ရေးချင်သေးသည်။ ရာဇသတ်ကြီးအခန်း ၂ ပါ အရပ်ရပ်ဆိုင်ရာ ရှင်းလင်းချက်များအကြောင်း ဖြစ်ပါသည်။ အခန်း ၂ ဖြစ်ပါသည်။ ရှုပါ။

**ယောကျ်ား၊ မိန်းမ**ဟူသော ရှင်းလင်းချက်ကို ရာဇသတ်ကြီး ပုဒ်မ ၁၀ တွင် အောက်ပါအတိုင်းရေးသည်။

**ယောကျ်ား၊ မိန်းမ (Man, Woman)**

၁၀။ ယောကျ်ားဆိုသည်မှာ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောကျ်ားကို ဆိုလိုသည်။ မိန်းမဆိုသည်မှာ အသက်အရွယ်ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုလိုသည်။

ဩော်- နေ့တိုင်းပြောနေကျစကား။ ကိုယ်ကိုယ်တိုင်လည်း ယောကျ်ား။ သို့သော်ငြား ယောကျ်ား၏ အဓိပ္ပာယ်ချပြ၊ ရေးပြပါဟုဆိုလျှင် ဘယ်ကစ၍ ဘယ်လိုရေးရမှန်းမသိ။ သိသလိုလို။ နားလည်သလိုလို။ တကယ်တော့ ဥပဒေစကား၊ ဥပဒေအဓိပ္ပာယ် ဘောင်ဝင်အောင် ဘယ်လိုရေးရပ့်။

**မိန်းမ**ဆိုသော စကားလုံးအဓိပ္ပာယ်။ သိသလိုလိုနှင့် ဥပဒေဘောင်ဝင်အောင် ရှင်းလင်းရေးပြတတ်ပါသလား။ ဥပဒေပညာ လေ့လာသင်ယူရခြင်း၏ အကျိုးကျေးဇူးဖြစ်ပါပေသည်။

**အစိုးရဆိုတာဘာလဲ**

"အစိုးရဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် မည်သည့်အရပ်၌မဆို ဥပဒေအရ အုပ်ချုပ်မှုအာဏာရရှိသော သူတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ ဆိုလိုသည်'ဟု ရာဇသတ်ကြီးပုဒ်မ ၁၇တွင် ဖွင့်ဆိုသည်။

ဩော် - သိရှိမှတ်သားမိပါပြီ။ တို့ရွာမှာနေတုန်းက သူကြီး ဦးခန့်ကြီးက အုပ်ချုပ်မှုအာဏာရရှိသူ မဟုတ်လား။ ဒီလိုဆိုရင် တို့ရွာသူကြီးလည်း အစိုးရ မဟုတ်လား။ ရွာမှာနေတုန်းက ကွဲကွဲ ပြားပြားမသိ။ ဥပဒေသင်မှ နည်းနည်း ပါးပါးသိရပြီ။ မှားရင်လည်း ဆရာကြီးတွေကို မေးကြည့်မှ ပိုပြီးနားလည်မှာ. . . ဟု ဥပဒေရေးရာအဖြာဖြာ အကြောင်း လမ်းလျှောက်သင်ခွင့်ရပေပြီ။

**မတရားရယူခြင်း**

ငယ်စဉ်လူငယ်ဘဝကတည်းက အရိုးစွဲခဲ့သော **မတရားရယူခြင်း** (Wrongfullgain) ဆိုတာဘာလဲ။ ဒီအဓိပ္ပာယ်သိမှ ဖြစ်မယ်။ တို့ရွာထဲမှာ မတရားလုပ်နေတဲ့သူတွေ၊ မတရားရယူနေတဲ့သူတွေအများကြီးပဲ။ ဥပဒေနဲ့ မညီဘူး။ တစ်နေ့ ဒီလူတွေကို အပြစ်ပေးချင်လိုက်တာ။ ငါတရားသူကြီးလုပ်ပြီး စီရင်ချင်လိုက် ပါဘိ။ ဤသို့ တွေးမိခဲ့၏။

မတရားရယူခြင်းဆိုသည်မှာ ရယူသူသည် ဥပဒေနှင့်အညီ ပိုင်ခွင့်မရှိသော ပစ္စည်းကို **မတရားသောနည်းဖြင့် ရယူခြင်း** ကိုဆိုလိုသည်. . . တဲ့။ ရှင်းပါပြီခင်ဗျာ။

**မရိုးဖြောင့်ခြင်း (Dishonesty)**

မရိုးဖြောင့်ခြင်း ဆိုသည်မှာ မတရားရယူစေရန် အကြံနှင့်ဖြစ်စေ၊ မတရားဆုံးရှုံးစေရန် အကြံနှင့်ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယောက်သော သူအားပြုလျှင် ထိုသူသည် မရိုးမဖြောင့် ပြုသည်မည်၏ဟု ရာဇသတ်ကြီး ပုဒ်မ ၂၄ က ဖွင့်သည်။ မှတ်စုထဲရေးထားဦးမှ။

**စေတနာ**

ကောက်နုတ်အကျဉ်းမျှ "ရာဇသတ်ကြီး"နှင့် မိတ်ဆက်ကြည့်ခြင်းပါ။ ပုဒ်မပေါင်း ၅၁၁ အထိ ရေးကြည့်ချင်သေးသည်။ ဥပဒေလေ့လာသူတစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်များမှာ မှုန်ဝါးဝါး မျှသာဖြစ်ကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေအတွေး မျှသာပါ. . .။ ။

**"မရိုးဖြောင့်ခြင်းဆိုသည်မှာ မတရားရယူစေရန် အကြံနှင့် ဖြစ်စေ၊ မတရား ဆုံးရှုံးစေရန်အကြံနှင့် ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယောက်သောသူအား ပြုလျှင် ထိုသူသည် မရိုးမဖြောင့်ပြုသည်မည်၏ဟု ရာဇသတ်ကြီး ပုဒ်မ ၂၄ က ဖွင့်သည်"**

### လားရှိုးမြို့နယ်အတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် တောင်သူများအား မျိုးစေ့များလှူဒါန်း

**လားရှိုး ဩဂုတ် ၁၄**

လားရှိုးမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် အီနိုင်း၊ ဆုံကွယ်၊ ဟူးမွန်၊ ဝိန်းထန်နှင့် နမ့်ပေါင် ကျေးရွာငါးရွာမှ ပြောင်းစိုက်တောင်သူများသို့ ပြောင်းမျိုးစေ့များ လှူဒါန်းပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက အမှာစကားပြောကြားခဲ့ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများအသင်း အတွင်းရေးမှူး ဒေါ်နန်းစပယ်က တောင်သူများကို အားပေး စကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက တောင်သူများကို ပြောင်းမျိုးစေ့များ ပေးအပ်ခဲ့ကြောင်း သိရသည်။

တောင်သူ ၁၂၉ ဦး၏ ရေဝင်နစ်မြုပ်ပျက်စီးခဲ့သည့် ပြောင်းစိုက်ဧက ၂၃၁ ဒသမ ၄၅ ဧကအတွက် မျိုးစေ့ ၅ကီလိုပါ အထုပ်ပေါင်း ၈၀၀ ကို SD-333 ကုမ္ပဏီက လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မင်း (လားရှိုး)**

# လန်ချန်-မဲခေါင်မီဒီယာသင်တန်းနဲ့ သတင်းရယူရေးခရီးရဲ့ အတွေ့အကြုံများ

**စိုးသူရ**

**တရုတ်နဲ့လာအိုနိုင်ငံမှာပြုလုပ်တဲ့ လန်ချန်-မဲခေါင်မီဒီယာသင်တန်းနဲ့ သတင်းရယူရေးခရီးစဉ်ကို ၂၀၁၈ ခုနှစ် ဇွန်လထဲမှာ သွားခွင့်ရခဲ့ပါတယ်။ ဇွန် ၂၄ ရက်နေ့ နံနက်မှာ တရုတ်နိုင်ငံ ပေကျင်းကို ရောက်ပါတယ်။**




ဇွန် ၂၅ ရက်နေ့မှာ သင်တန်းဖွင့်ပွဲ ကျင်းပပါတယ်။ သင်တန်းကို လန်ချန်-မဲခေါင်နိုင်ငံတွေက မီဒီယာကိုယ်စားလှယ်တွေ တက်ရောက်ပါတယ်။ တရုတ်နိုင်ငံဟာ သမားရိုးကျမီဒီယာကို ထိန်းသိမ်းပြီး မီဒီယာသစ်ကဏ္ဍကိုလည်း တိုးတက်အောင် ဆောင်ရွက်နေတာကို တွေ့ခဲ့ရပါတယ်။ သင်တန်းမှာပို့ချတဲ့အထဲက မိနစ်ဝက်စာဗီဒီယိုဖိုင်ကို နောက်ဆုံးရသတင်းအဖြစ် ထုတ်လွှင့်တာတွေ၊ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာတိုက်ရဲ့ မီဒီယာစင်တာကို သွားရောက်လေ့လာစဉ်မှာ သူတို့ကိုအတုယူစရာတွေ အများကြီးရခဲ့ပါတယ်။ နမူနာတစ်ခုပြောရမယ်ဆိုရင် နံရံမှာ ကိုယ်သိချင်တဲ့ နေ့ရက်၊ လ၊ ခုနှစ်ကို ရိုက်ထည့်လိုက်တာနဲ့ အဲဒီနေ့က ထုတ်ခဲ့တဲ့ သတင်းစာကို ဖတ်ရှုနိုင်အောင် ပြုလုပ်ထားတာတွေ့ခဲ့ပါတယ်။ သူတို့ရဲ့ Database က တော်တော်အဆင့်မြင့်တယ်ပြောရပါမယ်။ ကျွန်တော်တို့ဆီမှာလည်း နည်းပညာအသုံးပြုပြီး သတင်းတင်ဆက်နေပြီဆိုတော့ အချိန်အတိုင်းအတာတစ်ခုမှာတော့ အောင်မြင်လာမှာပါ။ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာတိုက်ရဲ့ မီဒီယာစင်တာကိုရောက်တုန်းက သတင်းတွေကို အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာတွေနဲ့ ထုတ်လွှင့်နေတာကိုလည်း တွေ့ရပါတယ်။

**သတင်းအမြန်ရောက်ရှိရေး**

ဒီနေ့ခေတ်သတင်းလောကမှာ ဖတ်ရှုသူထံ သတင်းအမြန်ရောက်ရှိရေးဟာ အရေးကြီးတဲ့ကဏ္ဍတစ်ခုပဲ ဖြစ်ပါတယ်။ သင်တန်းမှာရှင်းလင်းပြောကြားချက်တွေအရ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာဟာ ပုံနှိပ်သတင်းစာ၊ မဂ္ဂဇင်း၊ ဝက်ဘ်ဆိုက်၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ Digital News Stand၊ Mobile SMS၊ microblog၊ WeChat နဲ့ Mobile application တွေကတစ်ဆင့် သတင်းကို တင်ဆက်နေတယ်လို့ သိခဲ့ရပါတယ်။ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာအနေနဲ့ သတင်းစာစောင်ရေပေါင်း ၃၀ ကျော်နဲ့ မဂ္ဂဇင်းများ၊ ဝက်ဘ်ဆိုက်ပေါင်း ၃၂ ခု၊ microblog account ပေါင်း ၁၂၂ ခု၊ WeChat account ပေါင်း ၂၁၁ ခု၊ ဖုန်းအပလီကေးရှင်းပေါင်း ၂၅ ခု နဲ့ Oversea Social Media account ပေါင်း ၅၄ခု ရှိကြောင်း သိရပါတယ်။

ဒီသတင်းစာကို ဖတ်ရှုသူပေါင်း ၇၀၅ သန်းရှိကြောင်း၊ သတင်းစာရဲ့ တရားဝင်ဖုန်းအပလီကေးရှင်းကို ၂၀၁၄ ခုနှစ် ဇွန်လမှာ ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။ အင်္ဂလိပ်သတင်းစာ အပလီကေးရှင်းကိုတော့ ၂၀၁၇ ခုနှစ် အောက်တိုဘာမှာ ဖွင့်လှစ်ခဲ့ကြောင်း သိရပါတယ်။

တရုတ်နိုင်ငံက သူတို့ပြည်သူတွေကို သွားလာရေး အဆင်ပြေစေဖို့ကိုလည်း ပြုလုပ်ပေးထားတာကိုလည်း တွေ့ရှိခဲ့ရတယ်။ ပေကျင်းမြို့ရဲ့လမ်းဘေးလူသွားလမ်းမှာ စက်ဘီးတွေရပ်ထားတာတွေ့ရပြီး မေးကြည့်တော့ ဖုန်းအပလီကေးရှင်းကနေတစ်ဆင့် စက်ဘီးငှားစီးနိုင်တဲ့ အစီအစဉ်ကောင်းတစ်ခုကို ဆောင်ရွက်ပေးထားကြောင်း သိရပါတယ်။ ဒီလိုမျိုးကို ကျွန်တော်တို့နိုင်ငံမှာ လုပ်နိုင်ရင်ကောင်းမှာပဲလို့ အတွေးတစ်စဝင်မိတဲ့ အချိန်မှာ ဆက်စဉ်းစားမိတာ အဲဒီလိုလုပ်ဖို့အတွက်ဆိုရင် လုပ်ငန်းအောင်မြင်ဖို့နဲ့ စည်းကမ်းရှိရှိပစ္စည်းကိုသုံးစွဲဖို့မှာ ပြည်သူတွေက အပြည့်အဝပူးပေါင်းပါဝင်မှ အောင်မြင်မယ်၊ ရေရှည် ရပ်တည်နိုင်မယ်ဆိုတာပါပဲ။

> **“လန်ချန် - မဲခေါင်နိုင်ငံတွေက ဝန်ထမ်းတွေအတွက် လေ့ကျင့်ရေး သင်တန်းတွေ ဖွင့်တော့မယ်လို့ ကြားသိရတဲ့အတွက် ဝမ်းသာမိပါတယ်၊ မြန်မာစာကိုလည်း ဒီတက္ကသိုလ်မှာသင်ယူကြတဲ့ ကျောင်းသား ကျောင်းသူတွေရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်”**

**စည်းကမ်းတကျစွန့်ပစ်**

နောက်အမှိုက်တွေ စည်းကမ်းတကျပစ်တာ၊ လမ်းတိုင်းမှာ အမှိုက်ပုံးတွေ ချထားတာ၊ ချထားတဲ့အမှိုက်ပုံးကလည်း ဝါးနှစ်ပြန်၊ သုံးပြန်စာလောက်ကို တစ်ပုံးစီလောက် ချထားတာ တွေ့ရပါတယ်။ ပြီးတော့ အမှိုက်စွန့်ပစ်တဲ့ပုံးကိုလည်း ခွဲခြားထားတယ်။ ပြောရရင် အရည်နဲ့ ကျန်တဲ့အမှိုက်တွေ စွန့်ပစ်ရတာကို ခွဲခြားထားတာပါ။အဲဒီမှာပြည်သူတွေကလည်း စည်းကမ်းတကျ အမှိုက်ကို စွန့်ပစ်ကြပါတယ်။ အမှိုက်သိမ်းတဲ့ ဝန်ထမ်းတွေကလည်း သူ့အချိန် ပုံမှန်အလှည့်ကျ လာရောက်သိမ်းဆည်းကြတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းအမှိုက်ကင်းစင်နယ်မြေတွေအဖြစ်သတ်မှတ်ပြီး လုပ်နေကြတာကို ကြားသိရလို့ ဝမ်းသာစွာ ကြိုဆိုရမှာဖြစ်ပါတယ်။

ဒီနေရာမှာလည်း တာဝန်ရှိသူတွေက ဘယ်လောက်ပဲ ကြိုးစားလုပ်နေနေ ပြည်သူတွေပါဝင်မှုပဲရတာမို့ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူတွေပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုပါတယ်။

ပေကျင်းမှာရှိတဲ့ Forbidden City ကို သွားရောက်လေ့လာပြီး ဇူလိုင်လ ၁ ရက်နေ့မှာ ပေကျင်းကနေ လာအိုနိုင်ငံ ဗီယန်ကျင်းမြို့ကို ရောက်ခဲ့ပါတယ်။ အဲဒီနေ့ညမှာ လန်ချန်-မဲခေါင်မီဒီယာဆွေးနွေးပွဲအတွက် ညစာစားပွဲကိုကျင်းပပါတယ်။ ညစာစားပွဲကို လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်းဝန်ကြီး တက်ရောက်ချီးမြှင့်ပါတယ်။ ဇူလိုင်လ ၂ ရက်နေ့မှာ မီဒီယာဆွေးနွေးပွဲကို စတင်ကျင်းပပါတယ်။ အဲဒီမှာ လာအိုနိုင်ငံနဲ့တရုတ်နိုင်ငံက ပြန်ကြားရေးနဲ့ သတင်းမီဒီယာဆိုင်ရာ တာဝန်ရှိသူတွေ၊ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်တွေ၊ လန်ချန်-မဲခေါင်နိုင်ငံတွေက မီဒီယာကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ပါတယ်။ ဆွေးနွေးပွဲမှာ မီဒီယာကဏ္ဍ အပါအဝင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွေ ဆွေးနွေးခဲ့ကြပါတယ်။

လာအိုနိုင်ငံအနေနဲ့ ဒီနှစ်ဟာ ခရီးသွားနှစ်ဖြစ်တာကြောင့် ပြည်ဝင်ခွင့်ဗီဇာတွေကို ပိုမိုခွင့်ပြုပေးနေပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရောက်ခဲ့တဲ့ Champasak မြို့က Vat Phou Temple ဆိုရင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်နေရာ တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံက မြို့ဟောင်းတွေနဲ့ ဆင်တူတာကို တွေ့ရပါတယ်။

**တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံ**

မဲခေါင်ဒေသနိုင်ငံတွေအနေနဲ့ ခရီးသွားလုပ်ငန်းမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့ ဒီဆွေးနွေးပွဲမှာ ကိုယ်စားလှယ်တွေက ဆွေးနွေးကြပါတယ်။ တရုတ်နိုင်ငံကလည်း ဒီခရီးသွားလုပ်ငန်းတိုးတက်ဖို့ကို တော်တော်အလေးထားတာကို တွေ့ရပါတယ်။ လာအိုနိုင်ငံအနေနဲ့ ဆွေးနွေးပွဲတက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေကို လာအိုနိုင်ငံအကြောင်း ကမ္ဘာက သိအောင် မီဒီယာနည်းနဲ့ ဆောင်ရွက်ပေးဖို့ ပန်ကြားခဲ့ပါတယ်။ ဒီမီဒီယာသင်တန်းနဲ့ ဆွေးနွေးပွဲ တက်ရောက်ရတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံပါပဲ။ မီဒီယာသမားတွေ တက်တက်ကြွကြွနဲ့ လုပ်ကိုင်ဆောင်ရွက်တာဟာလည်း အတုယူစရာပါပဲ။ လာအိုအမျိုးသားရုပ်မြင်သံကြားဌာနနဲ့ လာအို အာရှ-ပစိဖိတ်ဂြိုဟ်တုဆက်သွယ်ရေးဌာနကိုလည်း ရောက်ခဲ့ပါတယ်။ လာအိုအမျိုးသားရုပ်မြင်သံကြားဟာ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာနဲ့ လာအိုဘာသာတွေနဲ့ ရုပ်ရှင်တွေကို ပြသနေပါတယ်။ လာအိုနိုင်ငံက တရုတ်နဲ့လာအို ပူးပေါင်းဆောင်ရွက်နေတဲ့ ရေအားလျှပ်စစ်စီမံကိန်းနဲ့ ရထားလမ်းစီမံကိန်းတွေကိုလည်း ရောက်ခဲ့ပါတယ်။

လာအိုနိုင်ငံဟာ သဘာဝရေမြေတောတောင်တွေနဲ့ စိမ်းစိုနေပြီး သဘာဝရှုခင်းများစွာရှိတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ လာအိုကော်ဖီကို သောက်လိုက်တဲ့အခါ အနံ့အရသာနဲ့ပြည့်စုံကောင်းမွန်တာကို ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့လည်း ကော်ဖီထုတ်လုပ်နေတဲ့နိုင်ငံပါပဲ။ ပြည်ပကိုတင်သွင်းနိုင်တဲ့ အရည်အသွေးမြင့်ကော်ဖီတွေကို ထုတ်လုပ်နေပြီး ပိုမိုထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်ပဝင်ငွေ ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။ လာအိုနိုင်ငံရာသီဥတုက မြန်မာနိုင်ငံအတိုင်းပါပဲ။ ဗီယန်ကျင်းမြို့က ထပ်လန် စေတီတော်ကိုလည်း ဖူးမြော်ခဲ့ရပါတယ်။

နောက်တစ်နေ့မှာ ပေကျင်းနိုင်ငံခြားဘာသာတက္ကသိုလ်မှာ ပြုလုပ်တဲ့အခမ်းအနားမှာ လန်ချန် - မဲခေါင်နိုင်ငံတွေက ဝန်ထမ်းတွေအတွက် လေ့ကျင့်ရေးသင်တန်းတွေ ဖွင့်တော့မယ်လို့ ကြားသိရတဲ့အတွက် ဝမ်းသာမိပါတယ်။ မြန်မာစာကိုလည်း ဒီတက္ကသိုလ်မှာသင်ယူကြတဲ့ ကျောင်းသား ကျောင်းသူတွေရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နောက်ဆိုရင် မဲခေါင်နိုင်ငံတွေကြားမှာ ကူးသန်းသွားလာရေး လွယ်ကူတာနဲ့အတူ အခွင့်အလမ်းတွေရှိလာမယ်လို့သိလိုက်ရတဲ့အတွက် ဝမ်းသာကြည်နူးမိတာအမှန်ပါ။ ဒီခရီးဟာ ကျွန်တော့်အတွက်ရော၊ ဌာနအတွက်ရော၊ နိုင်ငံအတွက်ပါ အကျိုးရှိတဲ့ခရီးစဉ်တစ်ခု ဖြစ်အောင် ကျွန်တော့်အနေနဲ့ ရလာတဲ့အတွေ့အကြုံတွေကို ပြန်ပြီးအသုံးချသွားမယ်၊ ပြန်လည်မျှဝေပေးသွားမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ။

## ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)မှ မဒေါက် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း




**ညောင်လေးပင် ဩဂုတ် ၁၄**

ဇူလိုင်လက မိုးသည်းထန်စွာရွာသွန်းပြီး စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးသင့်ခဲ့ကြသော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ဒေသရှိ ရေဘေးသင့်ပြည်သူများကို လူသားချင်းစာနာသောအားဖြင့် ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်) မှတာဝန်ရှိသူများ ဩဂုတ်လပထမပတ်ကအလှူငွေများ လာရောက်လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းရာတွင် ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်) မှ ဥက္ကဋ္ဌ ဦးဝင်းသန်းထွန်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ငြိမ်း အတွင်းရေးမှူး ဦးမောင်မောင်သက်တို့နှင့် အဖွဲ့ဝင်များသည် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်နှစ်ဆယ့်နှစ်သိန်းလေးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးနှင့် မြို့မိမြို့ဖ ဦးမျိုးကျော်တို့က လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စုများထံသို့ စက်လှေများဖြင့် သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများပြောကြားခဲ့ကာ ကယ်ဆယ်ရေးစခန်းကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**



**ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွင်းယားကြီးအုပ်စု ဖောင်းဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းစတင်ဆောင်ရွက်နေစဉ်။** ဗထူး

## ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ လှူဒါန်း



**ဘားအံ ဩဂုတ် ၁၄**

ကရင်ပြည်နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများမှ ပြည်သူများနှင့် ရေဘေးရှောင်စခန်းများတွင် ခိုလှုံနေကြသည့် ရေဘေးသင့် အိမ်ထောင်စုများအတွက် ကျပ်သိန်း ၅၀၀ ခန့် တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို လူငယ်လုပ်ငန်းရှင်များကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးအသင်း(YEN-D)မှ အဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

YEN-D မှ ဥက္ကဋ္ဌ ဦးမျိုးဝင်းညွန့်နှင့် မြန်မာနိုင်ငံမှ အဖွဲ့ဝင်လေးဦးနှင့် ထိုင်းနိုင်ငံမှ အဖွဲ့ဝင်လေးဦးတို့က ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀ ခန့်တန်ဖိုးရှိသော စားနပ်ရိက္ခာနှင့် အဝတ်အထည်များ၊ ဆေးဝါးများ စုစုပေါင်း ထောက်ပံ့ပစ္စည်း ၄၁ မျိုးကို ဘားအံမြို့၌ဖွင့်လှစ်ထားသည့် ကရင်ပြည်နယ် ရေဘေးကယ်ဆယ်ရေး ဗဟိုကွပ်ကဲရေးစခန်းသို့ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လှူဒါန်းသောပစ္စည်းများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးယဉ်ထွေးတို့က လက်ခံရယူခဲ့သည်။

YEN-D သည် ထိုင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား စီးပွားရေးလုပ်ငန်းများကို ထိရောက်ကျွမ်းကျင်စွာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် စီးပွားရေးနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများ ရရှိစေရန်ရည်ရွယ်၍ ထိုင်းနိုင်ငံနှင့် အိမ်နီးချင်း ငါးနိုင်ငံမှ လူငယ်လုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပြီး ယခုလှူဒါန်းမှုအပြင် မွန်ပြည်နယ်အတွင်းမှ ရေကြီးမှုများဖြစ်ခဲ့သည့်နေရာများအတွက် ထောက်ပံ့ရေးပစ္စည်းများကိုလည်း YEN-D က ဇူလိုင် ၂၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## တောင်ကြီးမြို့နယ်မှ နွမ်းပါးသော ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်း

**တောင်ကြီး ဩဂုတ် ၁၄**

တောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်း ၅၀ မှ နွမ်းပါးသော ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်မှ စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများ လှူဒါန်းပွဲနှင့် သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းနှင့် ဌာနတွင်းသင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို သမဝါယမသင်တန်းကျောင်း(တောင်ကြီး) သင်တန်းခန်းမ၌ ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းသုံးပစ္စည်းများလှူဒါန်းပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများက မူလတန်း ကျောင်းသား ကျောင်းသူ ၁၀၀ အား တစ်ဦးလျှင် ကျောင်းသုံးပစ္စည်း ၁၀ မျိုးနှင့် ထောက်ပံ့ငွေကျပ် ၇၀၀၀ နှုန်းဖြင့် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၆ သိန်းကျော်ကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်သော သမဝါယမအသင်းသား ၁၃ ဦးကိုလည်း ပြည်နယ်ဝန်ကြီးနှင့် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## ဂန့်ဂေါမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**ဂန့်ဂေါ ဩဂုတ် ၁၄**

ဂန့်ဂေါမြို့နယ် စိုင်ဒူးကျေးရွာ အလကကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများက ဩဂုတ် ၁၃ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးမှုကို ဂန့်ဂေါခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးအောင်ခင်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းမင်းလတ်တို့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ရာ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ ၃၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

## ရန်ကုန်မြို့တွင်းရှိ လူကူးခုံးကျော်တံတားနှစ်စင်း မကြာမီ ပြီးစီးတော့မည်

**ရန်ကုန် ဩဂုတ် ၁၄**



ရန်ကုန်မြို့တွင်း ပြည်သူများ ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ဗိုလ်တထောင်စေတီတော် ဝင်ပေါက်ထွက်ပေါက်ရှေ့တွင်ရှိသော ကမ်းနားလမ်းသစ်နှင့် ကမ်းနားလမ်းဟောင်းကို ဖြတ်သန်းတည်ဆောက်နေသည့် ဗိုလ်တထောင်လူကူးခုံးကျော်တံတားကြီးနှင့် စမ်းချောင်းမြို့နယ်ရှိ မဟာမြိုင်လူကူးခုံးကျော်တံတား တည်ဆောက်မှုများ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

“ဒီလကုန်ပြီးစီးဖို့ သတ်မှတ်ထားပါတယ်၊ မိုးမပြတ်တော့ တံတားအမိုးတပ်ဆင်တဲ့အခါမှာ ဝရိန်ပိုင်းဆိုင်ရာလုပ်ငန်းအခက်အခဲရှိလို့ မူလသတ်မှတ်ရက်ထက်တော့ နည်းနည်းနောက်ဆုတ်သွားနိုင်တယ်၊ တံတားအမိုးဒိုင်း၊ ကျောက်ပြားကာ၊ ကြွေပြားကာတဲ့အဖွဲ့တွေ လုပ်ငန်းဝင်နေပါတယ်၊ ဒီလကုန်ရင် ပြီးစီးသလောက်ရှိပါပြီ၊ အခု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ၊ ယာဉ်ကြောနှစ်ထပ်ဆိုတော့ ဘုရားလာဖူးတဲ့ပြည်သူတွေနဲ့ ဗိုလ်တထောင်ဆိပ်ကမ်းကိုလာတဲ့ ပြည်သူတွေအတွက် ဒီလူကူးခုံးကျော်တံတားကြီးက အထူးပဲအထောက်အကူပြုမှာပါ”ဟု ဗိုလ်တထောင် လူကူးခုံးကျော်တံတားကြီး တည်ဆောက်ရေးမှ အင်ဂျင်နီယာ ကိုသော်ဇင်အောင်က ပြောသည်။

ဗိုလ်တထောင် လူကူးခုံးကျော်တံတားကြီးကို ယခုနှစ် မတ် ၁ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မူလက ဩဂုတ်လကုန်ပိုင်းတွင် ပြီးစီးရန် လျာထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ရက်အနည်းငယ်တိုးမြှင့်၍ ဆောင်ရွက်ခဲ့ရကြောင်း၊ လူကူးခုံးကျော်တံတားကို ကားလမ်းမှ အမြင့်ပေ ၂၀ တွင် တည်ဆောက်ထားပြီး တံတားအရှည် ၁၇၄ ပေရှိကာ လူသွားလမ်းအကျယ် ၁၀ ပေနှင့် တံတား၏ အတက်တစ်ဖက်စီတွင် ရိုးရိုးလှေကားနှင့် စက်လှေကား တွဲလျက်တည်ဆောက်ထားကြောင်း သိရသည်။

စမ်းချောင်းမြို့နယ်အတွင်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ကားလမ်းတစ်ဖက်ရှိ မဟာမြိုင်မှတ်တိုင်ကို ပေါင်းကူးဆက်သွယ်ထားသော စမ်းချောင်း(မဟာမြိုင်) လူကူးခုံးကျော်တံတားတည်ဆောက်မှုမှာလည်း လက်ရှိအချိန်တွင် ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ မဟာမြိုင်တံတားမှာ အရှည် ၉၁ ပေနှင့် လူသွားလမ်းအကျယ် ၁၀ ပေရှိပြီး တံတား၏ အတက်တစ်ဖက်စီတွင် စက်လှေကားနှင့် အဆင်းတွင် ရိုးရိုးလှေကားတစ်ဆက်တည်း တည်ဆောက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့တွင်း၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်စေရန်အတွက် လူကူးခုံးကျော်တံတားများကို တည်ဆောက်ပေးလျက်ရှိရာ ဗိုလ်တထောင် လူကူးခုံးကျော်တံတားနှင့် စမ်းချောင်း(မဟာမြိုင်)လူကူးခုံးကျော်တံတားတို့ကို မတ် ၁ ရက်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တင်ဒါအောင်မြင်သော ကုမ္ပဏီက တာဝန်ယူ တည်ဆောက်လျက်ရှိရာ စက်တင်ဘာလကုန်ခန့်တွင် ခုံးကျော်တံတားနှစ်စင်းလုံး တည်ဆောက်မှုများ ရာနှုန်းပြည့် ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## ကျောက်ဖြူမြို့တွင် ဒီရေတိုက်စားမှုကြောင့် တာပေါင် ပေ ၄၀ ကျော်ခန့် ကျိုးပေါက်မှုဖြစ်ပွား



**ကျောက်ဖြူ ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တောင်ရင်းအုပ်စု ကုလာဘာတောင်ကျေးရွာရှိ ငလပွေ့တာတမံ၏ မိုင်တိုင်အမှတ်(၂၄/၂၅)ကြား တာပေါင် ပေ ၄၀ ကျော်ခန့်မှာ ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီအချိန်က ကျိုးပေါက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ တာပေါင်ကျိုးပေါက်မှုကြောင့် လူနေအိမ် ၇၀ ခန့်သို့ ရေဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး တာပေါင်ကျိုးပေါက်သည့်နေရာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ ရေဝင်သောအိမ်များမှ လူများကို ကုလာဘာတောင်ကျေးရွာရှိ သိမ်တောင်ဘုန်းတော်ကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်ဆည်မြောင်းဦးစီးဌာနက ထိန်းသိမ်းထားသည့် အဆိုပါ ငလပွေ့တာတမံ ကျိုးပေါက်သည့်နေရာတွင် ဆည်မြောင်းဦးစီးဌာန၏ ဘက်ဟိုး နှစ်စီး၊ မြေသယ်ယာဉ်ငါးစီးတို့ဖြင့် ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများနှင့်အတူ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပြန်လည်ဆည်ဖို့လျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## လူငယ်များ စာပေဖတ်ရှုမှုတိုးလာရေးအတွက် မန္တလေးမြို့တွင် One Stop Station စာအုပ်ဆိုင်များ ဖွင့်လှစ်ပေးရန်လိုအပ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးမြို့ရှိ လူငယ်များ စာပေလေ့လာဖတ်ရှုမှု မြင့်တက်လာစေရန်အတွက် မန္တလေးမြို့တွင် One Stop Station စာအုပ်ဆိုင်များ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း စာရေးဆရာချစ်ဦးညိုက ပြောကြားသည်။

ဆရာချစ်ဦးညိုက “အရင်တုန်းက စာအုပ်အငှားဆိုင်တွေရှိပေမယ့် အခုမရှိတော့ လူငယ်တွေက စာအုပ်ကိုဘယ်မှာသွားရှာရမလဲမသိဘူးဖြစ်နေတယ်၊ သူတို့က စာအုပ်ဖတ်ချင်တယ်၊ ငွေကြေးလည်း အထိုက်အလျောက်သုံးနိုင်တယ်၊ ဒါပေမယ့် ဘယ်နေရာမှာရှာရမလဲမသိဘူး၊ စာအုပ်အရောင်းဆိုင်တွေရှိပေမယ့် တကူးတက လာဝယ်နေရတယ်၊ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ One Stop Station စာအုပ်ဆိုင်တွေ များများဖွင့်နိုင်ဖို့လိုတယ်၊ စာအုပ်ဖတ်နိုင်ဖို့အတွက် အခြေအနေတွေကို လူကြီးတွေက ဖန်တီးပေးရမယ်”ဟု ပြောကြားသည်။



စာပေပွဲတော်တစ်ခုတွင် စာအုပ်များကို လေ့လာဝယ်ယူနေကြသည့် လူငယ်များ

ထို့အပြင် အဆိုပါ One Stop Station စာအုပ်ဆိုင်များတွင် လူငယ်အချင်းချင်း စာပေဆွေးနွေးပွဲများနှင့် စာရေးဆရာများကိုဖိတ်ခေါ်၍ ၄င်းတို့နှင့် ပြုလုပ်သည့် စာပေစကားဝိုင်းများကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း ဆရာချစ်ဦးညိုက အကြံပြုပြောကြားသည်။

“ဒီလိုအခြေအနေမျိုးတွေ ဖန်တီးပေးနိုင်ရင် စာဖတ်အားပိုတက်လာမယ်လို့ ထင်တယ်၊ စာဖတ်အားတက်လာသလို တစ်ဖက်က ဖုန်းကြည့်တာ၊ ဂိမ်းဆော့တာတွေ လျော့သွားမယ်၊ လူငယ်တွေအနေနဲ့စိတ်ဝင်စားမှုနဲ့လှုပ်ရှားမှုတွေများလာမယ်၊ အမှန်က သက်ဆိုင်ရာတာဝန်ရှိသူတွေဘက်က လှုပ်ရှားမှုနည်းနေတယ်၊ တစ်ပိုင်တစ်နိုင်လှုပ်ရှားမှုတွေလုပ်ပေးနိုင်ရင် အများကြီးပိုကောင်းလာမယ်”ဟု ၄င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့ရှိ လင်းလွန်းအိမ်စာပေတိုက်မှ တာဝန်ရှိသူတစ်ဦးက လက်ရှိတွင် လူငယ်များအနေဖြင့် ရသစာပေဖတ်ရှုမှုအားနည်းနေသေးသည့်အတွက် ပိုမိုဖတ်ရှုရန်လိုအပ်ကြောင်း၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့နှိုင်းယှဉ်လျှင် မန္တလေးမြို့တွင် စာအုပ်စာပေဖတ်ရှုလိုသူ ပိုမိုများပြားကြောင်းကို ပွဲတော်များတွင် စာအုပ်ရောင်းချရမှုအခြေအနေအရ သိရှိနိုင်ကြောင်း သုံးသပ်ပြောကြားသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူသားချင်းစာနာထောက်ထားမှုနှင့် ကူညီထောက်ပံ့ခြင်းဆိုင်ရာကျင့်ဝတ်များ

**တက္ကသိုလ်ဇော်ထူးဦး**

ဒုက္ခရောက်နေသူကို အကူအညီပေးရမည်ဆိုသည့် လူမှုကရုဏာဆိုင်ရာ ကျင့်ဝတ်သည် ရှေးကျပြီး သိမ်မွေ့နူးညံ့ကာ ခိုင်မာသောအသိတစ်ခုပင်ဖြစ်၏။ ယင်းအသိကို ယဉ်ကျေးမှုတိုင်း၊ ဘာသာတိုင်းတွင် တွေ့ရ၏။ လူ့အခွင့်အရေးနှင့်ဆိုင်သော နိုင်ငံရေးအယူဝါဒတွင် လူ့ဂုဏ်သိက္ခာဆိုသည့်အတွေးအခေါ်ကို လူမှုကရုဏာအဖွဲ့အစည်းများ ကျင့်သုံးရမည့် အပြည်ပြည်ဆိုင်ရာ လူမှုကရုဏာဥပဒေတွင် ထည့်သွင်းဖော်ပြထားသည်။

### လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျင့်ဝတ်

အကျပ်အတည်းဖြစ်ချိန်တွင် လူသားအကျိုးဆောင်ရွက်သူတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကျင့်ဝတ်ဖြစ်သော ကြားနေမှု(Neutrality)နှင့် လွတ်လပ်မှု(Independence) ဟူသည့် အခြေခံမူနှစ်ရပ်အပေါ် အခြေခံ ကျင့်သုံးရ၏။ ထိုသို့ကျင့်သုံးရာတွင် သဘာဝဘေးဒုက္ခကျရောက်မှု သို့မဟုတ် နိုင်ငံရေးနှင့် ပတ်သက်သော ကိစ္စများကို စိတ်ဝင်စားမှုမရှိဘဲ ဒုက္ခရောက်နေသူများအတွက် လိုအပ်သောကူညီပံ့ပိုးမှုကိုသာ မျှော်လင့်ရမည်။

လူမှုကရုဏာဆိုင်ရာကျင့်ဝတ်သည် အသက်ဘေးမှကယ်တင်ရန် အလိုအပ်ဆုံးသောသူများအတွက်ဖြစ်၏။ အကျပ်အတည်းနှင့် ရင်ဆိုင်ခံစားနေရလင့်ကစား စစ်ပွဲ၊ ပဋိပက္ခ၊ ငတ်မွတ်ခေါင်းပါးမှု၊ ကပ်ရောဂါ၊ ဘေးဒုက္ခ ကျရောက်နေကြသော အမျိုးသမီး၊ အမျိုးသား၊ ကလေးသူငယ်တိုင်း၏ လူ့ဂုဏ်သိက္ခာကို လေးစားသမှုပြုရမည်ဖြစ်၏။ ထိုလူမှုကရုဏာဆိုင်ရာကျင့်ဝတ်ကို လက်တွေ့ကျင့်သုံးရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသောအဖွဲ့အစည်းများသာမက အကျပ်အတည်းတွင် ပါဝင်ပတ်သက်သူများအားလုံးသည်လည်း စိန်ခေါ်မှုများစွာရှိကြသည်။

### သတင်းမီဒီယာများ၏ အာရုံစူးစိုက်မှု

လူသားချင်းစာနာထောက်ထားမှုအကူအညီများသည် နိုင်ငံရေးဆိုင်ရာ သို့မဟုတ် သတင်းမီဒီယာဆိုင်ရာတို့၏ အာရုံစူးစိုက်မှုအပေါ်တွင် မူတည်နေ၏။ အချို့သဘာဝဘေးဒုက္ခများသည် သတင်းမီဒီယာများ၏ အာရုံစူးစိုက်ဖော်ပြမှု မရှိသည့်အတွက် အကူအညီများ လိုအပ်သလောက်မရကြပေ။ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာဆုံးရှုံးရသော နိုင်ငံများမှာမူ မီဒီယာများ၏ သတင်းထင်ပေါ်မှုကြောင့် အရေးပေါ်အခြေအနေအဖြစ်သို့ ရောက်ရှိသွားကာ ထောက်ပံ့မှုအကူအညီနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာအကူအညီများရရှိရန် အလှူရှင်များ၏ ထူးထူးခြားခြား စိတ်ပါဝင်စားမှုကို ခံကြရသည်။

လူသားချင်းစာနာထောက်ထားမှုအကူအညီများသည် စစ်ပွဲကြောင့်သော်လည်းကောင်း၊ ရောဂါဘယကြောင့်သော်လည်းကောင်း၊ သဘာဝဘေးကျရောက်မှုကြောင့်သော်လည်းကောင်း ဒုက္ခရောက်နေကြသူများအတွက် တူညီသောအကူအညီများ မရရှိကြပေ။ အလှူရှင်များအနေဖြင့် အမြဲတစေ ကြီးမားသော ထောက်ပံ့ကူညီမှုအပေါ်သာ ပိုမိုစိတ်ဝင်စားကာ အလေးပေးကြပြီး အမှန်တကယ်ထောက်ပံ့ရန် လိုအပ်နေသော ဘေးဒုက္ခများကိုမူ မေ့လျော့နေတတ်ကြ၏။ ဘေးဒုက္ခနှင့်ရင်ဆိုင်နေရသောဒုက္ခသည်များ၏ လိုအပ်ချက်ထက် လှူဒါန်းသည့် အလှူရှင်အဖွဲ့အစည်းတို့၏ လိုအပ်ချက်ကို ပိုမိုဦးစားပေးနေကြသည်။

### အကူအညီပေးသော အဖွဲ့အစည်းများ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသော အဖွဲ့အစည်းများသည် အဓိကကျသော အထူးတာဝန်ကြီးနှစ်ရပ်ကို သတိပြုရ၏။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူများနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်သူများအား အခြေခံမူများကိုသိရှိစေပြီး သဘောတူညီမှုရယူခြင်းတို့ ဖြစ်၏။ ပါဝင်ကူညီသူပံ့ပိုးသူများဖြစ်သည့် အိမ်ရှင်အာဏာပိုင်များ၊ အလှူရှင်အစိုးရများ၊ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ မြို့ပြလူမှုအဖွဲ့အစည်းများ၊ စစ်တပ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် မီဒီယာများအနေဖြင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားကာ လုပ်ဆောင်ကြရသည်။

### အန္တရာယ်(၅)ရပ်

ဘေးဒုက္ခကျရောက်မှုနှင့် စစ်မက်ဘေးဖြစ်ပွားသည့်အချိန်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်ဆိုင်ရာ ထိခိုက်စေသည့် အန္တရာယ်(၅)ရပ်ကိုလည်း ထည့်သွင်းစဉ်းစားသင့်၏။

**ကြံရာပါအဖြစ် တလွဲကူညီမှုပေးခြင်းမျိုးဖြစ်နေခြင်း**

လူသားချင်းစာနာထောက်ထားမှုဖြင့် ဒုက္ခသည်များအဖြစ်သတ်မှတ်ကာ ကူညီထောက်ပံ့မှုပေးခြင်းသည် လက်နက်ကိုင်တပ်ဖွဲ့များ အထူးသဖြင့် သူပုန်များ၊ အကြမ်းဖက်အဖွဲ့များ၊ အစွန်းရောက်အဖွဲ့များကို ပြန်၍စုစည်းနိုင်အောင် ရှင်သန်အောင် ကူညီသကဲ့သို့ ဖြစ်နေတတ်သည်။

**တရားဝင်ချိုးဖောက်မှုမျိုးဖြစ်နေခြင်း**

ဖြစ်စဉ်နှင့် ဖြစ်နေသောအခြေအနေများကို စုံစမ်းထောက်လှမ်းခွင့်၊ ဆန်းစစ်လေ့လာခွင့် မရရှိသည့်အချိန်တွင် အကူအညီများကို ဦးစားပေးသည့်အတွက် အခြေအနေ ပိုမိုဆိုးရွားစေသည်။

**အကူအညီပေးခြင်း၏ ဆန့်ကျင်ဘက်အကျိုးဖြစ်ခြင်း**

အကူအညီကို လိုအပ်သည်ထက်ပိုပေးခြင်းကြောင့် လူဦးရေနည်းပါးသောဒေသများတွင် ဈေးကွက်အခြေအနေ ပျက်ယွင်းစေသည်။

**ပစ်မှတ်နှင့် ဦးစားပေးအဆင့် လွဲမှားခြင်း**

အကူအညီလိုနေသူများထက် မလိုအပ်သူများကို ပိုမိုကူညီမိသည့်အတွက် အမှန်တကယ်လိုအပ်သူများကို အခက်အခဲဖြစ်စေသည်။

**အသိပေးခြင်း(သို့) ပြောဆိုခြင်းကြောင့်အခက်အခဲဖြစ်ခြင်း**

ကူညီထောက်ပံ့ရေးတွင် အလွဲသုံးမှုများကို ရှုတ်ချပြောဆိုခြင်းကြောင့် အကူအညီပေးသော အေဂျင်စီများကို နှင်ထုတ်သကဲ့သို့ ဖြစ်စေသည်။

### ဆွေးနွေးတိုင်ပင်ခြင်း

လူမှုကရုဏာလုပ်ငန်းများကို လုပ်ကိုင်နေသူများအတွက် ဆွေးနွေးခြင်းသည် အဓိကအရေးပါသောအချက် ဖြစ်၏။ အဆိုပါ ဆွေးနွေးခြင်းမှာ ကိုယ်ပိုင်ဆွေးနွေးခြင်း(သို့မဟုတ်)လူထု၏ဝေဖန်ရေးလည်းဖြစ်နိုင်၏။ ဆွေးနွေးခြင်းသည် နိုင်ငံတကာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များထက် ပြည်တွင်းအဖွဲ့အစည်းများအတွက် အထူး လိုအပ်၏။ အရေးပေါ်ကိစ္စများတွင် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် မှားယွင်းသော အချက်အလက်များကို သိရှိကာ ပြုပြင်နိုင်၏။ ကူညီကယ်ဆယ်ရေးအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို စည်းကမ်းများနှင့် စံထားတိုင်းတာခြင်းသည် ဆန္ဒစွဲဖြင့်အကဲဖြတ်မိသည့် အခြေအနေမျိုးကို နည်းပါးစေသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော အဖွဲ့အစည်းများ အနေဖြင့် လေးစားလိုက်နာရမည့်အချက် လေးချက်ရှိ၏။ ယင်းတို့မှာ -

**ခွဲခြားမှုမရှိခြင်း** - အကူအညီလိုအပ်သူများကိုသာ မျက်နှာမလိုက် အကူအညီပေးပါ။

**ယုံမှားသံသယကင်းအောင်ဆောင်ရွက်ခြင်း** - အကူအညီကို နိုင်ငံရေးရပ်တည်မှုအတွက် အသုံးမပြုရပါ။

**ကြားနေဆောင်ရွက်ခြင်း** - နိုင်ငံရေးယုံကြည်မှုအရ ဘက်လိုက်မှုမရှိဘဲ အကူအညီကိုဖြန့်ဝေပါ။

**လုံခြုံမှုရှိစေခြင်း**- အကူအညီပေးသူများ၏ လုံခြုံရေးအတွက် အစိုးရ၏စောင့်ရှောက်မှုကို ရယူပါ-

စသည့်အချက်များဖြစ်သည်။

### စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ

ကူညီထောက်ပံ့ခြင်းဆိုင်ရာကျင့်ဝတ်(Ethics in Aid)များသည် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် လူမှုဒုက္ခများကို လျော့ပါးသက်သာစေရန်အတွက် ကူညီဆောင်ရွက်ပေးနေကြသည့် လူမှုကရုဏာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၊ အလှူရှင်များအတွက် စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များပင်ဖြစ်၏။

မျက်မှောက်ကာလတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူအဆစွဲများဖြင့် ပြုမူဆောင်ရွက်လာကြသည်များရှိနေ၏။ လူသားချင်းစာနာထောက်ထားမှုဆိုသည့် ဝေါဟာရကို လက်ကိုင်ပြုကာ အကူအညီလိုအပ်နေသူများကို ဗန်းပြပြီး နိုင်ငံရေး၊ ဘာသာရေး လူမျိုးရေးအမြတ်ထုတ်မှုများ၊ နယ်မြေပိုင်ဆိုင်မှုရယူလိုမှုများကိုလည်း တွေ့လာရပြီဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ လူသားချင်းစာနာထောက် ထားမှုအတွက် ကူညီထောက်ပံ့ခြင်းဆိုင်ရာ ကျင့်ဝတ်များသည်ကား ယနေ့တိုင် အသက်ဝင်နေဆဲပင်ဖြစ်သည်။ ။

> “မျက်မှောက်ကာလတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူမျိုးစွဲ၊ ဘာသာစွဲ၊ အယူအဆစွဲများဖြင့် ပြုမူဆောင်ရွက်လာကြသည်များရှိနေ၏၊ လူသားချင်းစာနာထောက်ထားမှုဆိုသည့် ဝေါဟာရကို လက်ကိုင်ပြုကာ အကူအညီလိုအပ်နေသူများကို ဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်မှုများ၊ ဘာသာရေးအမြတ်ထုတ်မှုများ၊ လူမျိုးရေး အမြတ်ထုတ်မှုများ၊ နယ်မြေပိုင်ဆိုင်မှုရယူလိုမှုများကိုလည်း တွေ့လာရပြီဖြစ်၏”

## နိုင်ငံခြားခရီးသွားဧည့်သည် ယခင်နှစ်ထက် တစ်ရာခိုင်နှုန်းကျော် ပိုမိုဝင်ရောက်

**ရန်ကုန် ဩဂုတ် ၁၄**

ယခုနှစ် မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယခင်နှစ်ကထက် ၁ ရာခိုင်နှုန်းကျော် ပိုမိုတိုးတက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ)မှ သိရသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဇူလိုင်လအထိ နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှုနှုန်းထက် ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှုန်းက ၁ ရာခိုင်နှုန်းကျော် ပိုမိုတိုးတက်လာခြင်းဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ)၏ မှတ်တမ်းများအရ ပြီးခဲ့သည့် သုံးလအတွင်း ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်ပနိုင်ငံများမှ နိုင်ငံခြားခရီးသွားဧည့်သည် လအလိုက် ဝင်ရောက်မှုမှာ မေလတွင် ၈၃၉၄ ဦး၊ ဇွန်လတွင် ၇၅၄၈ ဦးနှင့် ဇူလိုင်လတွင် ၈၁၁၃ ဦး ရှိခဲ့ကြောင်း သိရသည်။ အိမ်နီးချင်းအာရှနိုင်ငံများမှ လာရောက်သူများထဲတွင် ထိုင်းလူမျိုး၊ တရုတ်လူမျိုးနှင့် ဂျပန်လူမျိုးများက အများဆုံးဖြစ်ပြီး ဥရောပတိုက်နိုင်ငံများမှ ပြင်သစ်၊ အင်္ဂလန်နှင့် ဂျာမနီလူမျိုးများ အများဆုံးလာရောက်ကာ အမေရိကန်လူမျိုးများလည်း လာရောက်မှုများကြောင်း သိရသည်။

ဒီဂျစ်တယ်အွန်လိုင်းနည်းပညာများ တိုးတက်ပြောင်းလဲမှုကြောင့် ခရီးသွားများအနေဖြင့် မိမိသွားလိုသည့်ခရီးနှင့် ပတ်သက်သည့် အကြောင်းအရာ သတင်းအချက်အလက်များကို လူမှုကွန်ရက်စာမျက်နှာများတွင်သာ လေ့လာပြီး သွားရောက်ကြသည့်အတွက် ခရီးသွားလုပ်ငန်းများနှင့် ချိတ်ဆက်သွားလာခြင်းမျိုးမှာမူ နည်းပါးသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းကလည်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားဈေးကွက် မြှင့်တင်ခြင်း၊ ခရီးစဉ်ဒေသများ ပြန်လည်ဖော်ထုတ်ခြင်းနှင့် ခရီးစဉ်များသို့သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သောကိစ္စရပ်များ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနေပြီး လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အခက်အခဲများအကြောင်းကို ကဏ္ဍသုံးရပ်ခွဲခြား၍ အမျိုးသားခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယသမ္မတထံ တင်ပြထားကြောင်း သိရသည်။



နိုင်ငံခြားသားများ တည်းခိုမှုများသော ရန်ကုန်မြို့ကမ်းနားလမ်းရှိ စထရင်းဟိုတယ်

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်မှုများအရ ၂၀၁၈ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ ပုဂ္ဂလိက၊ ဖက်စပ်နှင့် နိုင်ငံခြားသား ခရီးသွားလုပ်ငန်းလိုင်စင်ရရှိထားမှု ၂၈၀၂ ခုရှိပြီး ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ၄၄၀၄ ခုဖြစ်ကာ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှာ ၃၈၀၃ ခုဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဟိုတယ်နှင့် တည်းခိုခန်း ၃၉၉ လုံးရှိပြီး ဧည့်သည်များတည်းခိုနိုင်ရန် အခန်းပေါင်း ၂၀၈၄၅ ခန်းရှိကြောင်း သိရသည်။ **ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - ထိန်လင်း**

## ရေဝတီလင်းပိုင်ထိန်းသိမ်းရေးတွင် အချက်အလက် အသုံးပြုခြင်း အခြေခံသင်တန်း ကသာမြို့၌ဖွင့်

**ကသာ ဩဂုတ် ၁၄**

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ကင်းလှည့်လုပ်ငန်းစဉ်များတွင် SMART Database အသုံးပြုခြင်းဆိုင်ရာ အခြေခံသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန အခြေစိုက်ရုံး၌ ဩဂုတ် ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဂြိုဟ်တုအခြေပြုတည်နေရာပြစနစ်ကိုသုံးပြီး ဂြိုဟ်တုများနှင့် ချိတ်ဆက်ထားသည့် ဂျီပီအက်စ်စနစ် အသုံးပြုပုံကို သင်တန်းတွင် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ စာတွေ့ကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တွင် ပို့ချပြီး ၁၅ ရက်တွင် ဧရာဝတီမြစ်အတွင်း လင်းပိုင်များနေထိုင်တတ်သော နေရာများတွင် လိုက်လံရှာဖွေ၍ လက်တွေ့ဂြိုဟ်တုစနစ်ချိတ်ဆက်ပုံများကို ပြသသွားမည်ဖြစ်ကြောင်း ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးတင့်လွင်က ပြောကြားသည်။

ဧရာဝတီလင်းပိုင်များသည် ဧရာဝတီမြစ်ထဲ၌သာ ပျော်မွေ့နေထိုင်သော နို့တိုက်သတ္တဝါဖြစ်ပြီး အေဒီ ၁ ရာစုခန့်မှစတင်ကာ ဧရာဝတီမြစ်ကို အမှီပြု၍ နေထိုင်ခဲ့ကြသောကြောင့် ဧရာဝတီလင်းပိုင် အမည်ပေးခဲ့ပြီး ကမ္ဘာ့ မြစ်အနည်းငယ်တွင်သာလျှင် ထိုလင်းပိုင်မျိုးကို တွေ့ရှိနိုင်ကြောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အကျိုးပြုရန်နှင့် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းသွားခြင်းမရှိစေရန်အတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းသူများ အတူတကွ လက်တွဲထိန်းသိမ်းစောင့်ရှောက်ဖို့လိုအပ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ စီမံကိန်းမန်နေဂျာ ဦးကျော်လှသိန်းကပြောသည်။ သင်တန်းသို့ ကသာခရိုင်အတွင်းရှိ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ် ဌာနရှိ ငါးအင်းသူကြီး သင်တန်းသား ၂၃ ဦး တက်ရောက်ခဲ့သည်။

**ငွေအိုး(ကသာ)**

## မကူးစက်နိုင်သော ရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်းဆိုင်ရာများ အလုံမြို့နယ်၌ ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁၄**

မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းဆိုင်ရာများဆွေးနွေးပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့ က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကေသီအောင်က ဆေးကုသခြင်းလုပ်ငန်းဆိုင်ရာအသေးစိတ်ကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မကူးစက်နိုင်သောရောဂါများဖြစ်သည့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါ၊ နှလုံးရောဂါများနှင့် ပတ်သက်၍ ကျန်းမာရေးဌာနဝန်ထမ်းများက ဟောပြောပွဲလာသူများအား စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**NATIONAL ELECTRIFICATION PROJECT**

**SPECIFIC PROCUREMENT NOTICE**

**Date : 15th August, 2018**

**Invitation for Bids**

**IDA,Credit No : 5727-MM**

**Contract Title : Installation of Distribution Lines and Transformers forSagaing (1)For National Electrification Project**

**Reference No : MOEE-NEP/C1-W1/18**

1. The Republic of the Union of Myanmar *has received* financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for **Installation of Distribution Lines and Transformers for Sagaing(1)**

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for **Installation of Distribution Lines and Transformers for Sagaing (1) in the following locations**

The number and identification of lots comprising this bidding process is:

| | | |
|---|---|---|
| **Lot 1: Sagaing District** | - | **18 villages** |
| **Lot 2: Shwebo/ Kanbalu District** | - | **24 villages** |
| **Lot 3: Shwebo District** | - | **52 villages** |
| **Lot 4: Shwebo/ Kanbalu District** | - | **49 villages** |
| **Lot 5: Shwebo District** | - | **56 villages** |
| **Lot 6: Shwebo District** | - | **46 villages** |
| **Lot 7: Shwebo District** | - | **128 villages** |
| **Lot 8: Katha District** | - | **51 villages** |
| **Lot 9: Katha District** | - | **58 villages** |

3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's *Guidelines: Procurement of Goods, Works and Non-Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers* ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.

4. Interested eligible bidders may obtain further information from Project Management Office(National Electrification Project),Project Manager *and* nep.pmomoep@gmail.com] and inspect the bidding documents during office hours [09:30 to 16:00 hours] at the address given below.

5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.

6. Bids must be delivered to the address below on or before 28th September, 2018, (10:00 am) - Myanmar Time. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below.

7. All bids must be accompanied by "Bid-Security"

8. The address (es) referred to above is(are):

Attention: **Project Manager**

**Project Management Office (National Electrification Project)**

**Office Building No.27, Ministry of Electricity and Energy**

City: **Nay Pyi Taw**

ZIP Code: **095**

Country: **The Republic of the Union of Myanmar**

Telephone:**+95 67 3431175**

Facsimile number: **+95 673431176**

Electronic mail address: **nep.pmomoep@gmail.com**

# မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ရေးဆွဲရေးတွင် အကြံပြုချက် ပေးပို့နိုင်ကြောင်း ကြေညာခြင်း

## ၂၀၁၈ ခုနှစ် ဩဂုတ် ၉ ရက်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အသင်းခွဲများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အကြံပြုချက်များပေးပို့ရန် ဖိတ်ခေါ်ကြောင်းနှင့် မိမိတို့အသင်းခွဲများ၏ အကြံပြုချက်များကို ဤကြေညာသည့်ရက်မှစ၍ ရက်သတ္တပတ်နှစ်ပတ်အတွင်း မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်)နှင့် ရန်ကုန်(ကမ္ဘာအေး)ရုံးများသို့ ပေးပို့နိုင်ပါကြောင်း ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် အသိပေးကြေညာပါသည်။

### ဖခင်အမည်မှန်

၂၀၁၈ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကခ-၇၈၁ဖြင့် အောင်မြင်ခဲ့သော မောင်ရမ်းဗဟာဒူး၏ ဖခင်အမည်မှန်မှာ ဦးကော်မလာဗဟာဒူး ၁/မကတ(နိုင်)၁၀၀၅၅၈ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်နေ (ဘ)ဦးထွန်းမြင့်ဦး ၁/ပတအ(နိုင်)၀၂၇၇၄၃ ၏သမီး မမိုးထိပ်ထားအား မဟဲယောချာဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန့်ဇင်ဝင်း ၈/မသန(နိုင်)၀၉၀၉၆၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၁၀၆၅၃၃**

### ဖခင်အမည်မှန်

မကွေးမြို့နယ်၊ ဖိုလေးလုံးကျေးရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မလဲ့ယုသိန်း၏ ဖခင်အမည်မှန်မှာ ဦးဆယ်မောင် ၈/မသန(နိုင်)၀၄၈၅၇၁ ဖြစ်ပါကြောင်း။

**ဦးဆယ်မောင်**

### ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (ခွဲ-ကျွန်းပင်သာ) အဋ္ဌမတန်း(A)မှ မစီးမား၊ နဝမတန်း(B)မှ မစီရိဂျာနားနှင့် ဆဋ္ဌမတန်း(B)မှ မမာလာသီတို့၏ ဖခင်အမည်မှန်မှာ ဦးအင်တရာဗဟာဒူး ၁/မကတ(နိုင်)၀၂၃၃၉၈ ဖြစ်ပါသည်။

### အမည်ပြောင်း

မိုးကောင်းမြို့နယ်၊ ဆားမော် အထကနဝမတန်း(A)မှ မထုလွမ်အား မထုဆိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### မိဘအမည်မှန်

နမ္မတီးမြို့၊ အထက နဝမတန်း(H) မှ မအမီတာ၊ သတ္တမတန်းမှ မဒူရကား၊ ပဉ္စမတန်းမှ မောင်ဟိန်းမဟာဒူး(ခ) မောင်ဟင်းမ်ဗဟာဒူး၊ ဒုတိယတန်းမှ မောင်ပူးနားမဟာဒူးတို့၏ မိဘအမည်မှန်မှာ ဦးပဲရင်းလလ် ၁/မကန(နိုင်)၀၂၈၈၀၆ နှင့် ဒေါ်ဒေဝီမာယာ ၁/မကန(နိုင်)၀၂၈၇၉၀ တို့ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ပူတာအိုခရိုင်၊ နောင်မွန်မြို့ အထက(ခွဲ-ရပ်ဘော့) သတ္တမတန်းမှ မောင်ဟီးဇီရာမ်ဆားရ်၏ ဖခင်အမည်မှန်မှာ ဦးဟီးဇီဂျိုးဇက် ၁/နမန(နိုင်)၀၀၁၆၇၁ ဖြစ်ပါသည်။

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်-၂၅/မြင်းခြံကွင်းတွင်ရှိ ဦးပိုင်အမှတ် (၈/က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၈၅၆ ဧကမြေကွက်နှင့် ဦးပိုင်အမှတ်(၈/ခ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၉၄၀ ဧကရှိမြေကွက်တို့မှာ ဒါရိုက်တာအဖွဲ့၊ အတွင်းရေးမှူး ဆုမွန်ရတနာ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၊ မြင်းခြံမြို့အနေဖြင့် နှစ်ပေါင်း(၃၀)ဂရန်ချထားပေး၍ ရရှိထားခဲ့ပါသည်။

ယင်းသမဝါယမအသင်းလီမိတက်ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး အမည်ပေါက်ဂရန်စာချုပ်မူရင်းများသည် ပျောက်ဆုံးသွားခဲ့သဖြင့် မြင်းခြံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်အမှုတွဲထပ်မံထုတ်ပေးနိုင်ရန်ဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးမှ မြေဂရန်ထုတ်ပေးရန် လျှောက်ထားသည့်မြေကွက်များနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ တစ်လအတွင်း ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်သူမရှိပါက ဂရန်ထပ်မံထုတ်ပေးရန် လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်အောင် (အထက်တန်းရှေ့နေ) (စဉ်-၃၉၈၅၂)**
**အမှတ် (၁၅)ရပ်ကွက်၊ မြင်းခြံမြို့၊ ဖုန်း-၀၉-၇၉၂၈၆၇၀၂၀**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၁၆က/၂က)၊ ဦးပိုင်အမှတ် ၁၀၂/၁၊ ဧရိယာ ၀ ဒသမ ၁၄၃ ဧကရှိမြေကွက်အား ဦးခင်အောင် KMG-၀၂၅၅၇၂ အမည်ဖြင့် အမှုတွဲအမှတ် ၃၇၇V(၁၉၉၂-၁၉၉၃) အရ(၂၂-၃-၂၀၁၅)ရက်ထိ ၁၅နှစ်မြေငှားဂရန်ရရှိခဲ့ရာ အဆိုပါဦးခင်အောင်အမည်ဖြင့် ရရှိထားသော မြေငှားဂရန်အား ဦးဝင်းထိုက် ၁၃/မနန(နိုင်)၀၄၉၅၀၆ အမည်ဖြင့် ၂၆-၆-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၁၈/၂၀၁၈)ဖြင့် ကျမ်းကျိန်ဆို၍ မြစ်ကြီးနားမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၂-၇-၂၀၁၈ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၁၀/၂၀၁၈)ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ် ၃၅၀၊ မြေဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ ဒေါ်တင်လှအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဒေါ်ပန်းမဉ္ဇူစံ (ဘ)ဦးအိုက်ပု ၉/အမဇ(နိုင်)၀၁၇၄၃၇ (ဒေါ်တင်လှ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၈/၂၀၁၀ရရှိသူ)မှ ဦးမြင့်နိုင် (ဘ)ဦးကျော်လျှန်ချမ်း ၁၃/သပန(နိုင်)၀၄၁၆၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဒေါ်တင်လှအမည်ပေါက် နှစ်၃၀ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ၊ အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းထားခြင်းမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းများ တင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ် ၃၄၉၊ မြေဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိ ဒေါ်အေးအေးကျော်အမည်ပေါက် နှစ်၃၀မြေငှားစာချုပ်မြေကွက်အား ဒေါ်ပန်းမဉ္ဇူစံ (ဘ)ဦးအိုက်ပု ၉/အမဇ(နိုင်)၀၁၇၄၃၇ (ဒေါ်အေးအေးကျော်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၇/၂၀၁၀ ရရှိသူ) မှ ဒေါ်ဖြူဖြူဝင်း(ခ)ဟုန်ဖေကျင် (ဘ) ဦးရှန်မုန်း ၉/မနမ(နိုင်)၀၈၂၄၄၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဒေါ်အေးအေးကျော်အမည်ပေါက် နှစ်၃၀မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာ၊ အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းထားခြင်း မရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ တံစိုးဂိတ်ရပ်ကွက်၊ အကွက်အမှတ် (၁၉၁)၊ ဦးပိုင်အမှတ် (၂/က) မြေကွက်ခေါ်တွင်သော ဧရိယာဧက ၀ ဒသမ ၁၇၃ ပေါ်ရှိမြေကွက်နှင့် ၎င်းမြေပေါ်တွင် ဦးလှထွန်း ၉/ကဆန(နိုင်)၀၄၃၆၉၁ မှ အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလှထွန်း ၉/ကဆန(နိုင်)၀၄၃၆၉၁**
**ကျောက်ဆည်မြို့၊ တံစိုးဂိတ်**
**ဖုန်း-၀၉-၉၆၂၃၂၄၈၂၂**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မိုးကောင်းမြို့၊ ကျွန်းတောရပ်ကွက်၊ အကွက်အမှတ် ၁၃/၇၊ ဦးပိုင်အမှတ် ၁၀၃၊ မြေဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိမြေကွက်သည် ဦးဇော်ဝင်း ၅/ဝလန(နိုင်)၀၇၈၁၃၆ မှ ၁၉၉၆ ခုနှစ်မှစတင်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူတစ်ဦးဖြစ်ပြီး နှစ်စဉ် မြေခွန်ပြေစာထမ်းဆောင်နေသူတစ်ဦးဖြစ်ပါကြောင်း၊ အဆိုပါမြေကွက်ကို ဦးဇော်ဝင်းအမည်ဖြင့် (မြေငှားလိုင်စင်)ပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ဖြစ်စေ၊ (မြေငှားလိုင်စင်)ပြုလုပ်ခြင်းကိုဖြစ်စေ၊ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိုးကောင်းမြို့**

### ဦးကျော်မင်းခင်နှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၅၄) မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ဖခင် ဦးခင်မောင်ကြည် ပိုင်ပြီး သားဦးကျော်မင်းခင် အမည်ပြောင်းလျှောက်ထားရာ သမီးဒေါ်ဇာနည်ခင်က ၈-၈-၂၀၁၈ ရက်နေ့တွင် ဝင်စာအမှတ်-၇၈၅၅ ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ကန့်ကွက်ခဲ့ပါသည်။ ဖခင် ဦးခင်မောင်ကြည်ပိုင်သည့် မည်သည့်ပစ္စည်းကိုမှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဇာနည်ခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းခင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၁၉/၈၈)**
**အမှတ်(၆၂)၊ ပ-ထပ်၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ မြေကွက်အမှတ်-၁၀၃၄၊ အကျယ်အဝန်း ၀ ဒသမ ၀၆၁ ဧကရှိ နှစ် ၆၀ မြေငှားဂရန်မြေအမျိုးအစား မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်အေးအေးမွန် ၁၂/မရက(နိုင်)၀၈၃၇၄၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်လတ်နှင့် ဒေါ်တိုးဝေလွင်တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင် LL.B** | **ဦးအေးမင်းသူ LL.B** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၈၁၊ ဦးပိုင်အမှတ် ၈၅၊ (၂၄×၂၅)လမ်း၊ (၈၅×၈၆)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မာရီ ၉/မနတ(နိုင်)၀၁၅၅၇၈ မှ ဂရန်ပေါ်တွင် ဂရန်မူရင်းပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေစာအုပ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## စစ်တောင်း၊ သံလွင်၊ ငဝန်နှင့် တိုးမြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**တိုးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ ဘားအံမြို့နယ်၊ မအူပင်မြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ငါးသိုင်းချောင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပေါင်မြို့နယ်တွင် ပင်လယ်ရေမြင့်တက်မှုကြောင့် နေအိမ် ခုနစ်လုံး ထပ်မံပြိုကျ နေထိုင်ရန်မသင့်သည့် နေအိမ် ၃၇ လုံး ဖြိုချကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေး



ပင်လယ်ရေမြင့်တက်လာမှုကြောင့် ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် နေအိမ်များပြိုကျပျက်စီးမှုကို တွေ့ရစဉ်။

**ပေါင် ဩဂုတ် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာတွင် ယမန်နေ့က ပင်လယ်ရေမြင့်တက်လာမှုကြောင့် ပင်လယ်ရေလုပ်သားများ၏ နေအိမ် ခုနစ်လုံး ထပ်မံပြိုကျပျက်စီးခဲ့ပြီး နေထိုင်ရန်မသင့်တော်သည့် နေအိမ် ၃၇ လုံးကို ဖြိုချကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပင်လယ်ရေတက်ခြင်းကြောင့် အလုပ်ကျေးရွာအုပ်စုရှိ အလုပ်ကမ်းနားပိုင်းတွင် ဩဂုတ် ၁၂ ရက်တွင် နေအိမ် ၂၆ လုံး ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အပြင် စာသင်ကျောင်းနှင့် တိုက်နယ်ဆေးရုံအတွင်းသို့ ရေများဝင်ရောက်လာမှုကြောင့် ကျောင်းသား ကျောင်းသူများနှင့် လူနာများအား အရေးပေါ်ရွှေ့ပြောင်းပေးခဲ့ပြီး ဩဂုတ် ၁၃ ရက်တွင် နေအိမ်ထပ်မံပြိုကျပျက်စီးမှုနှင့် နေထိုင်ရန်မသင့်သည့် နေအိမ် ၂၆ လုံးနှင့် ဩဂုတ် ၁၄ ရက်တွင် နေအိမ် ၁၁ လုံး ကြိုတင်ဖျက်သိမ်းကာ နီးစပ်ရာဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်ထံမှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ✻

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာနှင့် မြောက်ကိုရီးယား ယနေ့ကစားမည်



အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်း။ ဓာတ်ပုံ-စိုးညွှန့်

**ဂျကာတာ ဩဂုတ် ၁၄**

အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (စ) ပထမနေ့ကို ဩဂုတ် ၁၅ ရက် **(ယနေ့)** တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲတွင် အာရှအင်အားကြီးအသင်းများဖြစ်သည့် မြောက်ကိုရီးယား၊ ဆော်ဒီ၊ အီရန်အသင်းတို့နှင့်အတူ အုပ်စု (စ)တွင် ပါဝင်နေသည်။ အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၀ ရက်မှစ၍ ကျင်းပလျက်ရှိသော်လည်း အုပ်စု (င) နှင့် (စ) မှာ ယနေ့မှ စတင်ကျင်းပမည်ဖြစ်သည်။ အုပ်စု (စ) ပွဲစဉ်များအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အီရန်အသင်းနှင့် ဆော်ဒီအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေပြီး အမှတ်ရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✪


ညောင်တုန်း၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ကျောင်းများ ယာယီပိတ်ထားပြီး ရေကာတာများ ကြံ့ခိုင်ရေးပြင်ဆင်ထား စာ » ၁၀

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်အေးအား အမှုဖွင့်လုပ်အရေးယူ စာ » ၁၃

အက်ဖ် -၃၅ ကိုယ်ပျောက်တိုက်ခိုက်ရေးလေယာဉ်များ တူရကီသို့ရောင်းချမှု အမေရိကန်ရပ်ဆိုင်း စာ » ၁၄





မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်

၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့

## အချိန်တိုတိုခရီးသွား

# ရန်ကုန်မြို့ပတ်ရထားများ

ထင်ပေါ်ဝင်း



**လူနေထိုင်မှု** များပြားလာသော ရန်ကုန်မြို့တော်တွင် တစ်နေရာမှ တစ်နေရာသို့ သွားလာပို့ဆောင်ရေးကို ဝိုင်ဘီအက်စ်က အဓိက တာဝန်ယူ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ တိုးချဲ့ပြေးဆွဲလာသော ယာဉ်အစီးရေတို့ကြောင့် ယာဉ်ပေါ်တွင် ခရီးသွားပြည်သူများ ကျပ်သိပ်တိုးဝှေ့စီးနင်းရခြင်းဘဝမှ လွတ်မြောက်ခဲ့ကြပြီဖြစ်သည်။ ယာဉ်ကြောကျပ်တည်းမှုကို ရှောင်ရှားနိုင်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များပူးပေါင်းပြီး ရန်ကုန်မြစ်ချောင်းများကို အသုံးပြု၍ သွားလာပို့ဆောင်စေသည့် ရန်ကုန်ဝါးတားဘတ်စ်ကို ၂၀၁၇ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခဲ့သည်။ မြစ်ချောင်းသွားအပျော်စီးခရီးစဉ်အဆင့်မှ အမှန်တကယ်သယ်ယူပို့ဆောင်ရေးအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် ရန်ကုန်ဝါးတားဘတ်စ်၏ ရေလမ်းသွားလာရေးကဏ္ဍက မြင့်တက်လာနေသည်။

ထို့အတူ ရန်ကုန်မြို့၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ကနဦးကပင် တာဝန်ယူခဲ့ရသော မြန်မာ့မီးရထားကလည်း ခေတ်နှင့်အညီ အမီလိုက်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ၁၉၅၉ ခုနှစ် မတ် ၁၉ ရက်တွင် တစ်လမ်းမောင်းစနစ်ဖြင့် စတင်မွေးဖွားခဲ့သော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများကို ယခုအခါ အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။ ခရီးသည်များ သက်သောင့်သက်သာ အတက်အဆင်းပြုလုပ်နိုင်စေရေးအတွက် ဘူတာရုံများတွင် နဂိုရှိရင်းစွဲ ပလက်ဖောင်းများကို မြှင့်တင်လျက်ရှိသည်။ ပြေးဆွဲလျက်ရှိသော ရထားများအရှိန်မြှင့်ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းပိုင်းများ ကြံ့ခိုင်မှုကို အဆင့်တိုးမြှင့်လျက်ရှိသည်။ ရထားသွားလာနေစဉ် မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးနှင့် ရထားလမ်းပိုင်းများတစ်လျှောက် မြင်ကွင်းများပသာဒဖြစ်စေရန်အတွက် ခြံစည်းရိုးကာခြင်းများ၊ အုတ်တံတိုင်းခတ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွင် နေ့စဉ် ခေါက်ရေ ၂၂၀ ကို အာရ်ဘီအီးရထား ၁၂ ဆိုင်း၊ ရထားကြီး ၁၃ ဆိုင်း စုစုပေါင်း တွဲဆိုင်း ၂၅ ဆိုင်းဖြင့် ပြေးဆွဲပေးလျက်ရှိရာ ခရီးသည် ရှစ်သောင်း လိုက်ပါစီးနင်းလျက်ရှိသည်။ လမ်းများအဆင့်မြှင့်တင်နေခြင်းကြောင့် အချို့နေရာများတွင် အတွင်းပတ်လမ်းကို အသုံးမပြုဘဲ အပြင်ပတ်လမ်းတစ်လမ်းတည်းဖြင့်သာ အသုံးပြုပြေးဆွဲနေရသဖြင့် ယခင်နှစ်ကထက် ခရီးသွားလျော့နည်းခဲ့သည်။ အရှည်အားဖြင့် ၂၉ ဒသမ ၅ မိုင် (၄၇ ကီလိုမီတာ) ရှိသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများ ပြုပြင်နေမှုအကြောင်းကို မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာန၊ တိုင်းအမှတ် (၇)မှ မန်နေဂျာဖြစ်သူ ဦးဇော်လွင်ကို သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ရာ-

“ရန်ကုန်မြို့ပတ်ရထားက အနောက်ခြမ်းမှာဆိုရင် တည်င်းကုန်းနဲ့ အင်းစိန်လမ်းပိုင်းကို စပြီး ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတွေကို

**အချပ်ပို (ဃ) သို့**



ထိန်လင်း

# ပေါ်ထွန်းလာဖို့ရှိနေတဲ့ ရန်ကုန်ဆေးဝါးထုတ်လုပ်ရေးဇုန်

**ဝေယံဦး**

**တစ်**နေ့တခြား လူဦးရေ တိုးတက်များပြားလာတဲ့ ရန်ကုန်မြို့မှာ ပြည်သူတစ်ဦးချင်းစီအတွက် ကျန်းမာရေးဟာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရောက်ရှိလာပါတယ်။ လူဦးရေ အဆမတန်များပြားလာမှု၊ လေထုညစ်ညမ်းလာမှု၊ သောက်သုံးရေနဲ့ အစားအစာများ သန့်ရှင်းရေး ပိုမိုလိုအပ်လာမှုတွေကြောင့် တစ်ဦးချင်းရော၊ မိသားစုအလိုက်ပါ ကျန်းမာရေးကောင်းအောင်၊ ရောဂါတွေမဖြစ်ပွားအောင် ကြိုးစားဖြတ်သန်းနေကြရပါတယ်။ ရောဂါဝေဒနာတစ်ခုခု ခံစားရပြီဆိုရင် ပထမဆုံး လက်လှမ်းမီရာ ဆေးဆိုင်တွေမှာ သင့်လျော်ရာဆေးဝါးတွေကို ဝယ်ယူသောက်သုံးရသလို၊ ဆရာဝန်ညွှန်ကြားချက်တွေအရလည်း ဆေးဝါးတွေကို ဝယ်ယူသုံးစွဲကြရပါတယ်။ ဒါကြောင့်လည်း ကျန်းမာရေးအတွက် ဆေးဝါးနဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေ လိုအပ်ချက်ကြီးမားလာတာမို့ ရန်ကုန်မြို့မှာ ဆေးဝါးထုတ်လုပ်ရေးဇုန်တစ်ခု တည်ထောင်ဖို့အစီအစဉ်ရှိနေတယ်လို့ ဆိုပါတယ်။



**ပထမဆုံးဆေးဝါးထုတ်လုပ်ရေးဇုန်**

တစ်နိုင်ငံလုံးအတွက်ရော၊ ရန်ကုန်မြို့နေပြည်သူတွေအတွက်ပါ ကျန်းမာရေးဆိုင်ရာ လိုအပ်တဲ့ဆေးဝါးတွေကို တစ်နေရာတည်းမှာ စက်ရုံတွေ စုစည်းထုတ်လုပ်နိုင်ဖို့ ဆေးဝါးထုတ်လုပ်ရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်မှာ ဆောင်ရွက်နိုင်ရေး လျာထားစီစဉ်နေတာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မယ့် ဒီလိုဆေးဝါးထုတ်လုပ်ရေးဇုန်ဟာ ရန်ကုန်အတွက်ရော မြန်မာနိုင်ငံအတွက်ပါ ပထမဆုံးထွက်ပေါ်လာမယ့် ဇုန်တစ်ခုလည်း ဖြစ်လာပါလိမ့်မယ်။

ဒီလိုဆေးဝါးထုတ်လုပ်ရေးစက်မှုဇုန်ကို အကောင်အထည်ဖော်လည်ပတ်နိုင်ခဲ့ရင်တော့ မြန်မာနိုင်ငံ ဆေးဝါးလိုအပ်ချက်ရဲ့ ၅၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်တဲ့အထိ အကျိုးသက်ရောက်မှုရှိပြီး အမှန်တကယ်လိုအပ်နေတဲ့ ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မှာပဲဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဆေးဝါးထုတ်လုပ်ရေးဇုန် တည်ထောင်နိုင်ဖို့ ဆွေးနွေးနေတာဖြစ်ပြီး ပြည်ပက စိတ်ဝင်စားတဲ့ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေကလည်း လာရောက်ရင်းနှီးမြှုပ်နှံ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးနေကြတယ်လို့ ဆိုပါတယ်။

ဒီလိုဆေးဝါးထုတ်လုပ်ရေးဇုန်ကို အကောင်အထည်ဖော်နိုင်ရင်တော့ ပြည်ပမှတင်သွင်းနေရတဲ့ ပြည်တွင်းဆေးဝါးဈေးကွက်ကို ထိန်းချုပ်နိုင်မှာဖြစ်ပြီး နိုင်ငံခြားငွေယိုပေါက်ကိုလည်း ကာကွယ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်လို့ ဈေးကွက်ဆိုင်ရာ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုပညာရပ်တွေနဲ့ ဘွဲ့ရလာကြတဲ့ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ရရှိလာစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုကိုကြည့်ရင် နိုင်ငံတော်အနေနဲ့ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းမှာရှိတဲ့ BPI(MPF ဆေးဝါးထုတ်လုပ်ရေးစက်ရုံ)၊ ပြင်ဦးလွင်မှာရှိတဲ့ BPI ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ ကျောက်ဆည်ဆေးဝါးထုတ်လုပ်ရေးစက်ရုံတို့ပဲရှိနေတာမို့ အဲဒီဆေးဝါးထုတ်လုပ်ရေးစက်ရုံတွေက ထုတ်လုပ်တဲ့ဆေးဝါးတွေဟာ ပြည်တွင်းမှာ ပြည်သူတွေရဲ့ ဆေးဝါးလိုအပ်ချက်ရဲ့ ၁၀ ရာခိုင်နှုန်းကိုပဲ ဖြည့်ဆည်းပေးနိုင်တယ်လို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတွေက သုံးသပ်ထားပါတယ်။

**အတုအပဆေးဝါးကြောင့် ဆိုးကျိုးခံစားရ**

ရန်ကုန်မြို့ရဲ့ ဆေးဝါးဈေးကွက်မှာတော့ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ပြင်သစ်၊ အမေရိကန်၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေက ထုတ်လုပ်တဲ့ ဆေးဝါးတွေက လွှမ်းမိုးနေပါတယ်။ အဲဒီလို ပြည်ပနိုင်ငံတွေကတင်သွင်းလာတဲ့ ဆေးဝါးတွေအနက် အင်ဒိုနီးရှားနဲ့ အိမ်နီးချင်းနိုင်ငံတွက တင်သွင်းလာတဲ့ ဆေးဝါးက ၉၀ ရာခိုင်နှုန်းခန့် ရှိနေတယ်လို့ ဆိုပါတယ်။ အရည်အသွေးမမီတာတွေ၊ အတုအပပြုလုပ်တင်သွင်းလာတဲ့ ဆေးဝါးတွေကြောင့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးတွေကို ပြည်သူတွေ လက်တွေ့ခံစားနေကြရတာ ဖြစ်ပါတယ်။

ဒါ့အပြင် တရားမဝင်ဆေးဝါးတင်သွင်းမှုတွေကြောင့် တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာငွေတွေ နစ်နာဆုံးရှုံးရသလို ပြည်သူတွေရဲ့ ကျန်းမာရေးကောင်းမွန်မှုကို ပြည့်ပြည့်ဝဝ အကျိုးမပြုနိုင်တာတွေလည်း ကြားသိနေရပါတယ်။ ဒါကြောင့် ဆေးဝါးထုတ်လုပ်ရေးစက်မှုဇုန်ကိုလည်း လှည်းကူးမြို့နယ် ငါးဆူတောင်မှာ အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်သူတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်ပေးမှုအနေနဲ့ အထူးကုဆေးရုံ ၁၂ ရုံ၊ အထွေထွေရောဂါကုဆေးရုံ ၄၁ ရုံ၊ အထူးကုဆေးခန်း ၂၃၀၊ အထွေထွေရောဂါကုဆေးခန်းပေါင်း ၂၆၆၃ ရှိတယ်လို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးရဲ့ စာရင်းအင်းတွေမှာ ဖော်ပြထားပါတယ်။ အဲဒီဆေးရုံ၊ ဆေးခန်းတွေမှာ လိုအပ်နေတဲ့ ဆေးဝါးတွေအတွက် နိုင်ငံတော်ပိုင်ဆေးဝါးစက်ရုံတွေက ထုတ်လုပ်တဲ့ဆေးဝါးတွေနဲ့ မလုံလောက်တာတော့ အမှန်ပါပဲ။

**ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေးစက်ရုံ**

ဒီနေ့ခေတ်မှာ နေထိုင်မှုပုံစံ ပြောင်းလဲလာတာနဲ့အမျှ ရောဂါအသစ်အဆန်းတွေဖြစ်ပေါ်လာသလို ဆေးဝါးအသစ်တွေရဲ့လိုအပ်ချက်တွေလည်း မြင့်မားလာပါတယ်။ အာဆီယံနိုင်ငံတွေမှာ ပုဂ္ဂလိက နိုင်ငံခြားဆေးဝါးထုတ်လုပ်ရေးစက်ရုံမရှိတာဟာ မြန်မာတစ်နိုင်ငံတည်းပဲဖြစ်တာမို့ နိုင်ငံခြားက ဆေးဝါးတွေကို မှီခိုမှုပြုခဲ့ရပေမယ့် ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လမှာတော့ ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် စက်မှုဇုန်(၁)မှာ (PMI) ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒီဆေးဝါးထုတ်လုပ်ရေးစက်ရုံကနေပြီး သွေးတိုး၊ ဆီးချို၊ နှလုံးစတဲ့ရောဂါတွေနဲ့ပတ်သက်တဲ့ ဆေးဝါးအမျိုးအမည် ၅၀ ကျော်ကို ထုတ်လုပ်နေတာတော့ ရှိပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ စက်မှုဇုန်(၁) မင်းကြီးမဟာမင်းခေါင်လမ်းမှာရှိတဲ့ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံကလည်း ဩဂဲနစ်ဆေးဝါးတွေ ထုတ်လုပ်နေတာရှိပြီး ပြည်တွင်းဆေးဝါးလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ကိုလည်း တင်ပို့ဖြန့်ဖြူးနေတာရှိပါတယ်။ မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်တဲ့စက်ရုံတွေ ရှိပေမယ့် အခုလို တစုတစည်းတည်းဖြစ်စေမယ့် ဆေးဝါးထုတ်လုပ်ရေးဇုန်အကောင်အထည်ဖော်ဖို့ ကြိုးစားနေတာကတော့ ပြည်သူတွေအတွက် ကောင်းမွန်တဲ့ဆောင်ရွက်မှုပါပဲ။

**အစွမ်းထက်ဆေးဝါးအစစ်မှန်ဖြစ်ဖို့လို**

ဒီလိုဆေးဝါးထုတ်လုပ်ရေးဇုန်မှာ ရင်းနှီးမြှုပ်နှံလည်ပတ်ကြမယ့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်တွေအတွက်ကတော့ ထုတ်လုပ်တဲ့ဆေးဝါးတွေမှာ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီဖို့လိုအပ်သလို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်လည်း ရှိဖို့ လိုအပ်နေပါတယ်။ တကယ်တမ်း ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးနည်းပြီး အစွမ်းထက်မြက်စေတဲ့ ဆေးဝါးအစစ်အမှန်တွေဖြစ်ဖို့ လိုအပ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အခုလို ဆေးဝါးထုတ်လုပ်ရေးဇုန် ဖြစ်ထွန်းလာဖို့ စီစဉ်ကြိုးစားနေတာဟာ ပြန့်ကျဲနေတဲ့ ဆေးဝါးထုတ်လုပ်ရေးတွေ မရှိနိုင်တော့ဘဲ စိစစ်မှု၊ ကြပ်မတ်မှုတွေကိုလည်း စုစုစည်းစည်း လက်လှမ်းမီမီ ဆောင်ရွက်နိုင်တဲ့အပြင် ပြည်သူတွေလိုအပ်နေတဲ့ ကျန်းမာရေးအတွက် ဆေးဝါးတွေလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မှာဖြစ်တာကြောင့် ပြည်ပငွေယိုပေါက်တစ်ခုပိတ်နိုင်တာမို့ ဆေးဝါးထုတ်လုပ်ရေးဇုန်ဖြစ်ထွန်းဖွံ့ဖြိုးလာဖို့ လိုအပ်နေတာတော့အမှန်ပါပဲ။ ။



# ရန်ကုန်မြို့ပြပုံရိပ်နှင့် လမ်းဘေးဈေးသည်များ -

**သော်တာနှမ့်စန်**
**ဓာတ်ပုံ-သစ္စာ**

**ယနေ့**ရန်ကုန်မြို့ကြီး၏ မြို့နယ်အသီးသီးရှိ ဈေးများဝန်းကျင်တွင် လမ်းပေါ်ဈေးသည်များ ပို၍များပြားလာသည်ကို တွေ့မြင်ရမည်ဖြစ်သည့်အပြင် ခုံးကျော်တံတားထိပ်နှင့် တံတားအောက်တို့တွင် ဟင်းသီး၊ ဟင်းရွက်၊ အသား၊ ငါးရောင်းချသည့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကို တွေ့မြင်လာရမည်ဖြစ်သည်။

မြို့နယ်များတွင် ခေတ်မီဈေးကြီးများအစားထိုး တည်ဆောက်ရန် လိုအပ်လာသည့်နည်းတူ လက်ရှိရောင်းချနေသော ဈေးဝန်းကျင်ရှိ လမ်းပေါ်ဈေးသည်များ၊ ကားလမ်းပေါ်၊ ရပ်ကွက်ထိပ်၊ ရပ်ကွက်အတွင်းလမ်း၊ လမ်းထိပ်၊ လမ်းဆုံများ၊ ကားလမ်းဆုံ၊ မြို့တွင်းကားလမ်းမကြီးဘေးမှ လမ်းပေါ်ဈေးသည်များနှင့် အိမ်ရာများအတွင်းရှိ လမ်းပေါ်ဈေးသည်များ၊ ဟိုတယ်များအနီး ဈေးသည်များ ဖွင့်လှစ်ရောင်းချလာမှုတို့သည် တားဆီးလျော့နည်းသွားခြင်းထက် ပို၍များပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။

ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် ဈေးသည်များ ဗန်းခင်းရောင်းချလာမှုကြောင့် ကားလမ်းပေါ်မှ ပြည်သူအများ ဆင်းလျှောက်နေရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ယာဉ်သွားလာမှုများသော ရန်ကုန်မြို့ပြကားလမ်းများပေါ်တွင် ကားများကိုသတိပြု၍ သွားလာကြရသည့်နည်းတူ လမ်းဘေးဈေးသည်များ၊ ခုံများကို ရှောင်ကွင်းသွားလာနေကြရသည့်အတွက် ရန်ကုန်မြို့တွင်းရှိ လမ်းပေါ်၊ လမ်းတွင်းဈေးသည်များ ရှင်းလင်းသွားမှုမရှိခြင်း၊ ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု (၁) လမ်းဆုံမီးပွိုင့်အနီး ဟိုတယ်ကြီးအနီးတွင်ရှိသော စက်မှု (၁) လမ်းပေါ်မှနေ့ပိုင်း၊

**အချပ်ပို(ဃ)သို့**

# ရန်ကုန်မြို့တစ်ခွင် ပြောင်းလဲဖွင့်လှစ်ခဲ့ရသော အောင်ဘာလေထီ

သတင်းဆောင်းပါး - တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ - ဘော်ဂါသွေး

**ယနေ့** နိုင်ငံတော်က လစဉ်ဖွင့်လှစ်ပေးလျက်ရှိသော အောင်ဘာလေသိန်းဆုဌာနကြီးမှာ ယခု ရန်ကုန်မြို့ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းမကြီးပေါ်နှင့် ၃၇ လမ်းထောင့်တွင် ထီးထီးမားမားဖြင့် နေရာအတည်တကျရှိနေပြီကို တွေ့မြင်နိုင်ပေသည်။

ထီရုံးကြီး ယခုကဲ့သို့ အခြေတကျမရှိမီက အင်္ဂလိပ်အစိုးရလက်ထက်နှင့် ဂျပန်ခေတ်ကာလမှသည် လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်း တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲလာခြင်းနှင့်အတူ ၁၉၉၅ ခုနှစ်မတိုင်မီအထိ ရန်ကုန်မြို့ဝန်းကျင်ဝယ် တစ်နေရာပြီးတစ်နေရာ ပြောင်းလဲရုံးစိုက်ရသကဲ့သို့ ထီဖွင့်ပွဲများကိုလည်း တစ်နေရာမှတစ်နေရာသို့ ပြောင်းလဲဖွင့်လှစ်ခဲ့ရသည်ကို "မြန်မာ့စွယ်စုံကျမ်း အတွဲ ၅"၊ ဆရာတင်လင်းကျော်၏ စာပေဗိမာန်စာမူဆုရ "အောင်ဘာလေထီသမိုင်း"၊ ဆရာသူရဇော်၏ "ထီနှင့်ကျောက်တံတားမြို့နယ်"တို့မှ လေ့လာမှတ်သားခဲ့ရသည်။

ပထမဦးဆုံးသော ထီရုံးကြီးကို ဗြိတိသျှကိုလိုနီလက်ထက် ၁၉၃၈ ခုနှစ် ဇွန် ၁ ရက်တွင် ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်း အမှတ် ၁၈၂ ၌ ရှိခဲ့သော စာတိုက်ရုံးကြီးဟောင်းနှင့် ခြောက်ထပ်ရုံးကြီး(ခ) ယနေ့ KBZ GROUP ရုံး တည်ရှိရာနေရာတွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ရသည်။

ပထမဆုံးသော ထီဖွင့်ပွဲကြီးကို ၁၉၃၈ ခုနှစ် အောက်တိုဘာ ၁၁ ရက်တွင် "ဘီအေဂရောင်း"(ခ)ဘီအေအေဘောလုံးကွင်း (Burma Athletic Association Ground) ယနေ့ အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်း၌ ဖွင့်လှစ်ခဲ့သည်။ ထိုခေတ်က နာမည်ကြီး ဓာတ်ဆီ၊ ဓာတ်စံ အငြိမ့်ပါ ထည့်သွင်းဖွင့်လှစ်ခြင်းဖြစ်သည်ဟု သိရသည်။

ထီဖွင့်ပွဲသို့ နန်းရင်းဝန်နှင့်အတူ ဝန်ကြီးချုပ်၊ အထက်/အောက်လွှတ်တော်အမတ်များ၊ အစိုးရအရာရှိကြီးများ၊ ဇနီးများ တက်ရောက်အားပေးခဲ့သည်။ ရန်ကုန်မြို့ဝန်းကျင်မှ ပြည်သူများလည်း ထူးထူးခြားခြား တက်ရောက်အားပေးကြသဖြင့် အလွန်စည်ကားခဲ့သည်ဟု သိရသည်။

ထီဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပရာ ဒုတိယမြောက်နေ့တွင်မှ အမြင့်ဆုံး အောင်ဘာလေဆုမဲကျပ် ၁၀၀၀၀၀ ဆုကြီးထွက်ပေါ်လာခဲ့သည်ဟု ဆိုသည်။ ထိုစဉ်ကတည်းကပင် ထီတစ်စောင် နှစ်ကျပ်ဖြစ်ပြီး အမြင့်ဆုံးသိန်းဆုမှာ ငွေကျပ် ၁၀၀၀၀၀ ဖြစ်၍ အနည်းဆုံးဆုမှာ ငွေကျပ် ၅၀၀ ဖြစ်ခဲ့သည်။

အောင်ဘာလေဆုကြီး ပေါက်သွားသော ထီလက်မှတ်မှာ ညီအစ်ကိုငါးယောက်စုထိုးသော ထီဖြစ်ပြီး ထီစာရွက်ပေါ်တွင် ရေးထားသော "အတိတ်" မှာ "ဆယ်သန်း" ဖြစ်သည်။ ထိုစဉ်ကတည်းက ထီလက်မှတ်အောက် အနားလွတ်သောနေရာတွင် မိမိရေးသားလိုသော "အတိတ်"(ဖြစ်ချင်သောဆန္ဒ)ကို ရေးသားနိုင်သည်။ ဥပမာ "ကျောင်းဆောက်ရန်"၊ "ရှင်ပြုရန်" အချို့က နောက်နောက်ပြောင်ပြောင်ဖြင့် "နောက်မိန်းမယူရန်" စသည်ဖြင့် ရေးသားလေ့ရှိသည်ကို စာရေးသူတို့ ငယ်ငယ်က မြင်မိခဲ့သည်။ ထီပေါက်စဉ်တွင်လည်း ၎င်းအတိတ်များကို ဖော်ပြပေးခဲ့ကြသည်။

ထို့နောက် ထီဖွင့်ပွဲများကို ကမ်းနားလမ်းတွင် ဆောက်ထားသော ထီရုံးကြီး၏ မြေညီထပ်တွင် ကျင်းပလာခဲ့ကြောင်း ဖော်ပြမှုတို့ကို လေ့လာခဲ့ရသည်။ ဗြိတိသျှကိုလိုနီခေတ် (အင်္ဂလိပ်လက်ထက်)တွင် ထီဖွင့်ပွဲကို (၁၂)ကြိမ်မြောက်အထိ ကျင်းပခဲ့သည်။

၁၉၄၂ ခုနှစ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာပြီး ဂျပန်တို့ ဝင်ရောက်လာခဲ့သည်။ ဂျပန်ခေတ်၌ပင် ဗမာနိုင်ငံတော်အစိုးရအောင်ဘာလေသိန်းဆုဖွင့်ပွဲများ ဆက်လက်ကျင်းပခဲ့သည်။ သို့သော် အင်္ဂလိပ်လက်ထက်က နောက်ဆုံးကျင်းပခဲ့သော အကြိမ်ကို ဆက်၍မယူဘဲ ပထမအကြိမ်က စခဲ့သည်။

ဂျပန်ခေတ် ပထမအကြိမ် ထီဖွင့်ပွဲကို ၁၉၄၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဗဟန်းမြို့နယ် ၃ လမ်းနှင့် ကြာတောရလမ်းရှိ ပြဇာတ်ရုံများအနက် "ကန်တော်မိတ်" ပြဇာတ်ရုံ၌ ဖွင့်လှစ်ခဲ့သည်။ ၁၉၄၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် သတ္တမအကြိမ်မြောက်အထိ ဖွင့်လှစ်ခဲ့သည်။

တတိယအကြိမ်မြောက် ပြောင်းလဲဖွင့်ခဲ့သော နေရာမှာ ယနေ့ မြို့တော်ခန်းမဟုခေါ်သည့် ယခင် ရန်ကုန်မြူနီစီပယ်ရုံးခန်းမကြီး၌ ဖြစ်သည်။ (၁၉)ကြိမ်မြောက် ထီဖွင့်ပွဲလည်း ဖြစ်သကဲ့သို့ ကိုလိုနီခေတ်၏ နောက်ဆုံးထီဖွင့်ပွဲလည်း ဖြစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။

စတုတ္ထမြောက် ထီဖွင့်ပွဲကျင်းပရာနေရာမှာ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်နှင့် ဦးဝိစာရလမ်းအကြားရှိ ယခု သိင်္ဂုတ္တရဉယျာဉ်တော်၌ ကျင်းပခဲ့သည်။ စာရေးသူတို့ မှတ်မိခဲ့သည်မှာ တပေါင်းလရွှေတိဂုံစေတီတော်ဘုရားပွဲ ကျင်းပရာနေရာဖြစ်သည်။ အင်္ဂလိပ်ခေတ်က ဖွင့်ခဲ့သော နောက်ဆုံးထီအကြိမ်နှင့်တစ်ဆက်တည်းယူ၍ အကြိမ် ၂၀ သာ ကျင်းပခဲ့သည်ဟု သိရသည်။




မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ။

> **နောက်ဆုံးအဆောက်အအုံမှာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းမနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်တွင်ဖြစ်သည်။ ၁၉၉၅ ခုနှစ် မေ ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လစဉ် ထီဖွင့်ပွဲကို စတုတ္ထအထပ်၌ ကျင်းပလျက်ရှိနေ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးရပြီးနောက် ပထမဦးဆုံးဖွင့်သော ထီဖွင့်ပွဲဖြစ်သည်။ ထီဖွင့်သည့်ရက်မှာ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်ဖြစ်သည်။

ပဥ္စမမြောက် ပြောင်းလဲဖွင့်လှစ်ခဲ့သောနေရာမှာ ကမ်းနားလမ်းရှိ မူလ ထီရုံးကြီးအောက်ထပ်၌ ဖြစ်သည်။ မှတ်တမ်းတစ်ခုအရ (၁၂)ကြိမ်နှင့် (၂၂)ကြိမ် နှစ်ကြိမ်သာ ကျင်းပခဲ့သည်ဟု သိရသည်။

ဆဋ္ဌမမြောက် ပြောင်းလဲဖွင့်လှစ်ခဲ့သောနေရာမှာ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း စိန်ရောင်ခြည်စေတီတော်ရှေ့ရှိ "ဂျူဗလီဟော"နောက် ပြောင်းလဲသွားသော "စစ်သမိုင်းပြတိုက်" ယခု ထိုစစ်သမိုင်းပြတိုက်ကြီးမှာ ထပ်မံပျောက်ကွယ်သွားပြီး အဆောက်အအုံသစ်ကြီးတစ်ခု ထပ်မံပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ယင်းနေရာတွင် ဖွင့်ခဲ့သော ထီအကြိမ်မြောက်မှာ (၂၃)ကြိမ်မြောက်ဖြစ်ခဲ့ပြီး ဖွင့်ခဲ့သော ရက်စွဲမှာ ၁၉၄၈ ခုနှစ် ဩဂုတ် ၇ ရက်ဟု တွေ့ရှိရသည်။

သတ္တမမြောက် ပြောင်းလဲဖွင့်ဖြစ်ခဲ့သောနေရာမှာ ကန်တော်ကလေးရှိ ယခင်က Little Sister 's Road ဟု ခေါ်ဆိုခဲ့သော လမ်း၊ ယနေ့ ဒေါ်သိန်းတင်လမ်းဟု ခေါ်ဆိုနေသည့်လမ်းရှိ ကြေးနန်းရုံး အဆောက်အအုံတွင်ဖြစ်သည်ဟု မှတ်တမ်းအရသိရသည်။ သို့သော် ထိုနေရာတွင် ပြောင်းလဲသွားသောအဆောက်အအုံတို့ကြောင့် ပျောက်ကွယ်သွားခဲ့ပြီလည်းဖြစ်သည်။ ၁၉၅၃ ခုနှစ်ဟု ခန့်မှန်းနှစ်ကိုသာ ဖော်ပြထားမှုကို တွေ့ရသည်။

အဋ္ဌမမြောက် ပြောင်းလဲဖွင့်ခဲ့သည့်နေရာမှာ ကျောက်တံတားမြို့နယ်အတွင်း ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ ယခင်က "မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း "ဟု ခေါ်သည့် ယနေ့စာပေဗိမာန်အဆောက်အအုံတွင်ဖြစ်သည်။ ပထမထပ်ရှိ ယခု စာကြည့်တိုက်ခန်းမတွင်ဖြစ်သည်။ ၁၉၅၅ ခုနှစ်ကဟု သိရသည်။

နဝမအကြိမ်မြောက် ပြောင်းလဲခဲ့သောနေရာမှာ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အင်ဗွိုင်းခန်းမတွင်ဖြစ်သည်။ ယနေ့ တပ်မတော် ခန်းမအဖြစ် ပြောင်းလဲပြီးနောက် ပြပွဲများပြုလုပ်လျက်ရှိသည်။

ဒသမမြောက် ပြောင်းလဲဖွင့်လှစ်ခဲ့သော နေရာမှာ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းမကြီးနှင့် အနော်ရထာလမ်းမကြီးအကြားရှိ သိမ်ကြီးဈေး(စီ)ရုံ မြေညီထပ်တွင်ဖြစ်သည်ဟု သိရသည်။

(၁၁)ကြိမ်မြောက်အဖြစ် ပြောင်းလဲဖွင့်လှစ်သောနေရာမှာ ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်တွင် ယနေ့တိုင် အဆောက်အအုံဟောင်းကြီးအဖြစ် တည်ရှိနေသော "မဟတ္တမဂန္ဓီ"ခန်းမတွင်ဖြစ်သည်။ ယခင်က ဘာသာရေး၊ နိုင်ငံရေးပွဲများ အစဉ်ကျင်းပခဲ့ရာနေရာတစ်ခု ဖြစ်သည်။

ဤကဲ့သို့ စာပေဗိမာန်၊ သိမ်ကြီးဈေး(စီ)ရုံ၊ မြို့တော်ခန်းမ၊ ဂျူဗလီဟော၊ ခြောက်ထပ်ရုံး၊ ဂန္ဓီခန်းမ စသည်တို့တွင် ထီဖွင့်ပွဲများပြောင်းရွှေ့ကျင်းပနေရခြင်းမှာ နောက်ပိုင်း အောင်ဘာလေသိန်းဆုဌာနခွဲ(ထီရုံး)တည်ရာ ၂၇ လမ်းရုံးမှာ ထီဖွင့်ပွဲပြုလုပ်ရန် ခန်းမ မရှိသေးသည့်အတွက်ကြောင့်ဖြစ်သည်။ ခန်းမတည်ဆောက်လာနိုင်ခဲ့ပြီးနောက် ၂၇ လမ်းရုံးမှာပင် ဆက်တိုက်ကျင်းပလာခဲ့သည်။

၂၇ လမ်းရုံးတွင် နှစ်ကျပ်တန်ထီ၏ နိဂုံးဖြစ်သကဲ့သို့ ငါးကျပ်တန်ထီ၏ နိဒါန်းလည်းဖြစ်ခဲ့သည်။ တစ်ဖန် ထီလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင်မြင်လာသည်နှင့်အမျှ ၂၇ လမ်းရုံးမှာ လုပ်ငန်းနှင့်မမျှ ဖြစ်လာခဲ့သည်။ ထို့အတွက် ၁၉၉၁ ခုနှစ် မတ်လတွင် လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် လမ်းသစ်လမ်းထောင့်ရှိ ဖက်စပ်ကော်ပိုရေးရှင်း(၂) အဆောက်အအုံသို့ ပြောင်းလဲဖွင့်လှစ်ခဲ့ရပြန်သည်။

ထိုအဆောက်အအုံ၌ပင် ငါးကျပ်တန်ထီ၏ နောက်ဆုံးအကြိမ်မြောက်ဖြစ်သော (၂၇) ကြိမ်မြောက် ထီဖွင့်ပွဲကို ၁၉၉၁ ခုနှစ် ဧပြီ ၃ ရက်တွင် ကျင်းပခဲ့ပြီး (၂၈) ကြိမ်မြောက်တွင် စတင်မည့် ကျပ် ၁၀ တန် ထီလက်မှတ်များကို ရောင်းချခဲ့သည်။

နောက်ဆုံးအဆောက်အအုံမှာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းမနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်တွင်ဖြစ်သည်။ ၁၉၉၅ ခုနှစ် မေ ၂၉ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ လစဉ် ထီဖွင့်ပွဲကို စတုတ္ထအထပ်၌ ကျင်းပလျက်ရှိနေသည်။

ယင်းထီရုံကြီးသို့သွားရောက်၍ တာဝန်ရှိသူ တစ်ဦးနှင့် တွေ့ဆုံခဲ့ရာ ကျပ် ၂၀၀ တန် ထီမှသည် ယနေ့ကျပ် ၅၀၀ တန် ထီလက်မှတ်များ ထွက်ရှိမှုကို လေ့လာခွင့်ရခဲ့သည်။

နှစ်ကျပ်တန်ထီလက်မှတ်များကို စဖွင့်သော ၁၉၃၈ ခုနှစ် ဇွန်လမှ ၁၉၈၈ ခုနှစ် နိုဝင်ဘာလအထိ ရောင်းချခဲ့ပြီး အမြင့်ဆုံးသော ဆုကြီးမှာ ကျပ် တစ်သိန်းဖြစ်သည်။ ငါးကျပ်တန်ထီကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၁ ခုနှစ် မတ်လအထိ ရောင်းချခဲ့ပြီး အမြင့်ဆုံးသောဆုမှာ ကျပ် ငါးသိန်းဖြစ်သည်။ ကျပ် ၁၀ တန်ထီလက်မှတ်များကို ၁၉၉၁ ခုနှစ် ဧပြီလမှ ၁၉၉၆ ခုနှစ် နိုဝင်ဘာလအထိ ရောင်းချခဲ့ပြီး အမြင့်ဆုံးသောဆုမှာ ကျပ် ၁၀ သိန်းဖြစ်သည်။ ကျပ် ၅၀ တန် ထီလက်မှတ်များကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် အောက်တိုဘာလအထိဖြစ်သည်။ အမြင့်ဆုံးသောဆုများမှာ ပြောင်းလဲမှုရှိခဲ့ပြီး နောက်ဆုံးကျပ်သိန်း ၃၀၀ ဟု သိရသည်။

ကျပ် ၁၀၀ တန်ထီလက်မှတ်များကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၈ ခုနှစ် နိုဝင်ဘာလအထိ ရောင်းချခဲ့ပြီး အမြင့်ဆုံးသော ဆုမှာ ကျပ်သိန်း ၅၀၀ ဖြစ်သည်။ ကျပ် ၂၀၀ တန် ထီလက်မှတ်များကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဖွင့်လှစ်ရောင်းချခဲ့ပြီး အမြင့်ဆုံးသောဆုမှာ မူလက ကျပ်သိန်း ၁၀၀၀ ဖြစ်ပြီးနောက် ကျပ်သိန်း ၁၅၀၀ သို့ ပြောင်းလဲတိုးမြှင့်ပေးခဲ့သည်။ ကျပ် ၅၀၀ တန် ထီလက်မှတ်များကို ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်မှ စတင်ဖွင့်လှစ်ရောင်းချခဲ့ပြီး အမြင့်ဆုံးဆုကြီးမှာ ကျပ်သိန်း ၁၀၀၀၀ ဖြစ်သည်။ ။



ရန်ကုန်မြို့ရှိ ပုဂ္ဂလိကထီ အရောင်းဆိုင်တစ်ဆိုင်အား တွေ့ရစဉ်။

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

# စလစ်ဈေးတက်လာသဖြင့် ကားဈေးနှုန်းများလည်း တက်ရိပ်ပြ၊ အရောင်းအဝယ်အားနည်းနေဆဲ

မင်းသော်



ယခုသီတင်းပတ်အတွင်း လိုင်စင်ကားတင်သွင်းခွင့်ကို မျှော်ရင်း စလစ်ဈေးများအမြင့်ဆုံးဖြစ်လာခဲ့သည်။ စလစ်ဈေးမြင့်မားလာသဖြင့် မူလအေးနေသည့် ကားအရောင်းအဝယ်ဈေးကွက်သည် ပို၍ပင်အားနည်းလာခဲ့ပြီး ဈေးနှုန်းများသည် စလစ်ဈေးမြင့်မားလာသည့်နည်းတူ တက်ရိပ်သို့ပြနေကြောင်း ကားလောက အသိုင်းအဝိုင်းအတွင်းက သိရှိရသည်။

“ပြည်တွင်းထုတ်ကားတွေက ရန်ကုန်လိုင်စင်ရပါတယ်။ ဒါပေမယ့် တင်သွင်းမယ့်ကားဆိုရင်တော့ ရန်ကုန်လိုင်စင်ရချင်ရင် စလစ်မပါဘဲဘယ်လိုမှမဖြစ်နိုင်ဘူး။စလစ်နဲ့ လျှောက်မှရမယ်လေ။ ဒါကြောင့် စလစ်ဈေးက ပိုပြီးဈေးကောင်းလာတာပါ။ ပြီးခဲ့တဲ့ နှစ်လလောက်ကတော့ ရန်ကုန်လိုင်စင်ကားတင်သွင်းခွင့် ဖရီးပါမစ်နဲ့ ချပေးမယ်လို့ သတင်းတွေထွက်ခဲ့တယ်။ ကျွန်တော်တို့ ကားလောကက ဒီအတိုင်းပဲ။ သတင်းတစ်ခုထူးခြားပြီဆိုရင် ဈေးကလှုပ်ရှားတာ သိပ်မြန်တယ်။ ဒါပေမယ့် အဲဒီသတင်းကတော့ အခုအချိန်အထိ အတည်ဖြစ်မလာခဲ့တော့ ကားလောကသားတွေ ပိုပြီးထိခိုက်ကြတာပေါ့။ ဒါကြောင့် စလစ်ဈေးက အမြင့်ပိုင်း ပြန်ရောက်လာတာ။ ဒါပေမယ့် ဒီရက်ပိုင်းစလစ်အရောင်းအဝယ်လည်း ပြန်ဖြစ်၊ ဈေးလည်းကောင်းလာတော့ ဈေးကွက်ထိန်းတဲ့အနေနဲ့ ဖရီးပါမစ်ကို အကန့်အသတ်နဲ့ချပေးနိုင်တယ်လို့လည်း ထင်ကြသူတွေရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လက်ရှိမှာ အသစ်သွင်းမယ့်သူတွေကလည်း ငွေကြေးဈေးမြင့်နေတော့ မသွင်းကြဘူး။ အဟောင်းပြန်ဝယ်မယ့်သူကလည်း ဖောက်စွပ်ပြဿနာကြောင့် သိပ်မလှုပ်ရှားဘူး။ ပြည်တွင်းမှာတပ်ဆင်ထုတ်လုပ်တဲ့ ကားတွေကလည်း ငွေကြေးဈေးမြင့်တော့ ဈေးတက်ကြတယ်။ ဒါကြောင့် ဘယ်ကားမှ အရောင်းအဝယ်အားမကောင်းဘူး။ ကြိုက်ရောင်းကြိုက်ဝယ်လောက်ပဲ ရှိနေတယ်”ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

လက်ရှိတွင် သက်တမ်း နှစ် ၂၀ ရှိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစလစ် ရန်ကုန်လိုင်စင်များသည်ငွေကျပ် သိန်း၁၃၀ စွန်းစွန်းဖြစ်လာနေပြီး ယခင်အပတ်ကပင် ငွေကျပ် ၁၂၇ သိန်းသာရှိသေးသည့်အတွက် ရက်ပိုင်းအတွင်း ငွေကျပ်သုံးသိန်းကျော်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ တိုက်ကြေစလစ်မှာမူ ငွေကျပ် ၁၁၅ သိန်း ဝန်းကျင်အထိ မြင့်တက်လာသည်။

ထို့ပြင် ဂျပန်တစ်ပတ်ရစ်ကားဈေးကွက်တွင်လည်း အရောင်းအဝယ်ဖြစ်ရန် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း ကားလောကသားများထံမှ သိရှိရသည်။ “တော်ရုံတန်ရုံ ရောင်းဝယ်လောက်တွေ မရှိသလောက်ပဲ။ ကားတစ်စီး အရောင်းအဝယ်ဖြစ်ဖို့ အရင်က နာရီပိုင်းပဲကြာတယ်။ အခုအနည်းဆုံး သုံးရက်လောက်ကြာတယ်။ ယုံကြည်စိတ်ချရတဲ့ ဝန်ဆောင်သူတွေကတော့ အနည်းအကျဉ်းပိုရောင်းကြရတယ်။ ပထမဆုံး စိတ်ကြိုက်ကားရှာဖို့က အရင်လောက်မလွယ်ဘူးဖြစ်နေတယ်။ ခေါင်းထဲမှာ အမြဲစဉ်းစားရတာက ဖောက်စွပ်ကား ဖြစ်နေမလားဆိုတာပဲ။ အချင်းချင်းလည်း မယုံကြည်တော့ဘူး။ ပြဿနာဖြစ်လာရင် ညှိနှိုင်းဖို့မလွယ်ဘူး။ တရားစွဲရင်လည်း နှစ်နဲ့ချီပြီး အချိန်ပေးရမှာနဲ့ ဆုံးရှုံးသွားတဲ့ ပိုက်ဆံပြန်ရဖို့က မလွယ်တော့ အများစုက ဈေးနှုန်းညှိတာ တစ်ရက်၊ ကညနမှာ စစ်ဆေးတာတစ်ရက်၊ ဥပဒေနဲ့တရားဝင်ဖြစ်အောင် ငွေချေတာတစ်ရက်နဲ့ကားတစ်စီး အရောင်းအဝယ်ဖြစ်ဖို့ အရင်ကထက်အချိန်ပို ပေးရတယ်”ဟု ကားအရောင်းအဝယ်ပြုလုပ်သူ ကိုသန့်စင်ဦးက ပြောသည်။

လက်ရှိတွင် နယ်ဝယ်လက်များသည်လည်း မရှိသလောက်နည်းပါးနေပြီး အများစုမှာ နယ်မြို့များတွင်သာ ရှိသည့်ဈေးကွက်ကလေးများဖြင့် အရောင်းအဝယ်ပြုလုပ် နေကြပြီး ရန်ကုန်လိုင်စင်ရရှိရေး၊ မရှိရေးအပေါ်တွင်လည်း စိတ်ဝင်စားမှုလုံးဝမရှိသည့်အတွက် နယ်ကားများလည်း အတော်နည်းပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ကားသစ်များ ပြည်တွင်းတွင်ရောင်းချလာကြပြီး မိုးရာသီဈေးရောင်းပွဲအမျိုးမျိုးဖြင့် ဝယ်သူမျှော်ကြသော်လည်း ရန်ကုန်လိုင်စင်ဖြင့်ဝယ်ယူခွင့်ယခုထက်တိုင် မရရှိသေးသဖြင့် အရောင်းအဝယ်မရှိသလောက် နည်းပါးနေကြရကြောင်းသိရပြီး ရန်ကုန်လိုင်စင် YVQC စနစ်အတွက် လက်ရှိတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စများဆောင်ရွက်နေပြီး ယင်းစနစ်အတွက် ရှေ့နေချုပ်ရုံးသို့ အချက်အလက်များ ပေးပို့ထားပြီးလည်းဖြစ်သည်။ ။

## တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2011 | ရန်ကုန် | 4600cc | ရှိုးရွှန်း | ၂၀၀၀ |
| D Max | 2013 | မန္တလေး | 2500cc | အပြင်ဈေး | ၃၃၂ |
| Wish | 2012 | ယာယီ | 1800cc | အပြင်ဈေး | ၄၆၀ |
| RAV4 | 2006 | ရန်ကုန် | 2400cc | အပြင်ဈေး | ၄၂၀ |
| Civic | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Yaris | 2014 | ရန်ကုန် | 1500cc | အပြင်ဈေး | ၂၆၀ |
| MarkII | 2003 | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၉၀ |
| Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၇၅ |
| AD Van | 2011 | မန္တလေး | 1500cc | အပြင်ဈေး | ၂၄၀ |
| Alphard | 2005 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၅၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

### အချိန်တိုတိုခရီးသွား၊ ရန်ကုန်မြို့ပတ်များမှ .....

ကုမ္ပဏီနှစ်ခုက တင်ဒါ အောင်ခဲ့တာပေါ့။ အနောက်ခြမ်းကိုတော့ အေဝမ်းကုမ္ပဏီက ဆောင်ရွက်ပါတယ်။ အနောက်ခြမ်းဆိုတဲ့ နေရာမှာ တညင်းကုန်း၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ ဘုရားလမ်း ဘူတာအထိက အနောက်ခြမ်းပါ။ အရှေ့ခြမ်းကိုတော့ ရွှေတောင်ကုမ္ပဏီက တင်ဒါအောင်ခဲ့ပါတယ်။ အရှေ့ခြမ်းဆိုတာကတော့ တညင်းကုန်း၊ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်းနဲ့ ပုဇွန်တောင်ပေါ့။ စပြီးဆောင်ရွက်တာကျတော့ အေဝမ်းကုမ္ပဏီကနေ တညင်းကုန်းနဲ့ အင်းစိန်လမ်းပိုင်းမိုင်အားဖြင့်တော့ ၃ ဒသမ ၇၅ မိုင် ရှိတယ်။ အဲဒါကို စပြီးဆောင်ရွက်တော့ လမ်းတစ်လမ်းကိုပိတ်ပြီးတော့မှ ပြုပြင်မှုကို ဆောင်ရွက်ခဲ့တာပေါ့။ ဘယ်တုန်းက စတာလဲဆိုရင် ၂၁-၂-၂၀၁၈ ရက်နေ့မှ စခဲ့တာပါ။ အခုအချိန်ထိတော့ လက်စမသတ်နိုင်သေးဘူးပေါ့။ သိပ်မကြာတော့ဘူးလို့တော့ ပြောတာပဲ။ လမ်းကနှစ်လမ်းရှိတာပေါ့။ အစုန်လမ်း အဆန်လမ်းပေါ့။ အတွင်းလမ်းနဲ့ အပြင်လမ်းရှိတဲ့ အနက် အတွင်းလမ်းကို ပိတ်ပြီးတော့ပြင်တာပေါ့။ အပြင်လမ်းကနေ ရထားသွားလာရေးလုပ်ငန်းကို လမ်းတစ်လမ်းတည်းကပဲ လုပ်တာပေါ့။ ပုံမှန်အားဖြင့် အတွင်းလမ်းကော၊ အပြင်လမ်းကော လမ်းနှစ်လမ်းလုံး အတွက် သတ်မှတ်ထားတာတော့ လေးလ နဲ့ အပြီးဆောင်ရွက်ဖို့ သတ်မှတ်ထားတာပေါ့။ သူတို့မှာလည်း ဘာအခက်အခဲတွေ ကြုံသလဲတော့ မသိဘူး မပြီးသေးဘူး။ ဒါက အေဝမ်းလုပ်နေတဲ့အပိုင်းပေါ့။ ဒါပြီးသွားရင်း အင်းစိန်နဲ့ ကြည့်မြင်တိုင်လုပ်ရမယ်။ နောက်တစ်ခုက ကြည့်မြင်တိုင်နဲ့ ဘုရားလမ်းပေါ့။ သူက အပိုင်းသုံးပိုင်းခွဲထားတာ။ အပိုင်း ၁၊ ၂၊ ၃ ဆိုပြီး လုပ်နေတာပါ။ ရွှေတောင်ကုမ္ပဏီဘက်အခြမ်းကတော့ လောလောဆယ် အကြမ်းဖျင်း နှစ်ပိုင်းခွဲထားတာပေါ့။ တညင်းကုန်းနဲ့ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်းဆိုပြီးတော့ တစ်ပိုင်း၊ ပုရွက်ဆိတ်ကုန်းကနေ ပုဇွန်တောင်ထိအောင် တစ်ပိုင်းပေါ့။ ပလက်ဖောင်းအဆင့်မြှင့်တင်ခြင်းအနေနဲ့က အေဝမ်းဘက်မှာ ရှစ်ဘူတာ ဆောင်ရွက်နေတယ်။ တခြားဟာတွေဖြစ်တဲ့ အုတ်တံတိုင်းခတ်တာတို့၊ သံဆူးကြိုးခတ်တာတို့ အတော်များများတော့ လုပ်ပြီးနေပြီ။ ရွှေတောင်ကတော့ လုပ်ငန်းမစရသေးဘူး။ လာမယ့် ပွင့်လင်းရာသီရောက်မှ လုပ်ငန်း တွေစမှာပါ”ဟု ပြောသည်။

မြို့တော်ရန်ကုန်၏ ရထားပို့ဆောင်ရေးအနေနှင့် မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းဟူ၍ရှိရာ စုစုပေါင်းရထားလမ်း ၁၄၅ ဒသမ ၁၄ မိုင်ရှိသည်ဟု သိရသည်။ နံနက်ခင်း ၇ နာရီနှင့် ၉ နာရီအကြား၊ ညနေခင်း ၄ နာရီခွဲနှင့် ၇ နာရီအကြား ရုံးတက်၊ ရုံးဆင်းချိန်များတွင် ခရီးသည်ရရှိမှုက အများဆုံးဖြစ်သည်။ တညင်းကုန်းရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံရောင်းချ သူတို့က သယ်ယူပို့ဆောင်ရေးစရိတ်စကသက်သာသော မြန်မာ့မီးရထားကို အားကိုးသည်။ ဘူတာပေါင်း ၃၈ ဘူတာရှိသော ရန်ကုန်မြို့ပတ်ရထားလမ်းက မြို့တစ်ပတ်လျှင် စီးနင်းချိန် ၂နာရီနှင့် မိနစ် ၅၀ ကြာမြင့်သည်ဟု သိရသည်။ ရထားလမ်းပိုင်းများအဆင့်မြှင့်တင်မှုပြီးပါက ခရီးသွားချိန်မှာ ခန့်မှန်းချိန် ၁နာရီ မိနစ် ၅၀ ခန့်သာ ကြာမြင့်တော့မည်ဖြစ်သည်။

သို့မှသာ ရန်ကုန်မြို့တော်အတွင်း နေထိုင်လျက်ရှိသည့် လူထု လူတန်းစားများအနေဖြင့် ရန်ကုန်မြို့တော်ဥပဒေများကို သိရှိပြီး လိုက်နာနိုင်ပေမည်။ ထိုသို့ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မှသာ ရန်ကုန်မြို့တော်ကြီးကို အလျင်အမြန် နိုင်ငံတကာအဆင့်မီမြို့တော်ကြီးအဖြစ် တည်ထောင်နိုင်မည် ဖြစ်ပါကြောင်း။ ။

အချုပ်ပို (ခ) မှ

ညပိုင်းဈေးသည်များ၊ သိမ်ကြီးဈေးနံဘေးတွင်ရှိသော လမ်းအတွင်းနှင့် လမ်းထိပ်ကိုပိတ်၍ ရောင်းချနေသော ဈေးသည်များ၊ ရန်ကုန်စာတိုက်ကြီးနံဘေး ဗိုလ်အောင်ကျော်လမ်း၏ လူသွားလမ်းပလက်ဖောင်းပေါ်မှ ဈေးဆိုင်တန်းများ၊ ဗိုလ်တထောင်ဘုရားမုခ်ဦးအောက်မှ ဈေးသည်များ၊ တာမွေခုံးကျော်တံတားကြီးအောက်တွင် ဈေးတန်းကြီးသဖွယ် ရောင်းချလာသော ဈေးသည်များကို တွေ့မြင်ရမည်ဖြစ်ပြီး ပြည်သူအများသွားလာမှုကို အနှောင့်အယှက်တစ်ခုသဖွယ် နေ့စဉ်ကြုံတွေ့ရလျက်ရှိသည်။

ရန်ကုန်မြို့ပြ၏ စက်မှုမြို့ဖြစ်သော လှိုင်သာယာမြို့နယ်တွင် မီးခွက်ဈေး၊ပင်လုံဈေးနှင့် ရွှေရင်အေးဈေးတို့သည် ထိုစက်မှုမြို့နယ်၏ အထင်ကရဈေးများဖြစ်ပြီး ရန်ကုန်-ညောင်တုန်းလမ်း၊ ရန်ကုန်-ပုသိမ်လမ်းနှင့် အနောက်ပိုင်းတက္ကသိုလ်သွားလမ်းမကြီးဖြစ်သည့် အနော်ရထာလမ်းမကြီးသည် စက်မှုမြို့ကြီး၏အဓိကလမ်းမကြီးများပင်ဖြစ်သည်။ ထိုလမ်းမကြီးသုံးခုတွင် ရန်ကုန်-ပုသိမ်လမ်းနှင့်ရန်ကုန်-ညောင်တုန်းလမ်းမကြီးဝဲ၊ ယာမှ ဈေးဆိုင်များကို ဇူလိုင်လက တစ်ဖက်လေးလမ်းသွားအဖြစ် ဖော်ဆောင်ရန် ရှင်းလင်းဆောင်ရွက်ခဲ့ရာ လမ်းမကြီးမှာ ယခင်ထက်များစွာ လမ်းမကြီးများအင်္ဂါနှင့်အညီ လှပတင့်တယ်လာသည်ကို တွေ့မြင်ရသည်။ ထိုနည်းတူ အမှတ်(၂၀)ရပ်ကွက် ရွှေမင်းဝံယာယီဈေးအပြင်ဘက်ရှိ အနော်ရထာကားလမ်းမကြီးပေါ်မှ လမ်းပေါ်ဈေးသည်များကို ဈေးရောင်းသူ၊ ဈေးဝယ်သူများ အန္တရာယ်ကင်းရှင်းစွာရောင်းချနိုင်ရန် အမှတ်(၂၀)ဈေးကြီးကို တည်ဆောက်၍ ဖွင့်လှစ်ရောင်းချပေးခဲ့သော်လည်း ယခုအခါထိုကားလမ်းမကြီးပေါ်တွင် ပြန်လည်ရောင်းချနေသည်မှာ ပွဲဈေးတန်းကြီးပမာ ပြန်လည်ရောင်းချနေသောကြောင့် ကွန်တိန်နာယာဉ်များ၊ ကျောင်းကြို၊ ကျောင်းပို့ယာဉ်များ၊ စက်မှုဇုန်များမှ ကွန်တိန်နာယာဉ်များဖြင့် နံနက် ၊ ညနေ ပိတ်ဆို့နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုနည်းတူ ဈေးကြီးတစ်ဈေးဖြစ်သော လှိုင်သာယာမီးခွက်ဈေးလမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် အများပြည်သူသွားလာရေးလွယ်ကူချောမွေ့စေရန်နှင့် ရန်ကုန်-ညောင်တုန်းကားလမ်းနှင့်ရန်ကုန်-ပုသိမ်ကားလမ်းကိုဆက်သွယ်ထားသည့် မီးခွက်ဈေးလမ်းမကြီးမှ ယာဉ်များဖြတ်သန်း သွားလာခြင်းဖြင့် ရပ်ကွက်နေပြည်သူများ YBS ယာဉ်လိုင်းဖြင့် ပြေးဆွဲပေးခဲ့သော်လည်း မီးခွက်ဈေးလမ်းဆုံမီးပွိုင့်မှ အောက်မှစ၍ မီးခွက်ဈေးအောက်ထိပ်ထိ လမ်းပေါ်ဈေးသည်များ တိုးချဲ့ရောင်းချလာခြင်းကြောင့် ယာဉ်လိုင်းသွားလာ၍မရတော့ဘဲ ရပ်နားလိုက်ရပြီး စည်းကမ်းမဲ့ဈေးသည်များရောင်းချမှုကို တားဆီးထိန်းချုပ်မှုလုပ်ဆောင်နိုင်မှုမရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

မီးခွက်ဈေး၏ညာဘက်ရှိ ဘိုးရာဇာကွန်ကရစ်လမ်းမကြီးမှာလည်း လုံးဝပြည်သူသွား၍ မရတော့သည့်အထိ ဈေးသည်သုံးတန်းဖြင့်ရောင်းချလျက်ရှိသည့်နည်းတူ ဈေးကြီး၏ ဘယ်ဘက်ရှိ စိန်ပန်းမြိုင်သုံးလမ်းမှာလည်း သား၊ ငါး၊ ဟင်းသီးဟင်းရွက် ကျူးကျော်ဈေးသည်တို့ကြောင့် ဈေးအနီးရှိ ကျောင်းသို့သွားရောက်ရာတွင် ကျောင်းသား ကျောင်းသူတို့မှာ သွားလာရေး အခက်အခဲနေ့စဉ်ကြုံတွေ့ရလျက်ရှိသည်။

ပင်လုံဈေး၊ ရွှေရင်အေးဈေးတို့တွင်လည်းကားလမ်းပေါ်ဈေးသည်များဖြင့် သွားလာရေးခက်ခဲလျက်ရှိပြီး ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရွှေပြည်သာတံတားအဆင်း အနော်ရထာလမ်းမကြီးကိုဆက်သွယ်ထားသည့် ကျန်စစ်သားလမ်းမကြီးမှာလည်း ၁၅ ရပ်ကွက်မှ ၁၅ ဈေးအဖြစ် လမ်းပေါ်တွင် ဈေးသည်၊ သုံးဘီးဆိုင်ကယ်တို့ဖြင့် နံနက်၊ ညနေပိတ်ဆို့လျက်ရှိသည့်အပြင် ရွှေလင်ပန်းစက်မှုဇုန်ရှိ ကျန်စစ်သားလမ်းမကြီးပေါ်တွင် ရွှေလင်ပန်းဈေးအဖြစ်လမ်းမကြီးပေါ်တွင် သွားလာရေးခက်ခဲစွာဖြင့် ဈေးအဖြစ် ဖော်ဆောင်ရောင်းချနေမှုကြောင့် အနံ့အသက်များ၊စွန့်ပစ်ရေများဖြင့် လမ်းမကြီးမှာလည်း ပျက်စီးလျက်ရှိကာ စက်ရုံသွားကားများနှင့် ဖြတ်သန်းသွားလာကြသောပြည်သူအများ သွားလာရေးခက်ခဲမှုကို နေ့စဉ်ကြုံတွေ့နေရလျက်ရှိသည်။

ဌာနဆိုင်ရာရုံးများစိုက်ရာ ရုံးလမ်းတစ်လျှောက်တွင်လည်း ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်တန်းများဖြင့် ရန်ကုန်-ညောင်တုန်းကားလမ်းမကြီးကို ကျောပေးလျက် လမ်းဘေးဈေးဆိုင်တန်းများကို တွေ့မြင်ရမည်ဖြစ်သည်။ ရွှေပြည်သာမြို့နယ်တွင်လည်း ထန်းခြောက်ပင်လမ်းဆုံမှစ၍ ကားလမ်းဘေးဈေးသည်များကို တွေ့မြင်ရမည်ဖြစ်ပြီး ရပ်ကွက်ဈေးများ၏ ဈေးဝန်းကျင်လမ်းများပေါ်တွင် လမ်းပေါ်ဈေးသည်များကို တွေ့မြင်ရမည်ဖြစ်သည်။ ကမာရွတ်မြို့မဈေးအနီးရှိ ထန်းတပင်ဘုန်းတော်ကြီးကျောင်းရှေ့ လမ်းမကြီးတွင်လည်း ဟင်းသီးဟင်းရွက်၊ အသား၊ ငါးဈေးသည်များဖြင့် ပိတ်နေသောကြောင့် ရပ်ကွက်အတွင်း ဝင်၊ ထွက်သွားလာရာတွင် လူနှင့်ယာဉ်များ သွားလာရေးအခက်အခဲကြုံတွေ့နေရလျက်ရှိသည်။

ရန်ကုန်မြို့ပြ၏မြို့တွင်းလမ်းများသန့်ရှင်းလှပ၍ ပြည်သူအများ လွတ်လပ်ပေါ့ပါးစွာသွားလာနိုင်ရန် လိုအပ်လာသည့်အပြင် မြို့နယ်အသီးသီးတို့၏ ဈေးများ၊ ဌာနဆိုင်ရာရုံးများ၊ ဘုရားကျောင်းကန်ဝန်းကျင်နှင့် စာသင်ကျောင်းတို့ရှေ့တွင် လူနေဆိုင်ခန်းများအဖြစ် ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကျူးကျော်ဈေးဆိုင်များကို ရှင်းလင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ကျန်းမာရေးနှင့်မြို့ပြ အလှတင့်တယ်မှုကို များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

သို့ဖြစ်၍ မြို့နယ်အသီးသီးရှိ ဈေးများပြုပြင်မွမ်းမံခြင်း၊ တိုးပွားလာသော လူဦးရေအရ ဈေးသစ်များ တည်ဆောက်ခြင်း၊ ဈေးဝန်းကျင်နှင့် အများပြည်သူတို့ အဓိကသွားလာရာ ကားလမ်းမကြီးများပေါ်တွင် ကျူးကျော်ဈေးသည်များ ရောင်းချခွင့်မပြုခြင်းတို့ လိုအပ်လာပြီဖြစ်သည်။

ထို့ကြောင့် မြို့နယ်အသီးသီးတို့ရှိ ဈေးများနှင့်ဝန်းကျင်အား ဈေးအင်္ဂါနှင့်အညီ မထားရှိနိုင်သရွေ့ ရန်ကုန်မြို့ပြ၏ ပုံရိပ်ကိုထိခိုက်စေလျက်ရှိနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။